


ဘဲခွန်တိုင်
www.burmeseclassic.com
BURMESE CLASSIC .com
လွန်းထားထား
။ ဆေးတက္ကသိုလ် ။
မုန်းမိမယ်
မြင်းမြင်းရှရှ ခံစားမှုအချစ်လုံးချင်းဝတ္ထုသစ်
www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ မှတ်တမ်း

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ . . . ၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ
မှတ်တမ်းတင်လျက် . . . ၊
လွန်းထားထား(ဆေးတက္ကသိုလ်)

BURMESE CLASSIC .com

လွန်းထားထား
(ဆေးတက္ကသိုလ်)

# မုန်းမိမယ်




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သမီးရယ်...
သူက သမီးလို ချစ်စရာကောင်းတဲ့
မိန်းကလေးတစ်ယောက်ကို
မချစ်ဘဲတော့ နေမှာ မဟုတ်ပါဘူး။
တစ်နေ့နေ့တော့ ချစ်လာမှာပါ။
သမီးဘက်က အခွင့်အရေးတွေ
သိပ်မပေးနဲ့နော်။
သူ့ကို မေမေ အကဲခတ်ပါရစေဦး...။





Love is much like a wild rose
beautiful and calm,
but willing to draw blood
in its defense.
Mark Overby.

အချစ်သည် နှင်းဆီရိုင်းတစ်ပွင့်နှင့် များစွာတူပြီး
လှပတည်ကြည်သည်။
သို့သော် ခုခံကာကွယ်သောအားဖြင့်
သွေးဆာတတ်လေသည်။
မာ့ခ် အိုဗာဘိုင်





www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်တွင်မယ့်အချစ်ပါကွယ် ...
ရှင်တို့ စောင့်ကြည့်လိုက်စမ်းပါ။
အချစ်ဆိုတာ
မုန်းတစ်ချပ်လိုပါပဲ။
ကိုယ့်ဘက်က
တကယ်စစ်မုန်းရင်
သူ့ဘက်ကလည်း
ပြန်လာတတ်ပါတယ် ...





BURMESE CLASSIC .com



"သမီး ကောင်လေးတစ်ယောက်ကို ချစ်မိသွားတယ် မေမေ"

သမီးရဲ့ မျက်နှာကလေးက ပန်းသီးကလေး တစ်လုံးလို ပန်းသွေးလျှလျှပြေးလို့။ ဒီအချိန်ကို သူမ မျှော်တွေးထားခဲ့ပြီးသား ဖြစ်ပေမယ့် တကယ်တမ်း ရင်ဆိုင်လိုက်ရချိန်မှာတော့ သူမ ထင်ထားတာထက်ပိုပြီး ထူပူတုန်လှုပ်သွားခဲ့ပါသည်။ သမီးရဲ့ ကောင်လေးက ဘယ်လိုလူစားမျိုးလဲ။ သိမ်မွေ့ကြင်နာတတ်တဲ့ ယောကျ်ားမျိုးလား၊ သွေးဆူလွယ်တတ် ကြမ်းတတ်ရမ်းတတ်တဲ့ ခပ်ဆိုးဆိုး ကလေးမျိုးလား၊ သမီးအပေါ် သစ္စာရှိရှိ ချစ်မည့်သူ



www.burmeseclassic.com

www.burmeseclassic.com



လား. . . ဒါမှမဟုတ် ကွယ်ရင်မေ့တတ်ပြီး တွေ့ရင် လွမ်းအောင် ချွဲပြတတ်တဲ့ လူလည်ကလေးလား . . . သမီးကို ဝမ်းသာပျော်ရွှင်စေမယ့် သူလား၊ ဒါမှ မဟုတ် . . . မျက်ရည်ကျအောင်၊ နာကျင်စေမည့်သူလား . . . စသဖြင့် မေးခွန်းတွေ ခေါင်းထဲ အစီအရီ ဝင်ရောက်လာသည်။ သမီးရဲ့ မျက်နှာကလေးက ပြုံးနေသည်။

“သူက ဘယ်သူလဲ . . . သမီးတို့ ဘယ်မှာ တွေ့ကြတာလဲ၊ ပြောပြပါဦး . . . သမီးရယ်၊ မေမေ သိချင်လိုက်တာ”

“ပြောပြမှာပေါ့ မေမေ . . . မေမေ့ကို ဘယ်တုန်းကများ သမီးက လျှို့ဝှက်ထားဖူးလို့လဲ၊ သူက ဓာတ်ပုံဆရာတစ်ယောက်ပါ မေမေ၊ မဂ္ဂဇင်းတိုက်တစ်ခုမှာ မျက်နှာဖုံး ရိုက်တာတို့၊ သတင်းဓာတ်ပုံတို့ ဘာတို့ ရိုက်တယ်၊ သမီးတို့က သူ့ကို သက်သက် တစ်ရက်ငှားပြီး အပျော်တမ်း၊ အလှပုံတွေ လိုက်ရိုက်ကြရင်း သူနဲ့ ခင်သွားတာ၊ သူက talent ရှိတဲ့ photographer တစ်ယောက်ပါ မေမေ၊ အရမ်းလည်း တော်တယ်၊ ရည်မှန်းချက်လည်း ကြီးတယ်”

“သူက သမီးကို ဘာကြောင့် ချစ်တာလဲ . . .”

သူမ မေးခွန်းကြောင့် သမီး တွေခနဲ ဖြစ်သွားတာ၊





သူမကို ရှက်ကိုးရှက်ကန်း အကြည့်ဖြင့် ကြည့်သည်။

“သူက သမီးကို မချစ်သေးပါဘူး မေမေ . . . သမီးကသာ သူ့ကို ချစ်သွားတာ”

သူမ ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ သမီးကလေးကို အရမ်း သနားသွားသည်။ သူမ ပိုးမွေးသလို အရိပ်တကြည့်ကြည့် ချစ်ခဲ့ရသော သမီးကလေး။ ထိုသမီးလေးက သူ့ကို မချစ်ရသေးသော ကောင်ကလေးတစ်ယောက်ကို အရင် ကြိုတင်ပြီး ချစ်နှင့်ခဲ့ပြီတဲ့။ ဘုရားရေ . . . အကယ်၍ ကောင်လေးက သမီးကိုများ မချစ်ခဲ့ရင် သမီး ဘယ်လို ခံစားရရှာမလဲ။ ဟင့်အင်း . . . သမီးလေးရဲ့ နှလုံးသားမှာ ဘယ်လို ဝေဒနာမျိုးမှ သူမ မခံစားစေလိုပါ။ သမီးကို သူမ အမြဲတမ်း ကာကွယ်ခဲ့သည်။ ဘာဒဏ်ရာမှ မရအောင်၊ နာကျင်ထိခိုက်ခြင်း မရှိအောင် အမြဲ ဂရုစိုက်ခဲ့သည်။ သမီးများ နေထိုင်မကောင်းဖြစ်ပြီဆိုလျှင် တစ်ညလုံး မအိပ်စတမ်း၊ ငုတ်တုတ်ထိုင်ပြီး စောင့်ကြည့်တတ်သည်မှာ သူမအကျင့်။ မတော်တဆ သူမ အိပ်ပျော်သွားချိန်မှာ သမီး တစ်ခုခု ဖြစ်သွားမှာ စိုးသောကြောင့်ဖြစ်သည်။

သမီးအတွက် သူမ အမြဲတစေ ပူပန်ကြောင့်ကြနေတတ်သည်။ အခု နှလုံးသားကိစ္စကတော့ သမီးဘဝတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံးအတွက် အရေးအကြီးဆုံးပေါ့။

“သမီးရယ် သူက သမီးလို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို မချစ်ဘဲတော့နေမှာ မဟုတ်ပါဘူး၊ တစ်နေ့နေ့တော့ ချစ်လာမှာပါ၊ သမီးဘက်က အခွင့်အရေးတွေ သိပ်မပေးနဲ့နော်၊ သူ့ကို မေမေ အကဲခတ်ပါရစေဦး”

“စိတ်ချပါ မေမေရယ် . . . သမီးတို့သုံးယောက်ထဲမှာ သူ သမီးကိုပဲ ချစ်မှာပါ၊ မေမေ့ကို ကြိုပြောပြထားတာပါ”

သမီးက သူမကို ပြုံးကြည့်လျက် ပါးပြင်ကို ဖွဖွ မွှေးနမ်းနှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားတော့သည်။ သမီးကလေးက သူမဘဝအတွက် တစ်ဦးတည်းသော သမီးလေးဖြစ်သည်။ သမီးကို ကိုယ်ဝန်ဆောင်နေချိန်မှာပဲ သမီးရဲ့ဖေဖေ ဆုံးသွားခဲ့သည်။ သမီးဖေဖေ ကျန်ရစ်ခဲ့သော အမွေအနှစ်တွေက သူမတို့ သားအမိအတွက် အလျှံပယ်တောင် ဖြစ်ခဲ့ပါသည်။ သမီးကိုပဲ သူမ အချိန်ပေးပြီး ပြုစုပျိုးထောင်ခဲ့သည်။ လုပ်ငန်းကြီးတွေထဲမှာ ရှယ်ယာထည့်ဝင်ကာ ရင်းနှီးမြှုပ်နှံခြင်းကလွဲပြီး သူမ ဘာအလုပ်မှ မလုပ်ခဲ့။ သမီးနားမှာပဲ နေ့နေ့ညည အချိန်ပြည့်ရှိခဲ့သည်။ ဒါကြောင့်လည်း သမီးနှင့်သူမက နှစ်ကိုယ့်တစ်စိတ်သဖွယ် နီးစပ်ချစ်ခင်မိကြပါသည်။ သမီးကို သူမ အမြဲ အလိုလိုက်ခဲ့သည်။ သမီး ဘဝမှာ ‘မရဘူး’ ဆိုတာ ဘယ်တော့မှ မရှိစေရ၊ အမြဲ လိုတရစေခဲ့သည်။ သမီးရဲ့စိတ်မှာ တမ်းတ စိတ်ကူးလိုက်ရုံဖြင့်ပင် သူမက ဖြည့်ဆည်းပေးပြီးသားဖြစ်သည်။ အဲဒီလောက်ထိ. . . ။

အခုတော့ သမီးလေးမှာ လိုလားတောင့်တမှု၊ မျှော်လင့်တမ်းတမှုကလေး ရှိနေခဲ့ပြီ။ အဲဒီလိုအပ်ချက်ကို သူမ ဘယ်လိုဖြည့်ဆည်းပေးရပါ့ . . . ။ ဒီလောကမှာ သမီးအတွက် ဘာမဆို သူမ ဖြည့်ဆည်းပေးနိုင်သည်ဟု အမြဲတမ်း ထင်ခဲ့သည်။ သူမ မတတ်နိုင်သောအရာ ရှိလိမ့်မည် . . . ဟု ထင်တောင်မထားခဲ့။ သူမစိတ်ထဲ နည်းနည်းတော့ လေးသွားသည်။ ဒီကမ္ဘာလောကမှာ သူမ အစိုးရိမ်ဆုံးသော အရာမှာ သမီးလေး စိတ်ဆင်းရဲရမှာကိုပဲ ဖြစ်သည်။ မနက်ဖြန်တော့ သမီးရဲ့ နောက်ကနေ မသိမသာ လိုက်ကြည့် အကဲခတ်ဦးမှပါ။ ခုချိန်ထိ သမီး မသိအောင် သမီးနောက်ကနေ အရိပ်လို သူမ လိုက်ကြည့်မိတုန်း။ သမီးကို စိတ်မချနိုင်သောကြောင့် ဖြစ်သည်။ သမီးကဖြင့် အသက် နှစ်ဆယ့်သုံးအရွယ် အပျိုကြီးဖားဖား ရှိခဲ့ပြီ။ သူမ စိတ်ထဲ စိတ်မချစရာ ကလေးမ,ကလေးပဲ ထင်မိတုန်း။ "Angel's Touch" ဆိုသော Florist ဆိုင်ကလေးကို သမီးနဲ့အတူ







www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် စပ်တူရှယ်ယာလုပ်ပြီး ဖွင့်ထားသည်မှာ အောင်မြင်နေခဲ့ပြီ။ ပြီးတော့ သမီးက သူ့ဝါသနာအရ တစ်ဖက်ကလည်း စာရေးနေသေးသည်။ ငယ်ငယ်ကတည်းက သမီးရဲ့ ထူးခြားချက်မှာ ပုံပြောအလွန်ကောင်းသူကလေး ဖြစ်ခဲ့သည်။ သူ့ဘာသူ တီထွင်ဖန်တီးထားသော ဇာတ်လမ်းတွေကို အကွက်စေ့စေ့၊ ယုတ္တိရှိရှိနှင့် ဟာကွက် လုံးဝမရှိအောင် ပီပီပြင်ပြင် ပြောတတ်သော မိန်းကလေးသည် ခုအချိန်မှာ စာရေးဆရာမကလေး ဖြစ်လာတာ ဆန်းတော့ မဆန်းပါ။ သမီးကို သူငယ်ချင်းတွေက Story teller ဟု . . . ခေါ်ကြသည်အထိ သမီးက အပြင်မှာ တကယ် မရှိသော အဖြစ်အပျက်တွေကို တကယ်ရှိနေသည့်အတိုင်း ဖြစ်ပျက်ခဲ့သည့်အတိုင်း ပြန်ပြောတတ်ပါသည်။

အခုတော့ သမီးမှာ ချစ်ရမည့် လူငယ်လေး ရှိလာခဲ့ပြီ. . .။ ထိုကောင်လေးနှင့် သူမ တွေ့မှဖြစ်မည်။ သမီးအနားသို့ သူမ တွန်းပို့လိုက်မှန်း မသိစေရဘဲ ကောင်လေးဆီက အချစ်ကို မကြာခင်မှာ သမီး ရနိုင်ပါလိမ့်မည်။





"Angel's Touch Florist"ဆိုင်ကလေးထဲမှာ အမြဲတမ်း လူငယ်ကလေးတွေ စည်ကားနေတတ်သည်။ အထူးသဖြင့် valentine's day နီးပြီဆိုလျှင် 'မြကိုး'တို့ ဆိုင်ကလေးမှာ အလုပ်ရှုပ်လွန်းပြီ။ ဘန်ကောက်ကနေ ပန်းမျိုးစုံမှာယူတင်သွင်းနိုင်သောကြောင့်ရယ်၊ ချောကလက်မျိုးစုံလည်း ရနိုင်သောကြောင့် 'Angel's Touch' သည် လူငယ်တွေကြားမှာ အတော်ရေပန်းစားသည်။ အဲဒါအပြင် card အမျိုးစုံလည်း ရနိုင်သည်။ စိတ်ကူးလေးပြောပြီး ကိုယ်လိုချင်သည့် ကဒ်ပုံစံမျိုးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မြကိုးတို့က hand made လုပ်ပေးသေးသည်။ ပြီးတော့ delivery service လည်း ရှိသည်မို့ ပန်းစည်းအပြင် ချော့ကလက်၊ ကဒ်တွေသာမကဘဲ ခရေးခရာ အမှတ်တရ လက်ဆောင်ပစ္စည်း လှလှကလေးတွေလည်း ပေးပို့နိုင်သေးသည်။ ဒီဆိုင်ကလေးကို မြကိုး၏ စိတ်ကူးကနေ စတင်ပြီး . . . မြကိုးသွယ်၊ ပန်းသခင်နှင့် မေမြန်မာတို့ သူငယ်ချင်းသုံးယောက် ဖက်စပ် ဖွင့်လိုက်ကြခြင်းဖြစ်သည်။ သုံးယောက်စလုံး ကျောင်းပြီးချိန်မှာ စိတ်တူကိုယ်တူ ဝါသနာတူသည့် ဒီလုပ်ငန်းကလေးကို အတူတူ တွဲလုပ်မိကာ အောင်မြင်မှုလည်း ရရှိခဲ့သည်။ မြကိုးက အလုပ်တစ်ခုပိုသည်မှာ စာရေးသောအလုပ်ဖြစ်သည်။ ဇာတ်လမ်းတွေ ဆင်ရတာ၊ သူတကာ ယုံအောင် ပြောတတ်တာ၊ မြကိုးသွယ်၏ သဂ်ေတာ။ မြကိုး စာရေးသည့်နေရာသည် ဟိုတယ်လ်ကြီးတစ်ခု၏ အမြင့်ဆုံး ခေါင်မိုးထပ်ပေါ်မှာ ဖြစ်သည်။ ရန်ကုန်မြို့၏ ရှုခင်းကို အပေါ်စီးကနေ ခံစားရင်း စိတ်ကူးတွေ ကွန့်မြူးချဲ့ထွင်ကာ စာရေးရသော အလုပ်ကို မြကိုး ရူးသွပ်မိသည်။ မြကိုး၏ ခေါင်းပေါ်မှာ မိုးကောင်းကင် ပြာပြာကြီးသာ ရှိတော့သည်။ တစ်ခါတစ်ရံ တိမ်တွေထဲ စီးမျောနေရသလို အတွေးတွေ လွင့်ချင်တိုင်း လွင့်နေတတ်သည်။ မြကိုး၏ စာရေးချိန်သည် မနက်ပိုင်း





တစ်ခင်း။ စာရေးပြီးလျှင် 'Angel's Touch' မှာ သူငယ်ချင်းတွေနှင့် ဆုံ၊ လုပ်ပေးစရာရှိတာတွေ လုပ်ပေး၊ သုံးယောက်အတူ အပြင်ထွက်စားသောက်၊ သုံးယောက်စလုံး ဓာတ်ပုံရိုက်တာကို ဝါသနာပါသူတွေမို့ Photographer ရှာဖွေငှားပြီး out door ဓာတ်ပုံတွေ ထွက်ရိုက်ချင်ရိုက်၊ ရလာသော ဓာတ်ပုံတွေကို ဆိုင်မှာ အပျော်တမ်း ကပ်ထားတတ်ကြသည်။ ဓာတ်ပုံတွေကပ်ရင်း ဆိုင်ထဲမှာလည်း လူရှင်းချိန်မို့ မေမြန်မာက . . .

"မြကိုးနော် . . . ရှင် ကဲန်မရာကိုကြည့်တဲ့ မျက်လုံးတွေက ရိုးကို မရိုးဘူး၊ အရည်တဖျပ်ဖျပ်ကို လက်နေတာပဲ၊ အဲဒါကို ဓာတ်ပုံတွေထွက်လာတိုင်း ကျွန်မ အမြဲမိတယ် . . . သိလား၊ ရှင် ငြင်းမယ်မကြံနဲ့"

"ပြောင်လိမ်ဖို့လည်း မစဉ်းစားနဲ့ . . ."

"မငြင်းပေါင်တော် . . ./ ပြောင်လည်း မလိမ်ပါဘူး၊ ကျွန်မ သူ့ကို ပေါ်တင်ကြည့်တာပါ၊ လူတစ်ယောက်ကို ချစ်မိတယ် ကြိုက်မိတယ်၊ ဒါ ရှက်စရာလား၊ ကျွန်မရဲ့ cupid ကလေးက သူ့ကို ချိန်ရွယ်ထားတယ်ဆိုတာ ကျွန်မ အလိုလို သိပြီးသား. . ."



www.burmeseclassic.com

www.burmeseclassic.com



“ဒါမျိုးဆို သိပ်ပြောတတ်လိုက်တာ မြကိုးတို့က . . . စာရေးဆရာမလို့ မပြောရဘူး . . .”

“သူက.ရှင့်ကို စိတ်မဝင်စားရင်ရော ရှင် ဘယ်လို လုပ်မလဲ”

“ရာဇဝင်တွင်မယ့်အချစ်ပါကွယ် . . . ရှင်တို့ စောင့်ကြည့်လိုက်စမ်းပါ။ အချစ်ဆိုတာ မှန်တစ်ချပ်လိုပါပဲ၊ ကိုယ့်ဘက်က တကယ်စစ်မှန်ရင် သူ့ဘက်ကလည်း ပြန်လာတတ်ပါတယ်”

“မြကိုး . . . ရှင် သဝန်တိုတတ်ရင်တော့ သူနဲ့ဖြစ်မှာ မဟုတ်ဘူးနော်၊ သူ့အလုပ်က မိန်းကလေးတွေ အများကြီးနဲ့ ထွေးရောယှက်တင် နေရတဲ့ အလုပ်၊ ပြီးတော့ သူ့ပုံစံကလည်း လူလိမ္မာအရိုးခံကလေးတော့ မဟုတ်ဘူး၊ ဘာညာသာရကာ အထာရသင့်တွေ ကျွမ်းကျင်တဲ့ ရုပ်၊ ရုပ်ကလည်း အလန်းစား၊ စကားလည်း တတ်ပြီးသား၊ သမ္မာနော် . . . သမ္မာ၊ ဘာပဲ ပြောပြော ရှင်ကမှ စာရေးဆရာမသာ လုပ်နေတာ၊ အတွေ့အကြုံက မူကြိုအဆင့်ပဲ ရှိတာ၊ သူ တစ်ချက်လှည့်လိုက်ရင် ရှင် ချာလည်လည်သွားလိမ့်မယ်”

“မထင်ပါနဲ့ကွယ်၊ ကျွန်မတို့က ပညာချင်း ယှဉ်မှာမှ မဟုတ်တာ၊ နှလုံးသားချင်း စကားပြောကြမှာပါ၊ ကျွန်မရဲ့ နှလုံးသား





ကို သူ ကျေညက်သွားပြီဆိုရင် ကျွန်မ ကျေနပ်တယ်”

“အေးပါ . . . အေးပါ . . . စောင့်ကြည့်တာပ၊ ဟာဟာ့. . .”

မြကိုးက i phone ကလေး ထုတ်ပြလိုက်သည်။ သူ မသိအောင် ဖုန်းနှင့် ခိုးရိုက်ယူထားသော သူ့ရဲ့ action ပုံတွေ၊ သုံးယောက်သား ခေါင်းချင်းစိုင်ကာ တခိခိ ကျိတ်ရယ်မိကြသည်။

“မြကိုးရယ် . . . ရှင် ဒီလောက် ရောဂါသည်းနေမှန်း ကျွန်မတို့ ခုမှပဲ ရိပ်မိတော့တယ်၊ ဆေးတောင် မီပါ့မလားဟယ် . . .”

“သူကယ်ရင် မီပါတယ်ဟယ်”

ရယ်သံတွေ ဆူညံသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်လ်တစ်ယောက်ကို Indoor အလှဓာတ်ပုံတွေ ရိုက်နေဆဲမှာ သူ့ရဲ့ assistant ကလေးက . . .

"အစ်ကို . . . ဧည့်ခန်းမှာ အန်တီတစ်ယောက်ရောက်နေတယ်၊ အစ်ကိုနဲ့ တွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ မေးလိုက်လေကွာ . . . မင်းကလဲ၊ သည်မှာ ငါ ဓာတ်ပုံရိုက်နေတယ်၊ အားမှမအားတာ"

သူက ကင်မရာကို ကျွမ်းကျင်စွာ တဖျပ်ဖျပ် နှိပ်ရင်း ခပ်တိုးတိုးပြန်ပြောလိုက်သည်။ ဒီ studio က သူ့ ကိုယ်ပိုင်မဟုတ်။





အခန်းကလေးကလဲ ကျဉ်းကျဉ်းလေးမို့ ဓာတ်ပုံရိုက်သောအခန်းနှင့် ဧည့်သည်ခန်းသည် နံရံကလေးတစ်ချပ်သာ ခြားသည်မို့ နည်းနည်းကျယ်ကျယ်ပြောရင်ကို ဧည့်သည်ကြားလောက်သည်မို့ လေသံသဲ့သဲ့ဖြင့်သာ ပြောရခြင်း ဖြစ်သည်။

"သူက အစ်ကိုနဲ့တွေ့မှ ပြောမယ်ဆိုလို့ပါ၊ အလုပ်အပ်ဖို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့ . . ."

"အေး . . . ဒါဆိုလည်း ခဏစောင့်ခိုင်းလိုက်ကွာ၊ အအေးတစ်လုံးနဲ့ ဧည့်ခံထားလိုက် . . . အိုကေ"

သူက ဓာတ်ပုံတွေ ဆက်ရိုက်ပြီး ခဏအကြာမှာ. . .

"ညီမ . . . အင်္ကျီလဲလိုက်တော့၊ ပြီးရင် ခဏနားမယ်နော်၊ စားချင်တာရှိရင် မှာစားလို့ရတယ်"

ဟု . . . မော်ဒယ်လ်ကလေးကိုပြောပြီး ဧည့်ခန်းသို့ ထွက်လိုက်သည်။ ဧည့်ခန်းမှာ ထိုင်နေသော အမျိုးသမီးကို တွေ့တွေ့ချင်း သူ အံ့အားသင့်သွားမိသည်။ ဒီမျက်နှာမျိုး သူ ရင်းနှီးပြီးသားပါ. . . ဟု စိတ်က တွေးမိရင်း မှတ်ဉာဏ်ကို ကစားလိုက်မိသည်။ သြော် . . . သိပြီ၊ မြကိုးသွယ်နဲ့ အရမ်းဆင်နေတာကိုး . . .။ အသက်က လေးဆယ်ကျော်အရွယ်လောက်ရှိမယ်ထင်ပါရဲ့၊ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတော့ သေချာမမြင်ရ။ CHANAL နေကာမျက်မှန်အကြီးကြီး တပ်ထားသည်။ လက်ကိုင်အိတ်ကလည်း CHANAL ရဲ့ သိုးသားရေ အသားနုနုအိအိ လည်သာအိတ်နှင့် . . .။ ပြင်သစ်ဆံထုံး ခပ်ဖွဖွထုံးထားကာ ပိုးရင်ဖုံးလက်တို ခါးတို ခရင်မ်ရောင်ကလေးနှင့် ထဘီရှည်ရှည်၊ ဒေါက်မြင့်မြင့် ဝတ်ထားပုံက အဆင့်အတန်းမြင့်မြင့် အမျိုးသမီးတစ်ယောက်ပုံစံပါ။ ဘာကြောင့်မုန်းတော့မသိ။ ထိုအရှိန် အဝါကြောင့် သူ နည်းနည်းတော့ ရှိန်သွားမိပါသည်။ အမျိုးသမီးက သူ့ကို တစ်ချက်ပြုံးပြသောအခါ မြကိုးသွယ်နှင့် ပိုဆင်သွားသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ အန်တီ . . ."

"အန်တီ့နာမည် မုန်းမိမယ်ပါ၊ မြကိုးသွယ်ရဲ့မေမေဆိုပါတော့၊ မင်းရဲ့ အချိန်တစ်နာရီလောက် ကိုယ့်ကို ပေးနိုင်မလားဟင်၊ ကိုယ် ပြောစရာလေးတွေ ရှိလို့ပါ"

"ဟုတ်ကဲ့ . . . ကျွန်တော် ဓာတ်ပုံရိုက်လက်စ,ကလေး လက်စသတ်ပြီးရင် အားပါတယ် အန်တီ၊ ကျွန်တော့်ကို ဆယ်မိနစ်လောက်တော့ စောင့်ပေးပါ . . ."

"အိုကေ . . . ဆက်လုပ်ပါ၊ အောက်မှာ အန်တီ့ကား ရပ်ထား တယ်၊ ကားထဲကပဲ စောင့်တော့မယ်၊ မင်းပြီးရင်သာ ကားပေါ်





တက်လာခဲ့ပေးပါ၊ ကားမောင်းရင်းပဲ စကားပြောတာ ပေါ့ . . ."

"ဟုတ်ကဲ့ပါ အန်တီ . . ."

ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်မြည်လျက် သူမ ခပ်ကြော့ကြော့ ပြန်ဆင်းသွားသည်။ သူ့စိတ်ထဲမှာ ပဟေဠိကလေးနှင့် ကျန်ရစ်ခဲ့ရင်း မော်ဒယ်လ်လေးကို ခပ်သွက်သွက် လက်စ,သတ်ရိုက် ပေးလိုက်သည်။ ပြီးလျှင် သူ့လက်ထောက် ကောင်လေးကို မှာစရာရှိတာလေးတွေ မှာထားခဲ့ပြီး သူ တိုက်အောက်သို့ ဆင်းခဲ့ သည်။ အောက်မှာရပ်ထားသော ကားက မာဆေးဒီး(စ်)အမည်း ရောင်တစ်စင်း . . .။ ကားတံခါးကို ဖွင့်ပြီး ဝင်လိုက်သည်နှင့် အေးစက်မွှေးပျံ့ခြင်းက သူ့ကို ဆီးကြိုလိုက်သည်။ ထိုအန်တီက ကားမောင်းသူ နေရာမှာထိုင်လျက်။ သူက နံဘေးမှာ . . .။

"ကဲ . . . မင်း အဆင်သင့်ဖြစ်ပြီနော်၊ ကားမောင်းရင်းပဲ ပြောကြတာပေါ့"

သူမက ကားကို မောင်းထွက်ရင်း ပြောသည်။ ဒေါ်မုန်း မိမယ်တဲ့ . . .။ နာမည်ကိုက ဆန်းနေသလိုပဲ။ မြကိုးသွယ်က သူ့မေမေအကြောင်း တစ်ခါမှ ပြောမပြခဲ့ဖူးပါဘဲ သူမ မေမေက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ သူ့ကို သိနေရတာတဲ့လဲ။ သူ မသိမသာ အကဲခတ်နေမိသည်။

"သမီးက မင်းရဲ့အကြောင်း အန်တီ့ကို ပြောပြပြီးကတည်းက မင်းကို အကဲခတ်ချင်တာနဲ့ အန်တီ လာတွေ့တာပါ။ သမီးနဲ့ မင်းရဲ့ အခြေအနေက ဘယ်လို အနေအထားမျိုးလဲ"

ဟာ . . . ပွင့်လင်းလှချည်လား ဟု . . . သူ နည်းနည်း ဖြုံသွားမိပါသည်။

"ကျွန်တော်တို့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်း အဆင့်မှာပဲ ရှိပါသေးတယ် အန်တီ"

"သူငယ်ချင်း အဆင့်မှာပဲ ရှိပါသေးတယ်ဆိုတော့ . . . မကြာခင် အဲဒီအဆင့်ကို ကျော်ချင် ကျော်နိုင်တယ်လို့ မင်းဆိုလိုချင်တာလား"

ဟိုက် . . . ရှာလပတ် . . . ဟု သူ အော်မိမတတ် ပြုံးမိသွားပါသည်။ မြကိုးသွယ်မှာ အဲဒီလောက် ခေတ်ရှေ့ပြေးလွန်းနေသော မိခင်မျိုး ရှိနေမှန်း သူ တကယ်ကို မသိခဲ့တာပါ။

"အဲဒါကတော့ ကျွန်တော့်ရဲ့ စိတ်ခံစားမှု ကဏ္ဍနဲ့ ဆိုင်သွားပါပြီ အန်တီ၊ ကျွန်တော်က စိတ်ရဲ့အလိုကို လိုက်တတ်





ပါတယ်၊ ကျွန်တော့် ခံစားမှုအတိုင်း ကျွန်တော် လိုက်ပါတတ်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဘာမဆို ဖြစ်နိုင်ပါတယ်၊ မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိပါဘူး"

"အန်တီ တစ်ခုပြောချင်တယ် . . . အန်တီ့ သမီးလေးကို အန်တီ အရမ်းချစ်တယ်၊ ချစ်တာမှ ငုံထား သိမ်းထားလို့ ရရင်တောင် သိမ်းထားချင်တယ်၊ သမီးလေးကို ဘာထိခိုက်နာကျင်စရာ ဒဏ်ရာမှ မရစေချင်ဘူး၊ အထူးသဖြင့် နှလုံးသားရေးကိစ္စမှာပေါ့၊ သမီးကို အမြဲ ပျော်ရွှင်ရယ်မောနေတာပဲ မြင်ချင်တယ်၊ နာကျင်ကြေကွဲစရာတွေ မျက်ရည်တွေနဲ့ သမီးကို မခံစားစေချင်ဘူး၊ အန်တီ့ ဘဝတလျှောက်လုံး သမီးကိုပဲ အမြဲတမ်း ကာကွယ်စောင့်ရှောက်ပေးရင်းနဲ့ အချိန်တွေ ကုန်ခဲ့တယ်၊ အခုလည်း . . . မင်းကို သမီးရဲ့ သူငယ်ချင်းအဆင့်ကနေ ဘယ်တော့မှ တဆင့်တက်မကျော်လွန်ဖို့ အန်တီ အရင်ဆုံး လာသတိပေးတာပါ၊ ဖြစ်နိုင်ရင် သမီးနဲ့ ကင်းကင်းရှင်းရှင်းကလေး နေပေးစေချင်တာပါ"

အခုမှပဲ မြကိုးမေမေ ဘာဆိုလိုတယ်ဆိုတာကို သူ သဘောပေါက်သွားမိကာ . . . ရင်ထဲ တင်းခနဲတော့ ဖြစ်သွားရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ခပ်တိုးတိုး တစ်ချက်ရယ်လိုက်မိသည်။

"အဲဒါတော့ အန်တီ အကာန့်တွေကျော်သွားပြီ ထင်ပါတယ် အန်တီ၊ ကျွန်တော့်ရဲ့ ခံစားမှု၊ လွတ်လပ်ခွင့်တွေဆီ အန်တီ စည်းကျော်နေပြီ၊ ကျွန်တော့်ကို ဘယ်သူမှ လာတားခွင့် မရှိပါဘူး၊ ပြီးတော့ ကျွန်တော့်နှလုံးသားကိုလည်း ကျွန်တော် ကိုယ်တိုင်တောင် ချုပ်ချယ်ကန့်သတ်ခွင့် မရှိပါဘူး၊ ကျွန်တော် ချစ်ချင်တဲ့သူကို ကျွန်တော် ချစ်မှာပါ"

"အန်တီ့ကို မင်း စိတ်ခုသွားပြီ ထင်တယ်၊ မတတ်နိုင်ဘူးလေ၊ အန်တီ့ဘက်က ကြိုတင်ကာကွယ်စရာ၊ တားဆီးစရာ ရှိတာ ကိုတော့ တားရမှာပဲ၊ prevention is better than cure ဆိုတဲ့ စကားကို အန်တီ အမြဲ ကျင့်သုံးတယ်၊ တစ်ခုတော့ အန်တီ ကြိုပြောထားပါရစေ၊ မင်းကို အန်တီ လာတွေ့တယ်ဆိုတာ သမီးလေး မသိပါစေနဲ့၊ သူ သိရင် အန်တီ့ကို စိတ်ဆိုးလိမ့် မယ်"

"အဲဒါတော့ ကျွန်တော်လည်း အာမ,မခံနိုင်ဘူး အန်တီ၊ ကျွန်တော့်ရဲ့ စိတ်အခြေအနေအရပါပဲ၊ ကဲ . . . ကျွန်တော့် ကို ရှေ့နားလေးမှာပဲ ရပ်ပေးခဲ့ပါ အန်တီ၊ ကျွန်တော့်ကို ခုလို





လာသတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ရဲ့ နှလုံးသားကို လာပုတ်နှိုးလိုက်သလိုပါပဲ"

သူမက ဘရိတ်ကို ဆောင့်နင်းပစ်လိုက်သည်။ သူ့ရဲ့ ဂျစ်ကန်ကန် အရွဲ့တိုက်တတ်သော အကျင့်ဆိုးကလေး ပြန်ပေါ် လာသည်။ သူ့သမီးကို မချစ်မိစေဖို့ လာပြောသော မိခင်တစ်ယောက် ကို အရွဲ့တိုက်ဖို့ အကောင်းဆုံးသောနည်းမှာ သူ့သမီးကို ချစ်ပြ လိုက်ဖို့ဖြစ်ကြောင်း အန်တီ မုန်းမိမယ် သိလိမ့်မည် မထင်ပါ။ ကားပေါ်က ပြုန်းခနဲ ဆင်းပြီး တံခါးကို ပြန်ပိတ်ပေးကာ တာ့ တာ. . . ဟု သူ လက်ပြနှုတ်ဆက်လိုက်သည်။ သူ့ နှလုံးသွေးတွေ ပူနွေးလာသယောင်။ မချစ်နဲ့ဆိုရင် ချစ်ကြည့်ချင်တတ်တာ လူ့ သဘာဝကိုး . . .။ တားမြစ်ထားသော အသီးကမှ ပိုချိုမြိန်တယ်လို့ ဘယ်သူတွေက သင်ပေးခဲ့သလဲ . . .။ သူ့နှုတ်ခမ်းထောင့်စွန်း ကလေးတွေ ကော့ညွှတ်ကာ ပြုံးရင်း မြကိုးသွယ်၏ ဖုန်းနံပါတ်ကို နှိပ်မိပြီးသား ဖြစ်သွားလေသည်။

"ဟယ်လို . . ."

"မြကိုးလားဟင် . . . ကိုယ်ပါ . . . ဟန်းဆမ်း၊ ဒီညနေ အေးအေးဆေးဆေး ဆိုင်တစ်ဆိုင်မှာ ဆုံရအောင်လားဟင်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုနှစ်ယောက် မပါရင် ပိုကောင်းမယ်၊ မြကိုးနဲ့ ကိုယ် နှစ်ယောက်တည်းပေါ့"

"ကောင်းသားပဲ . . . ဟန်းဆမ်းရဲ့ ဘယ်မှာဆုံမလဲ၊ ကျွန်မ ကျွေးပါ့မယ်၊ Lake View မှာ စားမလား"

"အိုကေ . . . ညနေ ခြောက်နာရီလောက်ဆို ဖြစ်မလား၊ ကိုယ် အဲဒီကနေပဲ စောင့်နေမယ်လေ"

"အိုကေ . . ."

မြကိုး ဖုန်းချသွားတော့ သူ အားပါးတရ ပြုံးကာ လေထဲကို လက်သီးတစ်လုံး ပစ်ခွင်းလိုက်ရင်း . . . Yes ဟု အော်လိုက်မိလေသည်။



# အခန်း ..... ၂




www.burmeseclassic.com

www.burmeseclassic.com

ကျွန်မနှလုံးသားတစ်ခုလုံးမှာ
ဟန်းဆမ်းကြိုက်သလောက်
နေရာယူလို့ရှိပါတယ်။
တခြားဘယ်သူ့ကိုမှလည်း
အဝင်မခံပါဘူး။
တစ်ယောက်တည်းသာ
ကျယ်ကျယ်လွင့်လွင့်
ပေးထားပါတယ်။





The best and most beautiful
things in this world cannot
be seen or even heard,
but must be felt with the heart.
Helen Keller.

ဒီကမ္ဘာလောကကြီးထဲမှာ အကောင်းဆုံးနှင့်
အလှအပဆုံး အရာတွေကို မြင်ဖို့၊ ကြားဖို့၊ မဖြစ်နိုင်ပါဘူး။
ဒါပေမယ့်
နှလုံးသားဖြင့် ခံစားမှု ဖြစ်နိုင်ပါမယ်။
ဟယ်လင်ကဲလား





www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေ ကျွန်မသိဖို့ မလိုဘူးလေ။

သိလည်း မသိချင်ဘူး။

ကျွန်မသိတာက

သူ ဖြစ်ချင်တာတွေ၊

သူလိုချင်တာတွေ

ဖြစ်အောင်လုပ်ပေးချင်တယ်။

သူ အောင်မြင်နေတာ၊ ပြည့်စုံနေတာ၊

ပျော်ရွှင်နေတာတွေကို ကျွန်မ

အတူ ခံစားချင်တယ်

ဒါပါပဲ …။

အဲဒါ ကျွန်မရဲ့အချစ်ပဲ …။





ဆိုင်ကယ်လေးထဲမှာ အေးအေးဆေးဆေး ရှင်းလင်းတိတ်ဆိတ်နေသည်။ မြကိုးက တစ်ခုခုကို ကြိုတင်ရိပ်မိခံစားမိနေသလို။ လေထုထဲမှာ ချစ်ခြင်း၏ သင်းရနံ့တွေ မွှေးပျံ့သင်းထုံနေသလို ခံစားနေရသည်။ သူ့မျက်နှာကို ငေးကြည့်နေမိရသော တခဏကို ဘယ်လိုနှစ်ခြိုက်မက်မောမိမှန်း မသိချေ။ သူ့ ဆံပင်လေးတွေကိုက အစ . . . သူ့ ခြေထောက်တွေအဆုံး . . . သူမ ချစ်မိပါသည်။ သူ့မျက်လုံးတွေနှင့် ညှို့ရီလိုက်တိုင်း သူမ နှလုံးသားတွေ မူးယစ်ရီဝေလို့ သွားတတ်သည်။ သူ့နှုတ်ခမ်းကလေးဆီ ရင်ဖိုစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်မိရင်း သူ့အသံချိုချိုကို နားစွင့်မိလေသည်။

"တကယ်တမ်းက ကိုယ် အိပ်မောကျနေခဲ့တာကွ၊ ဒီနေ့မှ ကိုယ် ဖြုန်းဆို လန့်နိုးလာတာ၊ နိုးလာတော့ နတ်မိမယ် ကလေးတစ်ပါးကို ကိုယ့်ရဲ့ဘေးမှာ တွေ့ရတယ်၊ အဲဒီ နတ်မိမယ်ကလေးကို ကိုယ်ချစ်သွားမိတယ် . . . သိလား၊ အဲဒီ နတ်မိမယ်ကလေး ဘယ်သူလဲလို့ မင်း မသိချင်ဘူးလား ဟင်"

သူ့မျက်နှာက ပြုံးနေသည်။ မြကိုးရင်ထဲရှိ နှလုံးသားက စည်းချက်ညီညီ စတင်ကခုန်လျက်ရှိသည်။ ဒီလူငယ်လေးရဲ့ အချစ်ကိုရဖို့ မြကိုး မျှော်လင့်ထားခဲ့ပြီးသား။ မြကိုး၏ ဘဝမှာ လိုချင်တာမှန်သမျှ မရဖူးဘူးရယ်လို့ မရှိခဲ့။ လိုချင်လာပြီဆိုရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ စနစ်တကျ အကွက်ချကာ မရ,ရအောင် ယူတတ်တာလည်း မြကိုး၏ အကျင့် . . .။

"ပြောပါဦး . . . အဲဒီ နတ်မိမယ်က ဘယ်သူလဲ"

သူက လက်ထဲမှ မှန်ဝိုင်းကလေး တစ်ချပ်ကို မြကိုး မျက်နှာရှေ့သို့ ထိုးပေးလိုက်သည်။ မှန်ထဲမှ ကိုယ့် ပုံရိပ်ကလေး ကိုသေချာကြည့်မိရင်း . . . အားပါးတရ ပြုံးမိကာ . . .





"ဟင်း . . . ရှင် အရမ်း စာတတ်တာပဲနော်၊ ပြောပါဦး ဘယ်မှာ ကျူရှင်ယူထားတာလဲ"

"ဒီလိုပဲပေါ့ . . . မိုးနတ်မင်းကြီးရဲ့ အချစ်သင်တန်း ကျောင်းမှာပေါ့"

မြကိုးက သူ့ကို မျက်စောင်းချိုလိုက်မိသည်။

"တကယ်ပြောတာ မြကိုးရယ် . . . မြကိုးကို ကိုယ်ချစ်တယ်၊ တစ်ခါတစ်ခါ မြကိုးက အရမ်း စိတ်ဝင်စားစရာကောင်းတယ်၊ လျှို့ဝှက်သည်းဖိုဆန်တယ်၊ ပဟေဠိဆန်တယ်၊ အဲဒါလေးတွေကို ကိုယ် စိတ်ဝင်စားခဲ့တာ ကြာပြီ၊ ဒီနေ့မှ မြကိုးကို ကိုယ် ချစ်နေမိမှန်း တစ်ယောက်ယောက်က မီးမောင်းထိုးပြလိုက်သလို ထင်ထင်ရှားရှား မြင်လိုက်ရတာ"

"အဲဒီ တစ်ယောက်ယောက်က ဘယ်သူလဲဟင်"

"မြကိုးရဲ့ မေမေပေါ့ . . . သူကတော့ သူ ကိုယ့်ကို လာတွေ့တာ မြကိုးကို မသိစေချင်ဘူး၊ မြကိုးရဲ့ မေမေက ကိုယ့်ကို လာတားတာလေ၊ သူ့သမီးကို သူငယ်ချင်း အဆင့်ထက် မပိုဖို့တဲ့၊ ကိုယ် တကယ် ရယ်ချင်သွားတယ် သိလား၊ ကိုယ့်တစ်သက်မှာ အဲဒီလို အမေမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ဘူး . . .၊



www.burmeseclassic.com

www.burmeseclassic.com



ကြားတောင် မကြားဖူးပါဘူး၊ ကိုယ်ကလည်း မချစ်ရဘူးလို့ လာပိတ်ပင်မှ ပိုပြီး ချစ်ချင်သွားတာ၊ အဲဒါ ကိုယ့်ရဲ့ သဘောတပဲ"

"ဩော် . . . အဲဒီ မေမေတစ်ယောက်ဟာလေ၊ ကျွန်မကို ခုချိန်ထိ မူကြိုသွားတဲ့ ကလေးမ,ကလေးလို စိတ်မချဖြစ်တုန်းပဲ၊ မေမေက ကျွန်မ နှလုံးသားမှာ ဒဏ်ရာရမှာကို အရမ်းပဲ စိုးရိမ်တတ်တာ ဟန်းဆမ်းရဲ့ ငယ်ငယ်တုန်းကဆို ချော်လဲမှာ၊ ဒူးပွန်းမှာ၊ အမြင့်ကနေ ပြုတ်ကျမှာကို အရမ်းစိုးရိမ်တတ်သလိုမျိုးပေါ့၊ အရွယ်ရောက်လာတော့ သူ့သမီး အသည်း မတော်တဆကွဲမှာကို စိုးရိမ်နေတာ၊ တစ်ခါတစ်ခါကျတော့ မေမေက သိပ်ရယ်ရတယ် . . . သိလား၊ သနားစရာလည်း ကောင်းတယ်၊ ကျွန်မနဲ့ မေမေက နှစ်ကိုယ့်တစ်စိတ် အရမ်းနီးကပ်ကြတာလေ၊ ဖေဖေ့ကို ကျွန်မ မမြင်ဖူးလိုက်ရဘူး၊ ကျွန်မကိုယ်ဝန် မေမေ လွယ်ထားရတဲ့ အချိန်မှာပဲ ဖေဖေ ဆုံးသွားတာလေ၊ မေမေကပဲ အဖေရော အမေရောရဲ့ အချစ်တွေကို ပုံပေးခဲ့တာ၊ ကျွန်မကို ချစ်တာများ တစ်ခါတစ်ခုလေ အစွန်းတောင် ရောက်တယ်"





"ကိုယ့်လည်း သတိထားမိပါတယ်၊ မြကိုး မေမေ အစွန်းရောက်နေတာကို၊ ဘယ်အမေကမှ သူ့သမီး သူငယ်ချင်းကို သူငယ်ချင်းအဖြစ်ကနေ ရှေ့ဆက်မတိုးဖို့ တာတန်တကကြီး လာပြောမှာ မဟုတ်ဘူးလေ၊ ကိုယ်တောင် တော့်တော် ကြောင်သွားတာ"

"မေမေ စိုးရိမ်သွားတာဖြစ်မှာပါ၊ ဒါမှမဟုတ် . . . ဟန်းဆမ်း ရှေ့ဆက်တိုးအောင် trick လာလုပ်သွားတာလားမှ မသိတာ၊ မေမေက ကျွန်မဖြစ်ချင်တာမှန်သမျှကို တစ်ဖက်တစ်လမ်းကနေ သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းပေးတတ်တာ အကျင့်ပါနေပြီလေ၊ ကျွန်မကို အံ့သြအောင်လည်း surprise လုပ်တတ်တယ်"

"မြကိုး မေမေက မြကိုးနဲ့ တော်တော်တူတယ်နော် . . . အမိုက်စား . . ."

"မေမေ့ကိုတော့ မထိနဲ့နော် . . . မီးပွင့်သွားမယ်"

"မေမေ့ကို မထိပါဘူးဗျာ . . . သမီးကိုပဲ ထိမှာပါ၊ ကိုယ့်ကို မြကိုးရဲ့ နှလုံးသားထဲမှာ တစ်နေရာစာနေရာ ကျယ်ကျယ်ကလေး ပေးစေချင်ပါတယ်၊ တစ်သက်လုံး ရိုးမြေကျ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ သစ္စာလည်းရှိပါ့မယ်၊ ကတိပေးပါတယ်"

သူက ပြုံးနေပေမယ့် သူ့အပြုံးက လေးနက်သည်ဟု ခံစားရပါသည်။ မြကိုး . . . ပင့်သက်ဖွဖွကလေး ရှိုက်လိုက်ကာ. . .

"ကျွန်မ နှလုံးသားတစ်ခုလုံးမှာ ဟန်းဆမ်း ကြိုက်သလောက် နေရာယူလို့ရပါတယ်၊ တခြား ဘယ်သူ့ကိုမှလည်း အဝင် မခံပါဘူး၊ တစ်ယောက်တည်းစာ ကျယ်ကျယ်လွင့်လွင့် ပေး ထားပါတယ်"

ဟု . . . ကြည်နူးချိုမြိန်သံကလေးနှင့် ပြောလိုက် သည်။ သူ့မျက်လုံးများ ရွှန်းစိုသွားကာ နှုတ်ခမ်းများ ပြုံးသွား ကြသည်။

"ဟာ . . . ကျေးဇူးတင်ဖို့ ကောင်းလိုက်တာ မြကိုးရယ် ကိုယ် ထင်တောင်မထားဘူး၊ ကိုယ် တကယ် ပျော်သွားတာ မယုံရင် ကိုယ့်ရင်ဘတ်ကို စမ်းကြည့်၊ ရင်တွေ အရမ်းခုန်နေ တယ်"

မြကိုး လက်ဖဝါးကလေးကို ဆွဲယူပြီး သူ့ရင်ဘတ်မှ ဖိအပ်လိုက်လျှင် တဒုတ်ဒုတ် နှလုံးခုန်သံ မြန်မြန်ကို ကြားရပေ သည်။





"ကျွန်မက အခုမှ ဟန်းဆမ်းရဲ့ ရည်းစားဖြစ်ခွင့်ရပြီပေါ့၊ ကျွန်မကို တစ်ခုတော့ ကတိပေးပါ ဟန်းဆမ်းရယ်၊ ကျွန်မက လွဲပြီး ဘယ်မိန်းကလေးကိုမှ အချစ်တွေ မျှဝေ မပေးပါ နဲ့. . . အဲဒါ တစ်ခုတော့ ကျွန်မ သဝန်တိုပါရစေ . . .၊ ကျွန်မက ချစ်ရင်လည်း အရမ်းချစ်တတ်တယ်၊ အစွဲအလမ်း လည်း ကြီးတတ်တယ်၊ လောဘလည်း ကြီးတတ်တယ်နော်"

"ကြီးချင်သလောက်ကြီးပါ မြကိုးရယ်၊ ကိုယ် ကတိပေးပါ တယ်၊ ကမ္ဘာဦး ချစ်သူဟာ မြကိုးသွယ်တစ်ယောက်တည်းပဲ၊ အမြဲတမ်း ဖြစ်စေရပါ့မယ်"

သူနှင့် မြကိုးတို့ မျက်ဝန်းချင်း သစ္စာတိုင်တည် လိုက်မိကြသည်။ မြကိုးရင်ထဲမှာတော့ အရာရာ ပြည့်စုံသွားသည့် အလားပင်။ 'ချစ်သူ' ဆိုသော နှောင်ဖွဲ့ခြင်းသည် မြကိုး၏ ကိုယ်ခန္ဓာ တစ်ခုလုံးကို ရေတံခွန်တစ်စင်း ပတ်ဆင်းနေသလို အေးမြမြ သာယာနာပျော်ဖွယ်ရှိလှပါသည်။ သူ့ကို ငေးမောလို့ မဝနိုင်။ စကားတွေပြောလို့ မဆုံးနိုင် . . .။

ဟန်းဆမ်းမှာ ကားမရှိသောကြောင့် မြကိုးက သူ့အိမ်ထိ လိုက်မောင်းပို့ပေးပြီးမှ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်တော့ နည်းနည်း နောက်ကျနေပြီ။ မေမေတောင် စိုးရိမ်ပူပန်စွာစောင့်လို့ . . .။

"သမီးရယ် . . . နောက်ကျလိုက်တာ၊ ဘယ်တွေ လျှောက်သွားနေတာလဲ၊ မေမေ ဖုန်းခေါ်နေတာ ဘယ်နှကြိမ်ရှိပြီလဲ၊ သမီး ဖုန်းလည်း မဖြေဘူး"

"သမီး အသံပိတ်ထားလို့ပါ မေမေရဲ့ . . . ဒီနေ့ပဲ သမီးနဲ့ ဟန်းဆမ်း ချစ်သူတွေ ဖြစ်သွားကြတယ် မေမေ"

"ကြည့်စမ်း . . . ဒီသူငယ် ထင်ထားတာထက်တောင် ပိုသွက်နေပါလား၊ မေမေ့ကို စိန်ခေါ်လိုက်တဲ့ သဘောပေါ့လေ"

မေမေ စိတ်ဆိုးသွားမလား . . . ဟု မြကိုး စိုးရိမ်သွားပေမယ့် မေမေ့မျက်နှာမှာ ဒေါသ မတွေ့ရပါ။ လျှို့ဝှက်ချက်ကလေးတစ်ခုတော့ ရှိနေသည် . . . ဟု မြကိုး ထင်သည်။ သို့သော် . . . မြကိုး ဘာမှ ဆက်မမေးဖြစ်တော့ပါ . . .။



ချစ်သူရှိနေသော မိန်းမတစ်ယောက်၏ မနက်ခင်းတိုင်းသည် လှပနွေးထွေးကာ ချိုမြိန်ပါသည်။ မနက် အိပ်ရာကနိုးလျှင် ပထမဆုံးသော အလုပ်မှာ သူ့ဆီ ဖုန်းခေါ်ခြင်း ဖြစ်သည်။ သူ့မှာ ကိုယ်ပိုင် mobile မရှိသေးပါ။ ကဒ်ဖုန်းကလေးတွေပဲ ဝယ်သုံးနေခြင်းမို့ သူ့အတွက် G.S.M ဖုန်းအသစ်ကလေးတစ်လုံးလောက် ဝယ်ပေးဖို့ စိတ်ကူးကလေးတစ်ခု လှပစွာ ဝင်ရောက်လာသည်။ ချစ်သူအတွက် ဖြည့်ဆည်းပေးဖို့ အမြဲ အဆင်သင့်ဖြစ်နေခြင်းသည် မိန်းကလေးတစ်ယောက်၏ အချစ်လား။ မြကိုး



www.burmeseclassic.com

www.burmeseclassic.com


သည် အခုမှစပြီး အချစ်ဆိုသော မြို့တော်တစ်ခုဆီ အတောင်ပံဖြန့်ပြီး ပျံသန်းစ, ပြုနေသည့် အချစ်ငှက်ကလေးတစ်ကောင် ဖြစ်လာခဲ့သည်။

သူနှင့် ဖုန်းပြောပြီးလျှင် နံနက်ခင်းစာ အတူတူစားဖို့ ဆိုင်တစ်ဆိုင်မှာ အတူဆုံကြသည်။ စားသောက်ရင်း စကားတွေ ပြောကြသည်။ ပြီးရင် . . . သူက သူ့အလုပ်ရှိရာ သူသွား၊ မြကိုးက စာသွားရေး၊ ပြီးတော့ . . . 'Angel's Touch' မှာ သွားထိုင်၊ လုပ်စရာရှိတာတွေလုပ်၊ ညနေကျတော့ သူနှင့် အတူဆုံပြီး တစ်နေရာရာသွား၊ ညနေစာ အတူစား၊ အေးအေးဆေးဆေး စကားတွေ တဝကြီးပြော၊ ပြီးမှ လမ်းခွဲကြ . . . ညအိပ်ရာဝင်ခါနီးမှာ ဖုန်းနဲ့ နှုတ်ဆက်။ ဒီလိုနှင့် တစ်နေ့တာသည် လှပစွာ ပြီးပြည့်စုံစွာ . . . လှပခမ်းနားစွာ ကုန်ဆုံးသွားတတ်မြဲ။

ချစ်သူသက်တမ်း တစ်လပြည့်တဲ့နေ့မှာ မြကိုးက သူ့အတွက် GSM ဖုန်းကလေးတစ်လုံးကို လှလှပပ ထုပ်ပိုးကာ လက်ဆောင်ပေးခဲ့ပါသည်။ လက်ဆောင်ကလေးကို ဖွင့်ပြီး သူ ပျော်ရွှင်ကျေနပ်သွားသည့် မျက်နှာကလေးကို ကြည့်ပြီး မြကိုးရင်ထဲ ကြည်နူးပီတိကို ခံစားမိသည်။





"မြကိုးရယ် . . . မြကိုး ချမ်းသာမှန်း ကိုယ်သိပါတယ်၊ ဒီလောက် တန်ဖိုးရှိတာတွေ ကိုယ် မလိုချင်ဘူး မြကိုးရယ်၊ တကယ်ဆို ကိုယ်က ပေးရမှာပါ။ ကိုယ့်ဘဝက ခုမှစပြီး တစ်ဆင့်ချင်း တည်ဆောက်နေရတာဆိုတော့ ကိုယ့်ကို အချိန်တော့ ပေးပါကွာ၊ ကိုယ် တစ်နေ့နေ့မှာ မြကိုးအတွက် တန်ဖိုးရှိတဲ့ လက်ဆောင်တွေ ပေးချင်ပါတယ်"

"ဟန်းဆမ်းရယ် . . . အချစ်ထက်ပိုပြီး တန်ဖိုးရှိတဲ့ လက်ဆောင်ရှိဦးမလား၊ ဟန်းဆမ်းက ကျွန်မအတွက် ဘာနဲ့မှ တန်ဖိုးဖြတ်လို့မရတဲ့ အချစ်ကိုပေးပြီးပြီ၊ ကျွန်မ ဟန်းဆမ်းဆီက ဘာမှ ထပ်မလိုချင်တော့ဘူး . . . သိလား၊ ကျွန်မကပဲ ပေးချင်တယ်၊ ကိုယ့်ချစ်သူကို လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးရတာ ကျွန်မရဲ့ အချစ်ပဲရှင့်၊ နောက်ဆို ကျွန်မရဲ့ အချစ်တွေကို ဟန်းဆမ်း ပိုတောင် သိလာစေရဦးမယ်"

အရင်က တီရှပ်နှင့်ဂျင်း(န်)ပဲန်သာ ဖြစ်သလို ဝတ်တတ်သော သူ့ကို မြကိုး၏ ချစ်သူဖြစ်လာပြီးနောက်မှာ မြကိုး စိတ်တိုင်းကျ ခေါင်းကနေ ခြေဖျားထိ ဆင်ပေးတတ်ပါသည်။ သူ့ကိုယ်ပေါ်မှာ တန်ဖိုးကြီးသော brand တွေ Label တွေနှင့် သား

www.burmeseclassic.com



သားနားနား တောက်ပ,လာသည်။ ဆံပင်ကိုကအစ စိတ်တိုင်းကျ အရောင်ဆိုးခိုင်းကာ ပုံသွင်းပေးလိုက်တော့ သူ့ပုံစံက အခုမှ professional photographer ရုပ်ထွက်လာသည်။ သူက မြကိုး စိတ်တိုင်းကျ လက်ခံနေပေးရပေမယ့် ညည်းညည်းညူညူတော့ ရှိသည်။

"မြကိုးရာ . . . ကိုယ့်ကို လူတွေက ပြောကုန်ပြီ၊ သူဌေးသမီးကို ချစ်သူတော်ပြီး အရောင်အဝါတွေ ပြောင်လက်နေတယ်တဲ့ . . . ကွယ်ရာမှာ ပြောကြတာပဲ၊ ပြန်ကြားရတော့ ကိုယ် တော်တော့်တော့ ခံပြင်းမိတယ်၊ ကိုယ့်ဘဝက သူညကွာ၊ ကိုယ် ဘာကောင်မှ မဟုတ်သေးဘူး၊ မှန်တယ် . . . ဒါပေမယ့် ကိုယ် ဒီအတိုင်း ရပ်နေတဲ့ကောင်မှ မဟုတ်တာ၊ ကိုယ် ပြေးနေတယ်၊ တောင်တွေပေါ် ရောက်ဖို့ ကိုယ် သက်လုံကောင်းရမယ်ဆိုတာ ကိုယ် နားလည်တယ်၊ ကိုယ် လှေခါးထစ်တွေကို တက်နေသရွေ့ တစ်နေ့မှာ အမြင့်တစ်နေရာကို ရောက်ရမယ်ဆိုတာ ယုံကြည်ပြီးသားပါ"

"ဟန်းဆမ်းရယ် . . . ပတ်ဝန်းကျင်က ပြောချင်တာ ပြောပါစေပေါ့၊ သူတို့မှာ ပြောခွင့်ရှိတာပဲ၊ ဒါပေမယ့် သူတို့ ကျေနပ်အောင်တော့ ကိုယ်က နေပြစရာ မလိုပါဘူး၊ ဂရုမစိုက်နဲ့လို့ မပြောဘူးနော်၊ တစ်ခါတစ်ခါ ပတ်ဝန်းကျင်ရဲ့ စကားတွေက ယူတတ်ရင် ကိုယ့်အတွက် အားဖြစ်စေတယ်၊ ကျွန်မနဲ့ ဟန်းဆမ်းဟာ တစ်ယောက်စီသပ်သပ် မဟုတ်ဘူးနော်၊ ချစ်သူတွေဆိုတာ ကမ္ဘာပေါ်မှာ တစ်ယောက်ကိုတစ် ယောက် မျှဝေခံစားနိုင်ဆုံး လူနှစ်ယောက်ပါ။ ကိုယ့်ချစ်သူရဲ့ဘဝကို ပြောင်းလဲသွားအောင်၊ တိုးတက်မြင့်မားသွားအောင် ကျွန်မ ဖန်တီးပေးမယ်၊ ဘယ်သူတွေ ဘာပြောကြမလဲ၊ ပြောကြစမ်းပါစေ . . . တစ်ချိန်မှာ ဘဝနှစ်ခုကို တစ်ခုတည်းဖြစ်အောင် တောင် ပေါင်းစည်းရဦးမှာ၊ ဘာမှ လျှောက်တွေးမနေနဲ့နော်၊ အခု ဟန်းဆမ်းအတွက် ကျွန်မ စဉ်းစားထားတာတစ်ခုရှိတယ်၊ ဟန်းဆမ်း အခုလုပ်နေတာက မဂ္ဂဇင်းတိုက်တစ်တိုက်ရဲ့ ပင်တိုင်ဓာတ်ပုံဆရာနော်၊ ဟန်းဆမ်း ကိုယ်ပိုင် Studio တစ်ခုရှိလာရင် ပိုပြီးတော့ အောင်မြင်လာမယ်၊ လုပ်စရာတွေ ပိုရှိလာမယ်၊ အခု Studio ကလေးက မဂ္ဂဇင်းတိုက်ရဲ့ အပိုင်မှလား"

"ဟုတ်တယ် မြကိုး . . . ကိုယ် ပိုက်ဆံစုနေပါတယ်၊ တစ်နေ့နေ့မှာ ကိုယ်ပိုင် studio ဖွင့်နိုင်ဖို့ ကိုယ် ရည်ရွယ်ထားပြီးသား





www.burmeseclassic.com

www.burmeseclassic.com



ပါ"

သူ့မျက်လုံးတွေဆီမှာ တက်ကြွထက်သန်နေသော တောက်ပမှုကို သူမ မြင်ရသည်။

"ပိုက်ဆံ ဘာဖြစ်လို့ စုနေရမှာလဲ ဟန်းဆမ်း၊ အချိန်တွေ နှမြောစရာ၊ ကျွန်မမှာ ပိုက်ဆံတွေ ရှိတယ်၊ ဟန်းဆမ်းအတွက် studio တစ်ခု ကျွန်မ ရင်းနှီးမြှုပ်နှံပေးနိုင်ပါတယ်၊ ဟန်းဆမ်းမှာ အရည်အသွေးတွေ၊ အစွမ်းအစတွေ ရှိနေတာ ကျွန်မ သိပြီးသား၊ အရင်းအနှီးပဲ ဟန်းဆမ်းလိုတာလေ"

"ဟာ . . . အဲဒီလောက်ကြီးတော့ မလုပ်ပါနဲ့ မြကိုးရာ၊ လူပြောစရာတွေ ဖြစ်ကုန်ပါ့မယ်၊ ပြီးတော့ . . . မြကိုး မေမေ သိသွားရင် ကိုယ် မကောင်းဘူး၊ ကိုယ် ဘာကောင်ဖြစ်သွားမလဲ"

"ဟန်းဆမ်း . . . ကျွန်မ လူကြီးဖြစ်ခဲ့ပြီ၊ ကျွန်မ စီးပွါးရေးကို ကျွန်မဘာသာ လုပ်နေတာ၊ မေမေ တစ်ခွန်းမှ ဝင်မစွက်ဖက်တတ်ဘူး၊ ကျွန်မ လိုတယ်ဆိုရင် လိုသလောက် ထုတ်ပေးလိုက်တာပဲ၊ ကျွန်မ စာရေးဖို့အတွက်တောင် ဟော်တယ်လ်ခေါင်မိုးထပ်ကို ငှားထားပေးတာကြည့် . . . ဟန်းဆမ်း





အတွက် studio တစ်ခု ကျွန်မ လုပ်ပေးချင်တယ်၊ လုပ်ပေးပါရစေကွယ် . . . အဲဒါကို မငြင်းပါနဲ့၊ ဟန်းဆမ်းကြိုက်တဲ့ နေရာမှာ အခန်းတစ်ခု ရှာပါ၊ အချက်အချာကျတဲ့ နေရာ တစ်ခုခုပေါ့၊ Plaza မှာ ဖြစ်ဖြစ် Tower တစ်ခုခုမှာ ဖြစ်ဖြစ်ပေါ့၊ ဟန်းဆမ်း စိတ်တိုင်းကျ ဖြစ်ပစေ၊ ပြီးတော့ . . . studio တစ်ခုမှာ ရှိသင့်တဲ့ အဆောင်အယောင်တွေ၊ လိုအပ်တဲ့ ပစ္စည်းတွေကိုမှာပါ . . .၊ ကုန်ကျသရွေ့ အကုန် ကျွန်မ ရှင်းပေးမယ်၊ အဲဒါတွေကို အကြွေးအဖြစ် မှတ်ထားလိုက်ပေါ့၊ တစ်ချိန်မှာ ဟန်းဆမ်း ကျွန်မကို ပြန်ဆပ်လို့ရတယ်၊ အဲဒါတွေအားလုံးအတွက် ဟန်းဆမ်းဆီက အချစ်ရယ်၊ သစ္စာရယ်ကို ပြန်ရရင် ကျွန်မ ကျေနပ်ပြီ . . ."

အဲဒီစကားတွေကို ပြောခဲ့တုန်းက သူ မြကိုးကို ကြည့်သော အကြည့်တွေကို မြကိုး တစ်သက် မမေ့တော့ပါ။ သူ မြကိုးကို ခပ်တင်းတင်း ပွေ့ဖက်ထားခဲ့ကာ၊ အကြာကြီး ငြိမ်သက်နေခဲ့သည်။ မြကိုး၏ အချစ်က သူ့နှလုံးသားကို ထိခတ်တုန်လှုပ်သွားခဲ့စေသည် ထင်ပါသည်။

"မင်း ကိုယ့်အပေါ် အဲဒီလောက် ကောင်းလိမ့်မယ်လို့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားခဲ့ပါဘူး မြကိုးရယ်၊ တကယ်ပြောတာပါ. . .၊ ကိုယ် မင်းဆီက ဘာဆို ဘာမှ မမျှော်လင့်ခဲ့ပါဘူး"

သူ့အသံတွေ လှိုင်းထန်အက်ကွဲနေခဲ့ပါသည်။





ပထမဆုံး မြကိုး ရင်ဆိုင်ရသည်က မေမေ့ကို ဖြစ်သည်။ မေမေက နားမလည်နိုင် . . .။

"ယောက်ျားတစ်ယောက်ကို studio ထောင်ပေးရလောက်တဲ့အထိ သမီးဘက်က ပေးဆပ်ဖို့လိုသလား မြကိုး၊ အဲဒီကောင်လေးက ဘာလဲ၊ သမီးဆီက ခြုယူနေတာလား၊ သမီးချစ်တတ်တာကို အခွင့်အရေး ယူနေတာလား၊ မေမေတော့ နားမလည်တော့ဘူး သမီးရယ်"

"သူက မြကိုးဆီက ဘာမှ မတောင်းဆိုခဲ့ပါဘူး မေမေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မြကိုးက သူ့ကို ခမ်းနားပြည့်စုံအောင် ဖန်တီးပေးနေတာပါ။ သူ့မှာ အရည်အသွေးတွေ ရှိပြီးသားပါ မေမေ၊ သမီးက လှေခါးထောင်ပေးတဲ့ သဘောပါ"

"မေမေတော့ သူ့ကို မယုံဘူး သမီးရယ် . . . သူ သမီးကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား၊ အသုံးချနေတာများ လား . . . သမီးဆီက လိုချင်တာတွေ ယူသွားပြီးတဲ့တစ်နေ့ မှာ သမီးအပေါ် သူ သစ္စာမရှိတော့မှာ စိုးတယ်၊ အဲဒီအခါ ကျရင် သမီး သူ့ကို ဘယ်လို စီရင်မလဲ"

"မေမေရယ် . . . မေမေ့သမီးပါ။ မြကိုး ဖန်တီးထားတဲ့ အရာတွေကို မြကိုး ပြန်ပြီး ဖျက်ဆီးနိုင်စွမ်းရှိပါတယ်၊ သူက အဲဒီလို လူစားမျိုး မဟုတ်ပါဘူး မေမေ၊ သမီးတို့ တစ်နေ့ လက်ထပ်ကြမှာပါ"

"ဘာပဲဖြစ်ဖြစ် မေမေ သူနဲ့တွေ့ချင်သေးတယ် သမီး၊ သူ့ကို မေမေနဲ့ လာတွေ့ခိုင်းပါ။ သမီး ရှိနေစရာ မလိုဘူးနော်၊ မေမေ နဲ့ သူ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ချင်တာ"

"စိတ်ချပါ မေမေ . . . မြကိုး သူ့ကို တစ်နေ့ ခေါ်လာ ခဲ့ပါ့မယ်"





ဒုတိယ မြကိုး ရင်ဆိုင်ရသည်က သူငယ်ချင်းတွေဖြစ် သည်။ သူ့အတွက် studio ရှာပေးတာကအစ . . . တန်ဖိုးအရမ်း ကြီးသည့် Nikon D3x Digital SLR ကဲန်မရာတစ်လုံးကို ဘန် ကောက်ကနေ ဝယ်ပေးခဲ့တာကို အဆုံး . . . သိနေကြသူတွေပီပီ ရင်သပ်ရှုမော လက်ဖျားတခါခါ . . .။

"မြကိုး . . . ရှင့်ဟာက အရမ်း ရက်ရောလွန်းမနေဘူး လားဟယ်၊ ဟန်းဆမ်းဆိုတာ ဘယ်လိုလူစားမျိုးမှန်းတောင် ကျွန်မတို့ သေချာ သိသေးတာ မဟုတ်ဘူး၊ သူနဲ့ သိခွင့်ရတာ မကြာသေးခင်မှာ ရှင်တို့ ချစ်သူတွေအဖြစ်ကို မြန်မြန်ဆန်ဆန် ပြောင်းလဲသွားတယ်၊ ထားလိုက်တော့ . . . ရှင့်ကိုက သူ့ကို ကြွေဆင်းနေတာဆိုတော့ နှစ်ဦးသဘောတူ ချစ်ကြတာ ဘာမှ ပြဿနာမရှိဘူး၊ အခု ချစ်သူတွေ ဖြစ်ပြီးတဲ့အချိန်ကစပြီး ရှင် သူ့ကို ဖြည့်ဆည်းပေးနေလိုက်တာ . . . သူ့မှာ မိုးကျရွှေကိုယ် လားတောင် ထင်မှတ်မှားရလောက်တယ်၊ ထားလိုက်ဦး . . . ကိုယ့်ချစ်သူကို ကိုယ်ဆင်တာ ဘာဖြစ်လဲလို့ ရှင် ပြောချင် ပြောဦး၊ ဒါပေမယ့် . . . studio တစ်ခု Professional Camera တစ်လုံးကြီး ပေးလိုက်ရတာကတော့ မတန်တဆ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပေးဆပ်လွန်းရာကျမနေဘူးလားဟယ်၊ ဟန်းဆမ်းက လူရိုး လူလိမ္မာကလေးတစ်ယောက် မဟုတ်ဘူးနော်၊ သူ အရမ်းလည်တယ် . . . အထာနပ်တယ်၊ အဲဒါကို ကျွန်မတို့ သိပြီးသား . . . ရှင် မသိတာလား၊ မသိချင်ယောင် ဆောင်နေတာလား"

မေမြန်မာက စကားပြောလျှင် ချက်ကျလက်ကျ ပြောနေကျ။

"အဲဒါတွေ ကျွန်မ,သိဖို့ မလိုဘူးလေ၊ သိလည်း မသိချင်ဘူး၊ ကျွန်မသိတာက သူ ဖြစ်ချင်တာတွေ၊ သူ လိုချင်တာတွေ ဖြစ်အောင်လုပ်ပေးချင်တယ်၊ သူ အောင်မြင်နေတာ၊ ပြည့်စုံနေတာ၊ ပျော်ရွှင်နေတာတွေကို ကျွန်မ အတူ ခံစားချင်တယ်၊ ဒါပါပဲ . . . အဲဒါ ကျွန်မရဲ့ အချစ်ပဲ . . ."

"ကဲ . . . မတော်တဆ တစ်ချိန်မှာ ရှင့်ရဲ့ အချစ်တွေကို သူ အလွဲသုံးစားလုပ်သွားခဲ့ရင်ရော၊ ရှင် ဘယ်လို လုပ်မလဲ မြကိုး"

"ကျွန်မလား . . . သူ့ကို မွမွကြေအောင် ခြေမွပစ်လိုက်မှာပေါ့၊ ဟား ဟား . . . တော်စမ်းပါဟယ်၊ စိတ်မချမ်း





သာစရာတွေ လာပြီး ရွှေးပြောမနေစမ်းပါနဲ့ . . . ကျွန်မ အခု ပိုက်ဆံပိုရှာနေတယ်၊ အခု လာမယ့် သူ့မွေးနေ့မှာ သူ့အတွက် ကားလေးတစ်စင်းလောက် လက်ဆောင်ပေးချင်လို့ . . ."

"ဟယ် . . . မိန်းမ ကြည့်စမ်း . . . ဒီလောက် ပြောနေတဲ့ကြားကနေ ကဲနေပြီ . . . ကြာရင် ရှင် ဒေဝါလီ ခံရလိမ့်မယ် . . . သိလား"

"ဟိုက တစ်ချိန် ရှင့်ရင်ဝ ခြေစုန်ကန်သွားတော့မှ ရှင် အရှုံးတစ်ပိုင်း ဖြစ်လိမ့်မယ်နော် . . . မြကိုး၊ ယောကျ်ားတစ်ယောက်ကို အဲဒီလောက် ပူဇော်ပသနေဖို့ မလိုဘူး"

သူငယ်ချင်းတွေရဲ့ အကြည့်တွေထဲမှာ မြကိုးကို အချစ်ကို ယုံလွယ်၊ ကိုးကွယ်လွန်းသူအဖြစ် အားမလို အားမရ မချင့်မရဲတွေ ပါနေကြသည်။ သူမက အပြုံးမပျက်ခဲ့ပါ။

"ဒါ ပူဇော်ပသ,တာ မဟုတ်ပါဘူးဟယ်၊ ချစ်တာပါ . . . ကိုယ့်မှာ သိပ်ပြည့်စုံလွန်းနေပြီး၊ သူ့မှာ သိပ်လိုအပ်လွန်းနေတာကို ဒီလိုပဲ ညှိယူမှ တန်းတူညီမျှ ဖြစ်လာမှာပေါ့၊ ကျွန်မက သူ့ကို မြှင့်တင်ပေးလိုက်တာပါ၊ ပေးဆပ်လိုက်တာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com


တာ"

ဘယ်လိုပဲပြောပြော မြကိုး၏ စကားအဓိပ္ပာယ်ကို သူတို့ နားမလည်နိုင်တာတော့ အသေအချာပဲ ဖြစ်သည်။





ဘဝမှာ သူလိုချင်တာတွေ ရလျှင် ပြည့်စုံလိမ့်မည်. . . ဟု သူ အရင်ကထင်ခဲ့မိသည်။ သူ ပထမဆုံး ( ) မဂ္ဂဇင်းတိုက်မှာ အလုပ်စဝင်တော့ သူ့မှာ အပေါ်စား ကင်မရာကလေးတစ်လုံးပဲ ပိုင်ခဲ့သည်။ ဓာတ်ပုံပညာကို ဝါသနာပါလွန်းလို့ကို အပျော်တမ်း လိုက်ရိုက်ရင်း၊ စာအုပ်တွေ ရှာဖတ်ရင်း၊ internet ထဲမှာ ရှာဖွေရင်း၊ ပြိုင်ပွဲတွေဝင်ရင်း ရည်မှန်းချက်ကြီးကြီးနှင့် သူ ပိုက်ဆံစုခဲ့သည်။ မဂ္ဂဇင်း မျက်နှာဖုံးတို့၊ အနုပညာရှင်တွေနှင့် အင်တာဗျူးဓာတ်ပုံတို့၊ သတင်းဓာတ်ပုံတို့ ရိုက်ပေးရသော ကင်မရာ


www.burmeseclassic.com

www.burmeseclassic.com



မဲန်းကလေးဘဝမှာ သူ တော်တော်ကျင်လည်ခဲ့ရသည်။ သူ့ဘဝတစ်ခုလုံး နတ်ရေကန်ထဲ ခုန်ချပစ်လိုက်သလို အချိန်ကာလ တိုတိုကလေးအတွင်းမှာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားခဲ့ရသည်မှာ မြကိုးကို ချစ်ခဲ့မိချိန်က စ၍ဖြစ်သည်။ မြကိုးကို အဲဒီလောက် ရက်ရောလက်လွှယ်လိမ့်မည် . . . ဟု သူ ထင်တောင် မထားခဲ့ပါ။ သူ မျှော်လင့်မထားခဲ့သော အရာတွေကို တစ်ခုပြီးတစ်ခု မြကိုးက သူ့ကို ပေးလာခဲ့သည်။ ထိုအရာတွေကို သူ တကယ်.လိုချင်ခဲ့တာတော့ အမှန်ပါ။ သို့သော် . . . သူချစ်သူတစ်ယောက်ဆီက မဟုတ်။ မိန်းမတစ်ယောက်ဆီက မဟုတ်ပါ။ သူ့ကိုယ်ပိုင် အရည်အချင်း၊ အစွမ်းအစတွေနှင့် သူ အဲဒါတွေကို ရယူ ရှာဖွေချင်ခဲ့တာ ဖြစ်သည်။ အခုတော့ အဲဒါတွေဟာ မိန်းမတစ်ယောက်ရဲ့ အချစ်တဲ့ . . .။ သူ့ကိုယ်သူ အလိုလိုနေရင်း လိပ်ပြာမလုံသလို စတင်၍ ခံစားလာရသည်။ လူတွေရဲ့ အကြည့်တွေ၊ အပြုံးတွေ၊ တီးတိုးစကားတွေ . . . အဲဒါတွေကို သူ ရင်မဆိုင်ချင်လောက်အောင် ဖြစ်လာခဲ့သည်။ သူ့မိတ်ဆွေသူငယ်ချင်းတွေကပင် သူ့ကိုတွေ့လျှင် . . .

"ဟန်းဆမ်းတို့ ကြီးပွားနေလိုက်တာကွာ . . . နေ့ချင်း ညချင်းပဲနော်၊ မင်းမှာ sponsor အကြီးကြီး ရှာတွေ့ထားတယ်ဆို၊ ငါတို့ကိုလည်း လက်တို့ပါဦးကွာ၊ အဲဒါမျိုးတော့ ငါတို့လည်း လိုချင်တယ်"

ဟု . . . ရွှတ်နောက်နောက် ပြောသံကို သူ မခံချင်တော့။ ထိုသူငယ်ချင်း၏ မျက်နှာကို ဆွဲထိုးပစ်တော့မည့်နီးနီး ဖြစ်သွားခဲ့သည်။ သူ့ကိုယ်သူ ရှက်ရွံ့သိမ်ငယ်လာသလို ခံစားလာရသည်။ သူဟာ ဘယ်လိုယောကျ်ားမျိုး ဖြစ်နေပြီလဲ . . . ဟု သူ့ကိုယ်သူ ပြန်မေးမိသော အကြိမ်တွေ မနည်းတော့ . . .။ သူ မပျော်နိုင်တော့ . . .။ မြကိုးကို သူ ငြင်းခဲ့ပါသည်။ မြကိုးက ငြင်းခွင့်ကို မပေးခဲ့။ သူငယ်ချင်းတွေလို ရင်းနှီးနေခဲ့သော မော်ဒယ်လ်မ, ကလေးတွေကအစ သူ့ကို နောက်ချင်ချင် . . . ရိသဲ့သဲ့တွေ ပြောလာကြသည်။

"ကိုဟန်းဆမ်း ချစ်ချစ်က ကိုဟန်းဆမ်းကို အရမ်းချစ်တာနော်၊ အကုန်ပုံအောပြီးတော့ ထိုးကျွေးတော့တာပဲ၊ သူ့ဆီကနေ ကိုဟန်းဆမ်း ဘယ်တော့မှ ရုန်းထွက်လို့ ရတော့မှာမဟုတ်ဘူးနော် . . . သိလား"

တဲ့ . . .။ သူ့စိတ်တွေ နောက်ချင်ချင် ဖြစ်လာသည်။ အမှန်အတိုင်း ဝန်ခံရလျှင် သူ မြကိုးကို တမ်းတမ်းစွဲ သိပ်ချစ်လွန်းလို့

www.burmeseclassic.com



propose လုပ်ခဲ့တာ မဟုတ်ပါ။ မြကိုး မေမေကို မခံချင်စိတ်ဖြင့် သူ ဘာလဲဆိုတာ သက်သေပြခဲ့ခြင်းဖြစ်သည်။ မယုံနိုင်လောက်အောင်ပင် မြကိုးက သူ့ကို သိပ်ချစ်ပြခဲ့သည်။ မြကိုး၏ အချစ်တွေထဲမှာ ရက်ရောမှုတွေ၊ ရင်းနှီးပေးဆပ်မှုတွေ အများကြီး ပါလာသောအခါ သူ့ရဲ့ ယောကျ်ားဂုဏ်သိက္ခာကို ထိပါးစေလာခဲ့ခြင်းဖြစ်သည်။ မြကိုးကတော့ အဲဒါတွေကို သိပ် ဂရုစိုက်တတ်သူ မဟုတ်ပေမယ့် သူကတော့ ဂရုမစိုက်လို့ မရချေ။ တဖြည်းဖြည်းနှင့် မြကိုး၏ ချည်နှောင်သိမ်းသွင်းသော နွံထဲမှာ ရုန်းလေ နစ်မြုပ်လေ ဖြစ်လာခဲ့သည်။

သူ အမြဲတမ်း စိတ်ကူးယဉ် လိုချင်ခဲ့သော ဘဝဟာ ဒါမျိုး မဟုတ်ခဲ့ပါ . . .။ သူ့ဘဝကို သူ ရိုးသားကြိုးစားစွာ ရုန်းကန်ရင်း အမြင့်ကို တစ်ထစ်ချင်း ခပ်အေးအေး တက်ချင်ခဲ့ခြင်းဖြစ်သည်။ ဖြတ်လမ်းနည်းကို သူ မကြိုက်။ ပြီးတော့ သူချစ်သော မိန်းကလေးကိုလည်း ရိုးသားစွာပဲ သူ ချစ်ချင်ခဲ့မိသည်။ သူမဆီကနေ ဘာကိုမှ မလိုချင်၊ သူကသာ ဦးဆောင်သူ . . . ပေးသူ ဖြစ်ချင်သည်။

အခုတော့ မြကိုးနှင့် ချစ်သူတွေ ဖြစ်ချိန်ကစပြီး မြကိုးနှင့်အတူ ထိုင်သော ဆိုင်တွေသည် ဈေးကြီးသော အဆင့်မြင့်သော ဟိုတယ်တွေ၊ restaurant တွေချည်း ဖြစ်ကာ bill မှာ သူ မရှင်းနိုင်ခဲ့သော ပမာဏတွေချည်း ဖြစ်သည့်အလျောက် မြကိုးကသာ ရှင်းသွားသည်ချည်း ဖြစ်သည်။ ထိုအခါတိုင်း သူ့ရဲ့ ပူနွေးနေသော မျက်နှာကို ဘယ်မှာ ထားရမှန်းမသိလောက်အောင် သူ ဇဝေဇဝါ သိမ်ငယ်နာကျင်နေမိတတ်တာ မကြာခဏ။

တစ်ခါတစ်ခါတော့ မြကိုး၏ ရက်ရောပေးဆပ်လွန်းသော အချစ်တွေဆီကနေ သူ ထွက်ပြေးချင်စိတ်ပေါက်လာတတ်သည်။ လိပ်ပြာလုံသော . . . သန့်ရှင်းသော ဘဝကိုသာ သူ လိုချင်သည်။ သူ့နောက်ကွယ်မှာ လူတွေ သူ့အကြောင်း ဘယ်လောက်တောင် ပြောပြီး အထင်သေးစွာကဲ့ရဲ့ လှောင်ရယ်နေကြမလဲ . . . ဟု စိုးရိမ်နေရသော ဘဝကို သူ စိတ်ပျက်သည်။ သူ့ကိုယ်ပေါ်မှာ မြကိုး ဆင်ယင်ပေးထားသော Designer brand တွေ၊ Label တွေနှင့် တောက်ပြောင်သားနားနေတာထက်၊ သူ ဝတ်နေကျ သာမန်တီရှပ်တစ်ထည်နှင့် သာမန် ဂျင်းနိပ်ပန်ကိုသာ သူ ပို၍ မက်မောပါသည်။ သူ့ကို လူတွေကြည့်သော အကြည့်တွေ၊ အပြုံးတွေကတောင် မရိုးသားတော့ဘူးဟု . . . သူ ခံစားမိလာ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်မှာ မြကိုး၏မေမေနှင့် ဒုတိယအကြိမ် ဆုံခဲ့ရပြန်သည်။ မြကိုး မေမေ၏ ထူးခြားချက်က သူ့ကိုတွေ့တိုင်း ဝေဒနာတစ်မျိုး ပေးတတ်ခြင်းဖြစ်သည်။



# အခန်း ..... ၃



www.burmeseclassic.com

www.burmeseclassic.com

မင်းတော်တော်ရင့်သွားပဲနော်။
ရတယ်လေ...
မင်းကတိကိုကိုယ်ဂရုမစိုက်တော့ဘူး။
အေး...တစ်ခုတော့
ပြောထားလိုက်မယ်နော်။
သမီးဟာကိုယ့်ရဲ့အသက်ပဲ။
နှလုံးသားပဲ။
သမီးကိုနာကျင်စေတဲ့တစ်နေ့မှာ
မင်းကိုကိုယ်အသတ်ပဲ။





"Love is like war:
Easy to begin
but hard to end."
Anonymous

အချစ်ဆိုတာ စစ်ပွဲနှင့်အတူတူပါပဲ။
စဖို့လွယ်ပြီး အဆုံးသတ်ဖို့
ခဲယဉ်းပါတယ်။
အမည်မသိ စာဆို





www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးဆိုတာ

ပေးတဲ့လူနဲ့ ရယူတဲ့လူကြားက

သတ်မှတ်ထားတဲ့ကိန်းဂဏန်း

ပမာဏတစ်ခုပါ ဟန်းဆမ်းရယ်။

ကျွန်မရဲ့အချစ်တွေနဲ့

ယှဉ်လိုက်ရင် ဒီကားလေးက

ဘာမှ မဟုတ်တဲ့

မဖြစ်စလောက်ကလေးပါ။

ဟန်းဆမ်းမှာ ကားတစ်စီးတော့

ရှိရမယ်လေ။





မြကိုးကို ချမ်းသာသော သူဌေးသမီးတစ်ယောက် . . . ဟု တော့ သူ အကြမ်းဖျဉ်း သိထားခဲ့ပါသည်။ မြကိုးကိုယ်တိုင် ခေါ်လာမှပင် သူမ၏ ခမ်းနားထည်ဝါလွန်းသော အရှိန်အဝါကို မြင်ခွင့်ရတော့သည်။ ခြံကြီးက အကျယ်ကြီး . . .။ ပန်းဥယျာဉ်တွေ၊ ရေတံခွန်တွေနှင့် ရေကူးကန်ရှိသည်။ အိမ်ကလည်း ရဲတိုက်တစ်ခုလို ခမ်းနားလွန်းသည်။ သူ့တစ်ကိုယ်လုံးပင် ကျုံ့ဝင်သိမ်ငယ်သွားသလို သူ ခံစားရပါသည်။ ဒီမိန်းကလေးကို သူ ဘာအတွက် ချစ်ခဲ့မိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားလွန်းသော အဆင့်အတန်းကို သူ မြင်ရရုံဖြင့် အသက်ရှူလို့ မဝချင်။ သူ့ရဲ့ တိုက်ခန်းကလေးဟာ မြကိုး၏ ကားဂိုဒေါင်လောက် တောင် ကျယ်မည်မထင်ပါ။ သူ့မှာ ဆယ်ကျော်သက်အရွယ် ညီမလေးတစ်ယောက်နှင့် ညီလေးတစ်ယောက် ရှိသေးသည်။ လောင်းကစားဝါသနာပါသော အဖေနှင့်အမေတို့ ရှိသည်။ ညီမလေး က အရမ်းချမ်းသာချင်သော ရောဂါရှိသည်။ သူတို့ အားလုံး၏ တာဝန်တွေအားလုံးကို သူ့ ပခုံးထက်မှာ မနိုင်မနင်း ထမ်းထားရတာ ကို သူပဲ အသိဆုံး . . .။ ရေရှည်မှာ မြကိုးနှင့်သူ ဖြစ်ပါ့မလားဆို သော အတွေးသည် သူ့ရင်ထဲတွင် ဝဲဂယက်တစ်ခုလို မွှေနှောက် လျက်ရှိသည်။ မြကိုးက . . .

"မေမေက အပေါ်ထပ်က သူ့အခန်းထဲမှာ ဟန်းဆမ်းကို တွေ့လိမ့်မယ် . . . သီလာ၊ မေမေက ဟန်းဆမ်းနဲ့ နှစ် ယောက်တည်း စကားပြောချင်တာ၊ ကျွန်မကို ရှိမနေစေ ချင်ဘူး . . . အဲဒီတော့ ဟန်းဆမ်းပဲ သွားတွေ့လိုက်နော်၊ ကျွန်မ အခန်းထဲမှာပဲ စောင့်မယ်၊ ဘာမှ မပူနဲ့နော် . . . သီလာ၊ အဆင်ပြေအောင်သာပြောပါ . . . လာ အပေါ် ထပ်ကို လိုက်ပို့ပေးခဲ့မယ်"





ဟု . . . ဆိုပြီး သူ့ကို အပေါ်ထပ်သို့ ဦးဆောင် ခေါ်သွားသည်။ အခန်းတစ်ခုကို တံခါးခေါက်ကာ သူ့ကို ဝင် စေသည်။ အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရ . . .။

"မေမေ လာလိမ့်မယ် . . . ခဏထိုင်စောင့်နေလိုက်နော်"

သူ့ကို ဆိုဖာဆက်တီတစ်ခုမှာ ထိုင်စောင့်ခိုင်းထားပြီး မြကိုး လှစ်ခနဲ ပျောက်ကွယ်သွားသည်။ အခန်းက အကျယ်ကြီး ပါ . . .။ နီညိုရောင် ကတ္တီပါပွင့်ခက်တွေနှင့် လိုက်ကာရှည်ကြီး တွေ ကာထားပြီး အဲကွန်းအအေးဓာတ်ကြောင့် စိမ့်နေသည်။ အခန်းကျယ်တစ်ခုဆိုပေမယ့် ဧည့်ခန်း နှစ်ယောက်အိပ်ကုတင်ကြီး နှင့် စန္ဒရား LCD စ,တာတွေနှင့် ခင်းကျင်းပြင်ဆင်ထားသည်မှာ အိမ်သန့်ကမ္ဘာတစ်ခုလိုပါပဲ။ Indoor Plants တွေ . . . ပန်းပင်တွေ နှင့်လည်း လှလှပပ ရှိသည်။ ဆယ့်ငါးမိနစ်လောက် သူ စောင့်နေရ ခြင်းကို စိတ်မရှည်နိုင်တော့။ သူ့ကိုခေါ်ပြီး သက်သက် ပညာ ပြနေတာလားဟု ထင်လာသည်။ ထ,ပြန်ဖို့ စိတ်ကူးက မကြာခဏ ပေါ်ပေါ်လာသည်။ သူက သိပ်ပြီး သည်းခံစိတ်ရှည်တတ်သူမှ မဟုတ်တာ။

တကယ်ပြန်ဖို့ ထလိုက်တဲ့အချိန်ကျမှ အတွင်းဖက်က



www.burmeseclassic.com

www.burmeseclassic.com



တံခါးတစ်ချပ် ဖျတ်ခနဲ ပွင့်ပြီး မြကိုး၏ မေမေ ဝင်လာသည်။

"စောင့်နေရတာ ဆောရီးပဲကွယ် . . . ကိုယ် ရေမိုးချိုး အလှပြင်နေတာနဲ့ နည်းနည်းကြာသွားတယ်"

သူမကို ပထမဆုံးအကြိမ် တွေ့ခဲ့တုန်းကလိုပဲ အနီရဲရဲ ပိုးရင်ဖုံးလက်တို ခါးတို မြန်မာအင်္ကျီလေးနှင့် နို့နှစ်ရောင်အခံပေါ်မှာ နှင်းဆီပွင့် အနီရဲရဲတွေ ခပ်ကြဲကြဲပါသော လုံချည်ရှည်အိအိကို ဝတ်ထားခဲ့သည်။ ဆံပင်ကို ခပ်မြင့်မြင့် ထုံးထားပြီး မျက်မှန်တပ်ထားသည်။ အသက်လေးဆယ်ကျော် ဆိုပေမယ့် တော်တော် နုပျိုပါသည်။ မြကိုးနှင့်လည်း ပိုဆင်လာသလိုလို၊ ကြည့်လေ တူလေပဲ ဖြစ်သည်။

"ဟုတ်ကဲ့ . . . ကျွန်တော် စောင့်နေတာ ဆယ့်ငါးမိနစ် ရှိသွားပြီ အန်တီ၊ ခုပဲ ထပြန်တော့မလို့"

သူမက တစ်ချက်ပြုံးကာ ဆိုဖာရှေ့မှာ ဝင်ထိုင်သည်။

"မင်း ကိုယ့်ရဲ့စကားကို တော်တော် နာခံခဲ့သားပဲနော်၊ သမီးကို ဘယ်လိုများ ပြုစားလိုက်သလဲဟင်၊ သမီးက မင်းမှမင်း အသည်းစွဲကို ဖြစ်နေတော့တာ၊ ကိုယ် တစ်ခု သိချင်တယ် မင်းကရော . . . သမီးကို သမီးချစ်သလောက် ပြန်ချစ်ရဲ့





လားဆိုတာပါ"

သူ့စိတ်ထဲ နည်းနည်းတော့ တင်းချင်နေပြီ။ မိခင်တစ်ယောက်ဟာ သမီးရဲ့ နှလုံးသားရေးရာကိစ္စမှာ ဒီလောက်တော့ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူးထင်တာပဲ။ သူ့ရဲ့ ဂျစ်ကန့်ကန့် ဉာဉ်ဆိုးကလေး လှစ်ခနဲ ပေါ်လာသည်။

"အဲဒါတော့ မြကိုး အသိဆုံး ဖြစ်လိမ့်မယ် . . . အန်တီ မြကိုးကို မေးကြည့်လိုက်ပါ"

သူမက သူ့ကို မျက်ခုံးရှုံ့ပြီး ခပ်စူးစူးတစ်ချက် ကြည့်သည်။

"ကိုယ်က သမီးဆီကနေ အားလုံး သိပြီးသားပါ၊ မင်း ဘက်က စိတ်ကို သိချင်တာ၊ သမီးအပေါ် မင်း ဘယ်လောက်ချစ်သလဲ၊ ဘယ်လောက်ထိ သစ္စာရှိနိုင်မလဲဆိုတာ ကိုယ်သိချင်တာပါ"

သူ့ဘက်က တစ်ထစ်လျှော့လိုက်သည်။

"ကျွန်တော် မြကိုးကို ခုချိန်ထိတော့ ချစ်နေတုန်းပါပဲ အန်တီ. . . ဒါပေမယ့် အခြေအနေတွေ စိတ်တွေဆိုတာ အမြဲ ပြောင်းလဲနေတတ်တာဆိုတော့ ဘာကိုမှ အစိုးမရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ ဘာ အာမခံချက်မှလည်း ပေးထားလို့ မရဘူး၊ မြကိုးကို ကျွန်တော် သေတပန်၊ သက်တဆုံး ရိုးမြေကျ သစ္စာရှိပါ့မယ်လို့လည်း ကတိပေးထားလို့ အဲဒီအတိုင်း ဖြစ်ချင်မှ ဖြစ်လာမှာလေ၊ သူနဲ့ကျွန်တော် ရေစက် ပါသရွေ့တော့ လက်တွဲသွားမှာပေါ့ . . .''

ထိုစကားကို ဘယ်လို အဓိပ္ပာယ်၊ ဘယ်လို ရည်ရွယ်ချက်မျိုးနှင့် သူ ပြောလိုက်မိမှန်း သူ မသိပါ။ သူ အရွဲ့တိုက်ပြီး ဂျစ်ကန်ကန် ပြောလိုက်တာလည်း ဖြစ်ကောင်း ဖြစ်လိမ့်မည်။ သူ့စကားက မြကိုး မေမေရဲ့ နှလုံးသားကို တည့်တည့်နှင့် ခပ်ဆတ်ဆတ် ထိမှန်သွားခဲ့ပုံရပါသည်။ သူမ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

''မင်းရဲ့စကားက ခိုင်မာသေချာမှု မရှိလိုက်တာပါလား၊ လေးနက်မှုလည်း မရှိဘူး၊ ပေါ့ပေါ့တန်တန်နဲ့ လက်လွတ်ရပယ်နိုင်လိုက်တာ၊ သမီးဘက်က မင်းအတွက် သူ့ဘဝတစ်ခုလုံးနီးနီး ပုံအောပေးဆပ်ထားခဲ့တာနော်၊ သူ မင်းအတွက် လိုလေသေးမရှိ အကုန် ပြည့်စုံအောင် ဖြည့်ဆည်းပေးထားခဲ့တယ်၊ မင်းဆီက ပြန်ပေးရမှာ . . .





သစ္စာရှိခြင်းနဲ့ ချစ်ခြင်းမေတ္တာပဲ၊ သမီးကို လှည့်စားသွားမှာ၊ အသုံးချသွားမှာကို ကိုယ် မလိုလားဆုံးပဲနော်၊ အဲဒါ တစ်ခုတော့ ကိုယ် ကြိုပြောထားတယ်''

အဲဒါ ဘာအဓိပ္ပာယ်လဲ . . .။ မြကိုးကတင် နှောင်ဖွဲ့သိမ်းသွင်းထားရုံမကပဲ သူမ မေမေကပါ သူ့ကို လှုပ်မရ၊ ရုန်းမရအောင် ချည်နှောင်တဲ့ သဘောလား . . . ဟု သူ ခပ်တင်းတင်းတွေးမိလာသည်။ အခုလက်ရှိ ဖြစ်ပျက်နေတဲ့ အခြေအနေကြီးကို သူ နားမလည်နိုင်တာပါ။ မြကိုး မေမေ သူ့ဆီက ဘာလိုချင်တာလဲ . . .။ မြကိုးကရော ဘယ်လိုဖြစ်စေချင်တာလဲ။

''အန်တီ့ကို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါရစေ၊ မြကိုးက ကျွန်တော့်အတွက် လိုလေသေးမရှိ အကုန် ပြည့်စုံအောင် ဖြည့်ဆည်းပေးထားတယ်ဆိုတာ ကျွန်တော့်အတွက် studio ထောင်ပေးထားတာ၊ ဈေးသိပ်ကြီးတဲ့ professional camera ဝယ်ပေးထားတာ၊ ကျွန်တော့် တစ်ကိုယ်လုံး အကောင်းစား နာမည်ကြီး ဒီဇိုင်နာ brand တွေ ဝယ်ဆင်ပေးထားတာတွေကို ပြောတာလား အန်တီ၊ အဲဒီ materials တွေက ကျွန်တော့် အပိုင်တွေလို့ ကျွန်တော် ဘယ်တုန်းကမှ



www.burmeseclassic.com

www.burmeseclassic.com



မသတ်မှတ်ထားဘူး အန်တီ . . .၊ အဲဒါ မြကိုးရဲ့ ပစ္စည်းတွေပဲ၊ ကျွန်တော် ခဏ ငှားသုံးတာပါ၊ တစ်ချိန်မှာ သူ့ကို ပြန်ပေးဖို့ ရည်ရွယ်ထားပြီးသားပါ"

သူ ပြတ်သားစွာပဲ ပြောပစ်လိုက်ရသည့်အတွက် ရင်ထဲမှာ နည်းနည်းတော့ ရှင်းလင်းပေါ့ပါးသွားသည်။ ဟုတ်တယ်. . . အဲဒီစကားတွေကို တစ်ယောက်ယောက်ကို သူ ပြောချင်နေခဲ့တာ ကြာပြီ။ အခုလို ပြောခွင့်ရလိုက်ခြင်းသည် လည်ချောင်း၀မှာ ဆို့နင်နေသည့် အစိုင်အခဲတစ်ခုကို ထွေးအန်ခွင့်ရလိုက်သလိုမျိုး။

"မင်း တစ်ကိုယ်ကောင်းဆန်လွန်းတာပေါ့ ဟန်းဆမ်း၊ ခဏငှားသုံးနေတယ်လို့ မင်း ခံယူထားကတည်းက မင်း သမီးကို အသုံးချနေတာပေါ့၊ တကယ်ဆိုရင် သမီးရဲ့ မင်းအပေါ် ချစ်နိုင်စွမ်းကို မင်း အသိအမှတ် တန်ဖိုးထားရမယ်၊ လူတစ်ယောက်ရဲ့ ကျေးဇူးတရားကို လက်လွှတ်စပယ် မမေ့ပစ်သင့်ဘူးလေ၊ ငှားသုံးတယ်ဆိုတာ အကျိုးအမြတ်တွေပါတယ်၊ သမီးက မင်းဆီက ဘာအကျိုးအမြတ်မှ မျှော်ကိုးထားတာ မဟုတ်ဘူးနော်၊ မင်းကိုချစ်တဲ့စိတ် သက်သက်နဲ့ မင်းဘ၀ကို





ပြောင်းလဲသွားအောင် ဖန်တီးပေးထားခဲ့တာ"

သူ စိတ်ပျက်စပြုလာပြီ။ ဒီတွေ့ဆုံပွဲဟာ ချည်နှောင်ပွဲ သက်သက်လား။

"အန်တီ ပွင့်ပွင့်လင်းလင်း ပြောပြလို့ရမလား၊ ကျွန်တော့်ဆီက ဘာလိုချင်တာလဲ . . . ဘယ်လို ဖြစ်စေချင်တာလဲ"

"ကောင်းပြီလေ . . . ကိုယ်ကလည်း အပွင့်လင်းဆုံးပဲ ပြောထားချင်တယ်၊ သမီးကို မင်း ဘယ်တော့မှ သစ္စာမဖောက်ပါနဲ့၊ ထိခိုက်နာကျင်အောင် မလုပ်မိပါစေနဲ့၊ သမီးကို ပျော်အောင်ထားပါ၊ သမီး စိတ်ချမ်းသာတာကိုပဲ ကိုယ် လိုချင်တယ်"

သူ ပြုံးလိုက်သည်။ ပြီးတော့ ထရပ်လိုက်ကာ. . .

"ကျွန်တော် ပြန်လို့ရပြီလား အန်တီ . . ."

ဟု . . . မေးလိုက်သည်။ သူမက မျက်ခုံးကို ပင့်ကာ . . .

"မင်းဆီက အဲဒီကတိကို ကိုယ်လိုချင်တယ် ဟန်းဆမ်း"

"ဆောရီးပါ အန်တီ . . . ကျွန်တော် လုပ်နိုင်မယ်လို့ မသေချာတဲ့ ကိစ္စတစ်ခုကို ကျွန်တော် ကတိမပေးတတ်ပါဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော် ရင့်သားပဲနော် . . . ရတယ်လေ မင်း ကတိကို ကိုယ် ဂရုမစိုက်တော့ဘူး၊ အေး . . . တစ်ခုတော့ ပြောထားလိုက်မယ်နော်၊ သမီးဟာ ကိုယ့်ရဲ့ အသက်ပဲ . . . နှလုံးသားပဲ . . . သမီးကို နာကျင် စေတဲ့တစ်နေ့မှာ မင်းကို ကိုယ် အသတ်ပဲ"

ဟားခနဲ သူ အော်ပစ်လိုက်ချင်မိသည်။ မြကိုး မေမေ သူ့ကို ပေါ်တင်ကြီးကို ခြိမ်းခြောက်နေခဲ့တာပါလား။ သူ အောင့် သက်သက် ဖြစ်နေဆဲမှာ သူမက ဆတ်ခနဲထပြီး အတွင်းခန်းတစ်ခု ထဲ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။ သူ ပခုံးတစ်ချက်တွန့်ပြီး အခန်းထဲကနေ ပြန်ထွက်လာခဲ့ကာ လှေခါးတလျှောက် ပြန်ဆင်း လာခဲ့သည်။ ဧည့်ခန်းထဲမှာ မြကိုး ရှိမနေပါ။ သူ မြကိုးကို စောင့်ရမလား . . .။ ဒီအတိုင်းပဲ ပြန်သွားရမလား ဝေခွဲမရ။ ထိုအချိန်မှာ သူ့ဖုန်း မြည်လာသည်။ မြကိုးဆီက . . .။

"ဟန်းဆမ်း . . . ဓမမေနဲ့ တွေ့ပြီးပြီဆို၊ ခဏလေးစောင့်၊ ကျွန်မ ခုဆင်းလာခဲ့မယ်"

ဆိုပြီး ဖုန်းချသွားသည့်အတွက် သူ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေရပြန်သည်။ ဧည့်ခန်းထဲမှာ လူတစ်ရပ်စာလောက် ရှိသည့် ဇရာမ ဆီဆေးပန်းချီကားချပ်ကြီးက သူ့ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေခဲ့သည်။ မြကိုးရဲ့ မေမေ ဒေါ်မုန်းမိမယ်ပေါ့ . . .။







www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ဘာဖြစ်လို့ အဆင်ပြေအောင် လိုက်လျောညီထွေ ပြန်မပြောခဲ့တာလဲ ဟန်းဆမ်းရယ် . . . မေမေ စိတ်ဆိုးနေလေရဲ့"

အပြန်လမ်းမှာ ကားမောင်းရင်း မြကိုးက ခပ်တိုးတိုး ပြောသည်။

"ကိုယ် ဘာမှားသလဲ မြကိုး . . . ကိုယ့်ကို ကတိတွေနဲ့ မချည်နှောင်ပါနဲ့၊ ကိုယ် လွတ်လွတ်လပ်လပ်ပဲ ရှင်သန်ချင်တယ်၊ ဘယ်အရာမှ အမြဲတမ်း တည်မြဲမနေဘူး မြကိုး၊





ပြောင်းလဲနေတာ၊ ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်ဘဲနဲ့ သူများကို ပိုင်ဆိုင်ချင်လို့ မရဘူးလေ . . ."

"ကျွန်မကတော့ ခိုင်မြဲချင်တယ် . . . တစ်သက်မှာ ဒီတစ်ယောက်တည်းကိုပဲ ချစ်ချင်တယ်၊ ဒီတစ်ယောက်တည်းနဲ့ပဲ လက်တွဲမြဲချင်တယ်၊ ခိုင်မြဲအောင်လည်း ကြိုးစားနေချင်တယ်"

"ကိုယ်ကလည်း မခိုင်မြဲချင်လို့ မဟုတ်ပါဘူး မြကိုးရယ်၊ ဒါပေမယ့် အသက်ရှုတော့ ကြပ်လာသလိုပဲ၊ အရင်ကလောက် ကိုယ် မလွတ်လပ်တော့တာ အမှန်ပဲ"

"ကဲပါ . . . အဲဒါတွေ မေ့ထားလိုက်ပါ၊ ဟန်းဆမ်း ဟန်းဆမ်းကို ကျွန်မကိုယ်တိုင် ကားမောင်းသင်ထားပေးမလို့၊ ပြီးရင် လိုင်စင်ရအောင် ဖြေထားပါ၊ ယောကျ်ားလေး တစ်ယောက်ဟာ ကားတော့ မောင်းတတ်နေရမယ်လေ"

မြကိုးက သူ့ကို ကွင်းပြင်ကျယ်တစ်ခုဆီ ခေါ်သွားပြီး ကားမောင်း စ,သင်ပေးခဲ့သည်။ ပြီးတော့ မနက်အစောကြီး သူ့ကို အိမ်မှာလာခေါ်ကာ သူ့ကို မောင်းခိုင်းခြင်းဖြင့် လမ်းမတွေမှာ ကားမောင်းခိုင်းသည်။ ယောကျ်ားလေးတစ်ယောက်မို့ ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



ရတာကိုတော့ သူ သဘောကျပါသည်။ တော်တော်လေး ကျင်လည်လာချိန်မှာ သူ လိုင်စင်ရဖို့ စာမေးပွဲ သွားဖြေရသည်။ သူ အောင်ပါသည်။ ကားမောင်းလိုင်စင်ရပြီး သိပ်မကြာ . . .။ သူ့မွေးနေ့ရဲ့ မနက်ခင်းအစောကြီးမှာ သူ့ဖုန်း မြည်လာခဲ့သည်။ မြကိုးဆီက . . .။

"HAPPY BIRTHDAY ဟန်းဆမ်း . . . အိမ်ရှေ့မှာ မွေးနေ့လက်ဆောင်ကလေး ရောက်နေပြီ၊ ဆင်းကောက်လှည့်ပါဦး"

ဟု . . . ရွှင်ရွှင်ကလေး ပြောသည်။ သူ မျက်နှာတောင် မသစ်ရဲသေးဘဲ အိပ်ရာထဲကနေထွက်ကာ တိုက်ခန်းအောက်သို့ ကမန်းကတန်း ပြေးဆင်းခဲ့သည်။ တိုက်ရှေ့မှာ အပ်ျစားပြင်ဆင်ထားသော ဂျစ်ကားကလေးတစ်စင်း။ ဂျစ်ကားကို ဖဲကြိုးများဖြင့် စည်းနှောင်ထားသည်။ ကားပေါ်မှာ မြကိုး . . .။ လှပသော အပြုံးကလေးနှင့် . . .။

"လက်ဆောင်ထဲမှာ ကျွန်မလည်းပါတယ်နော် . . . သိလား"

ဟု . . . လှမ်းပြောနေသည်။ ထိုခဏမှာတော့ သူ တကယ်ပျော်သွားမိကာ မြကိုးကို လှမ်းဖက်ထားလိုက်ပြီး နဖူးကလေးဆီ ခပ်ဖွဖွ နမ်းလိုက်မိသည်။





"Thanks a million ပါ မြကိုးရယ် . . . ဒါပေမယ့် ကိုယ့်အတွက် မွေးနေ့လက်ဆောင်က တန်ဖိုးကြီးလွန်းတယ်ကွာ၊ ကိုယ် မယူချင်ပါဘူး"

"တန်ဖိုးဆိုတာ ပေးတဲ့လူနဲ့ ရယူတဲ့လူကြားက သတ်မှတ်ထားတဲ့ ကိန်းဂဏန်း ပမာဏတစ်ခုပါ ဟန်းဆမ်းရယ်၊ ကျွန်မရဲ့ အချစ်တွေနဲ့ ယှဉ်လိုက်ရင် ဒီကားလေးက ဘာမှ မဟုတ်တဲ့ မဖြစ်စလောက်ကလေးပါ . . . ဟန်းဆမ်းမှာ ကားတစ်စီးတော့ ရှိရမယ်လေ"

"သူဌေးမက တကယ် ရက်ရောလွန်းတယ်ကွာ . . . မြကိုး မေမေ သိသွားရင် ကိုယ်တော့ ပိုပြီး ပြောစရာ ဖြစ်ပြီ"

"ကျွန်မမှာ ကိုယ်ပိုင်ဝင်ငွေ ရှိပြီးသားပါ . . . ဟန်းဆမ်းရယ်၊ ကျွန်မငွေနဲ့ ကျွန်မ ဝယ်ပေးတာပါ၊ မေမေ သိစရာ မလိုပါဘူး၊ သိတော့လည်း မေမေ တားလို့မရပါဘူး၊ ကျွန်မဆန္ဒ အတိုင်းပေါ့ . . ."

နောက်ဆုံးတော့ ထိုကားကလေးကို သူ လက်ခံလိုက်ရပါသည်။ ကားကို သူ မောင်းပြီး မြကိုးနှင့်သူ မွေးနေ့ကို ဆင်နွှဲကြသည်။ အရင်ဆုံး . . . သူ မျက်နှာသစ်ရေချိုးနေတုန်းမှာ မြကိုးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘသားစုနှင့် တွေ့ဆုံမိတ်ဆက်ပေးလိုက်ရသည်။ အဖေ အမေ ညီမလေးနှင့် ညီလေးတို့က မြကိုးကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည် . . .။ သူ့ချစ်သူအဖြစ် သိလိုက်ရကတည်းက မြကိုး သူ့အတွက် ဖန်ဆင်းပေးထားခဲ့သော အဆောင်အယောင်တွေ၏ အရှိန်အဝါဖြင့် အလိုလို ချစ်နေကြပြီးသား။ သူ့ညီမ ဖြူတီက မြကိုးကို ခေါ်ပုံက 'ယောက်မ'တဲ့။ နှစ်ယောက်သား ချက်ချင်းပဲ တရင်းတနှီး ချစ်ခင်သွားကြသည်။ မြကိုး၏ အရည်အချင်းကို သူ ယုံပြီးသား။ ဘယ်သူ့ကို ဘယ်လို သိမ်းသွင်းဆွဲဆောင်ရမည်ဆိုတာ မြကိုး ကျွမ်းကျင်လွန်းပါသည်။

ဂျစ်ကားကလေးဖြင့်ပင် ဘုရားသွားကြသည်။ ပြီးတော့ စားစရာတွေ အပြည့်အစုံ ဝယ်ထည့်ကာ သံလျင်ဘက် picnic ထွက်သည်။ အရိပ်ရသော သစ်ပင်ကြီးအောက်မှာ ယိုးဒယား မြက်ဖျာကလေး ခင်းပြီး သူတို့နှစ်ယောက် အေးအေးလူလူ အချိန်ဖြုန်းကြသည်။

"ဟန်းဆမ်းရဲ့ အလုပ် ဘယ်လိုနေလဲဟင် . . ."

"သိသိသာသာကို အောင်မြင်လာတယ် မြကိုး၊ ကိုယ်ပိုင် studio နဲ့ ဖြစ်လာတော့ အလုပ်တွေ ပိုအပ်လာကြတာပေါ့။





မဂ္ဂဇင်းကာဗာတွေ တော်တော်များများ ရိုက်လာရတယ်၊ ကြော်ငြာတွေလည်း လာအပ်ကြတယ်၊ အလှလာရိုက်တဲ့ လူတွေလည်း များလာတယ်"

"ကောင်းလိုက်တာ . . . ဟန်းဆမ်းရယ်၊ ဟန်းဆမ်း အသက် နှစ်ဆယ့်ငါးပြည့်ပြီနော်၊ အိမ်ထောင်ပြုဖို့ စိတ်မကူးချင်သေးဘူးလားဟင်"

ထိုစကားကို မြကိုးဆီကနေ စတင်ပြီး ကြားရခြင်းမို့ သူ နည်းနည်းတော့ အံ့အားသင့်သွားမိသည်။ အခုဆို သူနှင့်မြကိုး၏ ချစ်သူသက်တမ်းက ရှစ်လကျော်ခဲ့ပြီဖြစ်သည်။ ဒီကာလအတော အတွင်းမှာ မြကိုး၏ အထာကိုလည်း သူ တော်တော်လေး နားလည်သိမြင်ခဲ့ရပြီးဖြစ်သလို သူ့အပေါ်လည်း မြကိုးက မယုံနိုင်လောက်အောင် ချစ်ပြနိုင်ခဲ့သူဖြစ်သည်။

"မြကိုးက ဘယ်လိုဖြစ်စေချင်လို့လဲ . . ."

"ဪ . . . ကျွန်မ စဉ်းစားမိတာပါ၊ ဟန်းဆမ်းလည်း ကိုယ့်အလုပ်မှာ အောင်မြင်မှု အရှိန်ရနေပြီ၊ ကျွန်မလည်း ကိုယ့်အလုပ်နဲ့ကိုယ် အဆင်ပြေပြီးသားဆိုတော့ မိသားစု ဘဝကလေးတစ်ခု ဖန်တီးချင်တယ် ဟန်းဆမ်းရယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး စိတ်ကူးယဉ်ထားဖူးတယ်၊ ကျွန်မတို့ မိသားစု ကလေးကို လူတကာက အားကျစေရမယ်ပေါ့၊ သိပ်ချစ်စရာ ကောင်းတဲ့ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက် ကျွန်မ မွေးချင်တယ်၊ မြင်ယောင်ကြည့်စမ်း . . . ဘယ်လောက် ပျော်စရာကောင်းမလဲ၊ ကျွန်မတို့မှာ အဖက်ဖက်က ပြည့်စုံနေပြီးသားလေ၊ မိသားစု ဘဝကလေးပဲ လိုတော့တာ၊ ကျွန်မကလေ တစ်သက်လုံး မေမေနဲ့ နှစ်ယောက်တည်း နေခဲ့ရတော့ ပျော်ပျော်ပါးပါး ပြည့်ပြည့်စုံစုံ နွေးနွေးထွေးထွေး family life ကလေး ဖန်တီးချင်တယ်၊ အဲဒီဘဝကလေးကို အရမ်း လိုချင်တောင့်တမိတယ်၊ ဖေဖေ့ကို တစ်ခါမှ မချစ်ခဲ့ရတော့ ကိုယ့်သားသမီးကလေးတွေကို မိစုံ ဖစုံကလေးနဲ့ မြင်ချင်တယ်"

"မြကိုးရဲ့ ဆန္ဒကို ကိုယ် နားလည်ပါတယ်ကွာ၊ ဒါပေမယ့် ကိုယ့်ဘက်က အဆင်သင့် မဖြစ်သေးတာတော့ အမှန်ပဲ၊ ကိုယ့်မိသားစုတစ်ခုလုံး ကိုယ့်အပေါ်မှာ မှီနေကြရတဲ့ အချိန်လေ၊ ကိုယ့်ညီနဲ့ ညီမ ကျောင်းပြီးသွားတဲ့အထိ၊ သူတို့ အလုပ်ကိုယ်စီ ရသွားတဲ့အထိ ကိုယ် တာဝန်ယူရဦးမယ်၊ ခုချိန်မှာ





ကိုယ် အိမ်ထောင်ပြုလိုက်ရင် ကိုယ့်မိဘတွေ အားငယ်သွားလိမ့်မယ်"

သူ့စကားကို မြကိုးက အလေးအနက် မျက်နှာထား ဉ်းစားနေခဲ့သည်။ ခဏနေတော့ . . .

"ဟန်းဆမ်းရဲ့ မိသားစုကို ကျွန်မတို့ အလုံအလောက် ထောက်ပံ့မယ်ဆိုရင်ရော၊ ဥပမာ . . . ဘဏ်ထဲမှာ amount တစ်ခု ထည့်ပေးထားလိုက်မယ်လေ၊ သူတို့ လိုသလောက် ထုတ်ယူလို့ရတာပေါ့"

ထိုစကားကြောင့် သူ့ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့် တ်သွားကာ ဆံပင်တွေ ထောင်သွားသလို ခံစားလိုက်ရသည်။ သူ တ်ခုံးရှုံ့ပြီး မြကိုးကို စိုက်ကြည့်မိကာ . . .

"မင်း ကိုယ့်ကို ဘယ်လိုထင်နေသလဲ မြကိုးရယ် . . . ဟင်၊ မင်းဆီမှာ ကိုယ်က ထောက်ပံ့ကြေး တောင်းနေတယ်လို့များ ထင်လို့လား၊ မင်းပြောလိုက်တာက လွယ်လွယ်လေး၊ အဲဒီ စကားလုံးတွေက ကိုယ့်ကို ဘယ်လောက် ပြင်းပြင်း ရိုက်ပစ်လိုက်သလဲဆိုတာ မင်း မသိဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာကို မင်း တွေးမိရဲ့လား မြကိုး . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ဟန်းဆမ်းရယ် . . . ကျွန်မ အဲဒီလို ရည်ရွယ်တာ မဟုတ်ပါဘူး၊ ကျွန်မရဲ့ စိတ်ထဲမှာ ပေါ်လာတဲ့ မိသားစုစိတ်နဲ့ ဖြေရှင်းပေးချင်တဲ့သဘောပါ"

သူ စိတ်အနှောင့်အယှက် ဖြစ်စွာနှင့် ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ ရင်ထဲမှာ အစာမကျေတာတွေ များနေပြီမို့ ရင်က ပြည့်ချင်ချင်။ ဘယ်စကားလုံးကမှ သူ့ရင်ကို မတိုးချင်တော့။ ဒီအခြေအနေ၊ ဒီဘဝကို သူ သာယာကျေနပ်မှု ရှိရဲ့လားဟု သူ့ကိုယ်သူ တွေးမိတာ အကြိမ်ကြိမ်။

"ကိုယ်လိုချင်တာ ဒီလို ချစ်သူဘဝမျိုးမဟုတ်ဘူး မြကိုးရယ်၊ အစစအရာရာ ကိုယ်ကပဲ ဦးဆောင်ချင်တာ၊ ဒီနေ့ပေးတဲ့ မွေးနေ့လက်ဆောင်ကိုလည်း ကိုယ် တကယ် မလိုချင်ဘူး၊ ကိုယ့်မှာ ကားတစ်စီးလိုအပ်တာ မှန်ပါတယ်၊ ဒါပေမယ့် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဝင်ငွေနဲ့ ကိုယ်ဝယ်ချင်တာ၊ ကိုယ့်ချစ်သူက သိပ်ချမ်းသာလေ . . . သိပ်ရက်ရောလေ. . . ကိုယ်က အလိုလိုနေရင်း ခြူဆီကောင်ဘဝမျိုး ရောက်လေ . . . ဖြစ်ဖြစ်လာတယ်၊ ကိုယ် မပျော်ဘူး မြကိုး၊ တကယ်ပြောတာ၊ လူတွေ ကိုယ့်ကိုကြည့်တဲ့ အကြည့်တွေကို





ကိုယ် ရှက်လာမိတယ်"

"မဆိုင်ပါဘူး . . . ဟန်းဆမ်းရယ်၊ လုံးဝကို မဆိုင်ပါဘူး၊ အဲဒါ ဟန်းဆမ်း မာနကြီးလွန်းနေတာပါ"

"ဘာလို့ မဆိုင်ရမှာလဲ . . . သိပ်ဆိုင်တာပေါ့၊ တော်ပြီကွာ. . . ဒီအကြောင်း ဆက်မဆွေးနွေးစို့နဲ့"

"အဲဒါဆို ကျွန်မတို့ ဘယ်တော့မှ လက်ထပ်ဖို့ စဉ်းစားထားလဲ . . . ဟန်းဆမ်း"

"ကိုယ် အရိုးသားဆုံး ဝန်ခံရရင် ခုထက်ထိ မစဉ်းစားရသေးဘူး မြကိုး . . ."

သူ ရိုးသားစွာပဲ ဖြေလိုက်သည်။ မြကိုး မျက်နှာပေါ်မှာ ပြောင်းလဲခြင်းတွေ တရိပ်ရိပ် ပေါ်လာခဲ့သည်ကို သူ သတိထားမိပါသည်။ သို့သော် . . . သူ မတတ်နိုင်။ မြကိုးကို လက်ထပ်ဖို့ သူ တကယ်ကို အဆင်သင့် မဖြစ်သေး။ သူတို့ နှစ်ယောက် ချက်ချင်း တိတ်ဆိတ်သွားကြသည်။ ပတ်ဝန်းကျင်ရှိ လေထုထဲမှာ အေးစက်ခြင်းတွေ သိပ်သည်းလာခဲ့သည်။ မြကိုး သူ့ကို စိတ်ခုသွားပြီမှန်း သူ သိသည်။ မြကိုးက သူ့ကို စကားမပြောတော့ပါ။

"ပြန်ကြစို့ ဟန်းဆမ်း . . . ကျွန်မ သိထားတဲ့ ချစ်သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းတိုင်ဟာ လက်ထပ်ခြင်းပဲ၊ ဟန်းဆမ်း သေချာ စဉ်းစား ထားပါ၊ ပြီးရင် ကျွန်မ စိတ်ချမ်းသာရမယ့် အဖြေတစ်ခု ဖန်တီးပေးပါ၊ ကျွန်မ ဖြစ်ချင်တာကို ဖြစ်အောင်တော့ ဟန်းဆမ်း ဖန်တီးပေးသင့်တယ်၊ ကျွန်မကို တကယ်ချစ်တယ် ဆိုရင်ပေါ့"

မြကိုးက ပြောပြီး ကားပေါ်သို့ သွားတက်ထိုင်နေသည်။ သူက ပစ္စည်းတွေ အကုန်သိမ်းဆည်းပြီးမှ ကားပေါ် တက်ခဲ့သည်။ သူ့ မွေးနေ့က သိပ် လှလှပပ မဖြစ်ခဲ့တာကိုတော့ သူ မတတ်နိုင်။ မြကိုးကပဲ သူ့ဆီက လိုချင်တာတွေ သိပ်များနေတာလား၊ သူကပဲ မြကိုးရဲ့ အလိုဆန္ဒတွေနောက် တကောက်ကောက် မလိုက်နိုင်တော့တာလား ... စဉ်းစားလို့ မရနိုင်ပါ။ အကောင်းဆုံးက တိတ်တိတ်ဆိတ်ဆိတ်ဖြင့်ပင် မြကိုးကို အိမ်ပြန်လိုက်ပို့ပေးခဲ့လိုက်သည်။

"ကားကို ယူသွားပါ ... ကျွန်မ မွေးနေ့လက်ဆောင် အဖြစ် ပေးထားပြီးသား၊ ငြင်းမနေနဲ့ ... ကျွန်မ လက်ခံမှာ မဟုတ်ဘူး"

ဟု ... မြကိုးက အပြတ်ပြောသည့်အတွက် သူ





ကားကို ပြန်မောင်းလာခဲ့ရသည်။ သူ အိမ်ပြန်ရောက်တော့ အပျံစား ဂျစ်ကားကလေးကို ကြည့်ကာ ဆွေ့ဆွေ့ခုန်အောင် ပျော်ရွှင်နေကြသူ တွေမှာ သူ့ညီနှင့် ညီမ ဖြစ်သည်။

"ဟေး ... ပျော်စရာကြီးကွ၊ ကိုကြီးတော့ ထောတာပဲ၊ ယောက်မက ရက်ရောလိုက်တာနော်၊ ကိုယ်ပိုင်ကားကလေး ရှိချင်နေတာ ကြာပြီ ...၊ ညလေးကို ကျူရှင် လိုက်ပို့ပေး နော်၊ ဒီည ကိုကြီးမွေးနေ့ ... ညဘက် တစ်ခုခု လိုက်ကျွေး ကွာ၊ နော် ... ကိုကြီး"

"ကျွန်တော်လည်း ကားမောင်းသင်လိုက်မယ်နော် ကိုကြီး၊ ကျွန်တော်လည်း မောင်းချင်တယ်၊ ဂျစ်က အမိုက်စားပဲ ... တို့ကိုကြီးက ဒီလိုပိုင့်တာ"

စသဖြင့် ... တစ်ယောက်တစ်ခွန်း အော်ဟစ်မဆုံး။ ပျော်ရွှင်နေသော ညီလေးနှင့် ညီမလေး၏ အပျော်တွေကို သူ ဘယ်လို စကားလုံးတွေနှင့်မှ မဖျက်ဆီးလိုပါ။ အဖေနှင့်အမေက လည်း ပျော်တပြုံးပြုံး။ မိသားစုတစ်စုလုံးကို ကားပေါ်တင်ပြီး သူ့မွေးနေ့အဖြစ် တစ်ခုခု လိုက်ကျွေးမိသည်။ လမ်းထဲက လူတချို့ ဝိုင်းကြည့်လိုက်ကြသော အကြည့်တွေ အောက်မှာ သူ့တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သိမ်ငယ်ရှက်ရွံ့ခြင်းတွေဖြင့် ဖုံးလွှမ်းသွားသလို ခံစားရပါသည်။ သူ ဘာကောင် ဖြစ်နေပြီလဲ မသိ။



# အခန်း.....၄




www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဘယ်တုန်းကမှ အရှုံးမပေးခဲ့ဖူးဘူး။
နောက်ဆုတ် လိုက်လျှောဖို့ ကျွန်မ စိတ်မကူးဘူး။
ကျွန်မ ရောက်အောင်သွားမယ်။
အင်တာဗျူးကို မပြုံးပြုံးအောင် ဖြေမယ်။
ကျွန်မ အားလုံးပြင်ဆင်ထားပြီးသား။
လဲကျပြီးရင်ပြန်ထပြီး ပန်းတိုင်ကို
ဆက်သွားရမှာက ကျွန်မရဲ့တာဝန်။
နာတာ ကျင်တာတွေအတွက် ငိုဖို့
ကျွန်မမှာ အချိန်မရှိဘူး။





"Love has nothing to do with
what you are expecting to get,
it's what
you are expected to give ...
which is everything."
Anon

အချစ်ဆိုတာ ရယူဖို့မျှော်လင့်နေစရာ
မဟုတ်ပါဘူး၊ အရာတိုင်းပဲကို ပေးဆပ်ဖို့
မျှော်လင့်စရာပဲဖြစ်ပါတယ်။
အမည်မသိ စာဆို





www.burmeseclassic.com

www.burmeseclassic.com

အဲဒါ

ဘဝပဲ …။

နာကျင်တတ်နေရင် အပေါ်ကို

ရောက်တော့မှာ မဟုတ်ဘူး။

နာတာကို

ကြံ့ကြံ့ခံနိုင်မှ အမြင့်ကို

ရောက်မှာ …။

အားလုံးအတွက်

ကျေးဇူး …။







တကယ်တမ်းပြောရလျှင် သူ ကားမောင်းတာ သိပ်ကျွမ်းကျင်သေးတာတော့ မဟုတ်။ ရန်ကုန်မြို့မှာလည်း ကားတွေက တစ်နေ့တစ်ခြား များပြားလာခဲ့တာမို့ ကားရှုပ်ရှုပ်တွေထဲမှာ ကားမောင်းရတာ သူ့အတွက် စိတ်ဖိစီးမှုတစ်ခုတော့ ဖြစ်လာသည်။ ဒီနေ့လည်း studio သို့ အလာမှာ သူ ဘယ်လိုမှ ထင်မထားသော accident တစ်ခု ဖြစ်သွားခဲ့သည်။ ဖြစ်ပုံက မြန်လွန်းသဖြင့် သူတောင် လိုက်မမှီ . . .။ ဘတ်(စ်)ကားဂိတ်မှာ ရပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)ကားကို သူ ကျော်ဖြတ်မောင်းလိုက်မိခြင်းဖြစ်သည်။ အဲ ဘတ်(စ်)ကားအကွယ်ကနေ ပြုန်းခနဲ ထွက်လာခဲ့သော မိန်းကလေးကို သူ တကယ်ကို မမြင်လိုက်မိ။ သူမကလည်း လွတ်လိုလွတ်ငြား ပြေးထွက်ပြီး လမ်းဖြတ်ကူးချင်ပုံရသည်။ သူကလည်း အရှိန်မလျော့မိ။ တိုက်မိပြီ ဟု . . . သူ သိလိုက်ရချိန်မှာ ဘရိတ် ဖိနင်းလိုက်မ မယ့် မမှီတော့။ ကောင်မလေး ပစ်လဲကျသွားခဲ့ပြီ၊ လူတွေ ဝိုင်းအုံလာပြီ။ ရုတ်ရုတ်သဲသဲတွေ ဖြစ်မလာခင် သူ သူမကို ကားပေါ် ပွေ့တင်လိုက်မိသည်။

"မင်းကို ကိုယ် ဆေးခန်းပို့ပေးပါ့မယ်၊ ကိုယ် တကယ် မင်းကို မမြင်လိုက်မိတာ၊ မင်းက ပြုန်းခနဲ ထွက်ပြေးလာတာကိုး"

သူမ မျက်နှာက နာကျင်မှုကြောင့် ရှုံ့မဲ့ညည်းညူနေ သည်။

"အား . . . ကျွတ် ကျွတ် . . . ခြေထောက်က ကျိုးပြီထင် တယ်၊ အရေးကြီးတာက ကျွန်မရဲ့ အင်တာဗျူးရှင့်၊ ကျွန်မ အတွက် အလုပ်အင်တာဗျူးက ပိုအရေးကြီးတယ်၊ ကျွန်မက လည်း အဲဒါကို စိတ်လောနေတာ၊ ကျွန်မရဲ့ အပြစ်လည်း ပါ,ပါတယ်၊ ဖြစ်နိုင်ရင် ကျွန်မကို ဆေးခန်းအရင်မပို့ဘဲ ကျွန်မ





သွားရမယ့် အင်တာဗျူးဆီ အမြန်လိုက်ပို့ပေးပါလားဟင်၊ အချိန်က အရမ်းကပ်နေပြီ၊ ကျွန်မ နောက်ကျလို့ မဖြစ်ဘူး"

ကောင်မလေးကို သူ အခုမှ သေချာကြည့်မိသည်။ ဆံပင်ရှည်ရှည် . . . မြန်မာရင်ဖုံးလက်တို ထမီရှည်ကလေးနှင့် ခေတ်မှာ သိပ်ရှားနေပြီဖြစ်သော ရှေးဟောင်း ပုံစံကလေးဖြစ်သည်။ မျက်နှာကလေးက ယဉ်ယဉ်ကျေးကျေး၊ အေးအေးချမ်းချမ်း . . .။ နာကျင်နေသည့်ကြားကနေတောင် သူမ၏ မျက်နှာကလေးက ကြည်လင်လှပနိုင်ဆဲ။

"ဖြစ်ရဲ့လားကွာ . . .၊ မင်း ခြေထောက်က ဒီလောက် နာနေတာ၊ အင်တာဗျူးတဲ့ဆီတောင် လျှောက်နိုင်ပါ့မလား"

သူမက သူ့ကို ဖျတ်ခနဲ မျက်လုံးဝင့်ပြီး ကြည့်လိုက် သောအကြည့်က စူးရှလွန်းသည်။

"ကျွန်မ ဘယ်တုန်းကမှ အရှုံးမပေးခဲ့ဖူးဘူး၊ နောက်ဆုတ် လိုက်လျှောဖို့ ကျွန်မ စိတ်မကူးဘူး၊ ကျွန်မ ရောက်အောင် သွားမယ်၊ အင်တာဗျူးကို မဖြစ် ဖြစ်အောင် ဖြေမယ်၊ ကျွန်မ အားလုံး ပြင်ဆင်ထားပြီးသား၊ လဲကျပြီးရင် ပြန်ထပြီး ပန်းတိုင်ကို ဆက်သွားရမှာက ကျွန်မရဲ့ တာဝန်၊ နာတာ



www.burmeseclassic.com

www.burmeseclassic.com



ကျင်တာတွေအတွက် ငိုဖို့ ကျွန်မမှာ အချိန်မရှိဘူး”

သူမအသံက ခပ်ဆတ်ဆတ်။ အား . . . ပြတ်သားလှချည်လား . . . ဟု သူ နည်းနည်းတော့ impress ဖြစ်သွားရသည်။ ခုခေတ် မိန်းကလေးတစ်ယောက်ဆီမှာ ဒီလို စိတ်ဓာတ်မျိုးရှိတာ သူ အလွန်သဘောကျပါသည်။ အဲဒီလို စိတ်ဓာတ်မျိုး သူ့ဆီမှာလည်း ရှိခဲ့ဖူးသည်။ ဘဝအတွက် အနိုင်မခံ၊ အရှုံးမပေး ရုန်းကန်တိုက်ပွဲဝင်ချင်သော စိတ်ဓာတ်မျိုးပေါ့။ ကောင်မလေးကို သူ လေးစားသွားပါသည်။

“အိုကေလေ . . . ကိုယ် လိုက်ပို့ပေးပါ့မယ်၊ မင်း အင်တာဗျူးပြီးတဲ့အထိ စောင့်ပြီး ဆေးခန်းလည်း လိုက်ပို့ပေးချင်ပါတယ် . . .”

သူမက လိပ်စာတစ်ခု ပြောပြသည်။ သူ အဲဒီကို လိုက်ပို့ပေးလိုက်သည်။ နာကျင်မှုကို အံတင်းတင်းကြိတ် မြိုသိပ်ထားပြီး အင်တာဗျူးမည့် ဟိုတယ်လ်ထဲသို့ ခြေထောက်နင်းဖြင့် ကြိုးစားပမ်းစား ဝင်သွားခဲ့သော ထိုကောင်မလေး၏ ပုံရိပ်သည် သူ့ရင်ထဲသို့ တည့်တည့်ကြီး တိုးဝင်လာသည်။ သူနှင့် စိတ်ဓာတ်ချင်းတူသော ကောင်မလေးတစ်ယောက်ဟု ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။





“မင်း ဖြစ်ရဲ့လား . . . ကိုယ် တွဲပြီး လိုက်ပို့ပေးရမလား”

ဟု . . . သူ မေးလိုက်စဉ်က သူမ ပြန်ဖြေလိုက်သော ၁ကားသည် သူ့နှလုံးသားဆီ ထုတ်ချင်းဖောက် တိုးဝင်လာခဲ့သည်။

“ကျေးဇူးပဲ . . . ဒါပေမယ့် ဆောရီးပဲ၊ ကျွန်မက တစ်ယောက်ယောက်ကို မှီခိုရမှာ အရမ်းရှက်တယ်၊ ကိုယ့်အားပဲ ကိုယ်ကိုးချင်တယ် . . . ကျွန်မ ဖြစ်ပါတယ်”

တဲ့ . . .။ သူ့ဘဝသူ ပြန်ဆန်းစစ်မိတိုင်း သူဟာ မြကိုးကို လှေခါးထစ်သဖွယ် မှီတွယ်ပြီး သူ့ဘဝသူ မြင့်မားအောင် တက်နေမိတာများလားဟု အမြဲ တွေးမိသည်။ ထိုသို့ တွေးမိတိုင်းလည်း သူ သက်ပြင်းမောကို တနင့်တမော ချမိပါသည်။ သူ့ကိုယ်သူ မရိုးသားတော့သူ၊ မဖြူစင်တော့သူရယ်လို့ ခံစားမိလာသည်။ studio ဆီ သူ ရောက်တော့ နောက်ကျမည့်အကြောင်း သူ့လက်ထောက် ကလေးကို ဖုန်းဆက်ထားလိုက်သည်။ မြကိုးဆီက ဖုန်းမဆက်သေး။ မွေးနေ့ပြီးတဲ့နောက်ပိုင်းမှာ မြကိုးဘက်က သူ့ကို စဉ်းစားခွင့်ပေးထား သလို . . . အချိန်တစ်ခု ပေးထားခဲ့သည်။ ခါတိုင်းလို ဖုန်းခဏခဏ မဆက်သလို၊ ခဏခဏလည်း မတွေ့ဖြစ်။ မြကိုး တစ်ခုခု ဖြစ်နေ တယ်ဆိုတာတော့ သူ သိပြီးသား။ သို့ပေမယ့် မြကိုးကို ပြေလည်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပြေလည်ကြောင်း၊ ချော့မြှူနှစ်သိမ့်ဖို့ ကတိပေး လိုက်လျောဖို့ကို သူ့စိတ်က လက်မခံနိုင်တာပါ။ ဖြစ်နိုင်လျှင် သူ့ကိုယ်သူ လိပ်ပြာလုံသောဘ၀ကို ပြန်လိုချင်သည်။ materials တွေ မပြည့်စုံ၊ မခမ်းနားပေမယ့် ရုန်းကန်ကြိုးစားရတာ အဓိပ္ပာယ်ရှိသည်။ လူတွေ၏ မျက်လုံးကို ရဲရဲ ရင်မဆိုင်ရဲသော၊ ရှက်ရွံ့ သိမ်ငယ်နေရသော အဖြစ်ကို သူ ငြီးငွေ့ချင်လာခဲ့ပြီ။ မြကိုးက သူ့ကို ရုပ်ဝတ္ထုပစ္စည်းတွေနှင့် အပိုင်သိမ်းသွင်းချည်နှောင်နေသည်လို့ ခံစားမိလာသည်။

တော်တော်လေးကြာအောင် စောင့်လိုက်ရပြီးမှ သူမ ခြေထောက်နင်းလျက် ခပ်ဖြည်းဖြည်း အားယူပြီး ပြန်ထွက်လာသည်။ သူမ ခြေကျင်းဝတ်တစ်ခုလုံး ယောင်ကိုင်းနေပြီ။ မျက်နှာတစ်ခုလုံးလည်း နီမြန်းကာ ချွေးစေးတွေပင် ပျံနေပြီ။ သို့သော် . . . သူမ အံတင်းတင်းကြိတ်ထားဆဲ။

"ဘယ်လိုလဲ . . . အဆင်ပြေရဲ့လားဟင်"

"သူတို့ အကြောင်းပြန်လိမ့်မယ် . . . ကျွန်မတော့ ဖြေခဲ့သမျှ ကျေနပ်ပါတယ်၊ ခြေထောက်ကတော့ အရမ်းကို နာလွန်းလို့ သေတော့မယ်၊ ကျွန်မကို ဆေးခန်းသာ မြန်မြန်ပို့ပါတော့"

သူမက မျက်လုံးများကို ခပ်တင်းတင်း ဖိမှိတ်ထား





တော့သည်။ အခုမှ စိတ်လျှော့ပစ်လိုက်သည့် ပုံစံအတိုင်း။ သူ ဆေးခန်းဆီသို့ မောင်းရသည်။ မျှော်လင့်ထားသည့်အတိုင်း ခြေသလုံးရိုး အက်သွားခဲ့ခြင်းဖြစ်သည်။ ဆေးစည်းပေးလိုက်ပြီး ငြိမ်ငြိမ်အနားယူရမည် . . . ဟု ဆရာဝန်က မှာလိုက်သည်။

"ကဲ . . . ပြော၊ ကိုယ် အိမ်အထိ ပြန်လိုက်ပို့ပေးမယ်၊ အိမ်လိပ်စာသာပြော"

"ကျွန်မရဲ့အိမ်က စမ်းချောင်းမှာ၊ ရှင့်ကို ကျွန်မ ဆက်ပြီး ဒုက္ခမပေးချင်တော့ပါဘူး၊ ကျွန်မဘာသာပဲ ပြန်လိုက်ပါ့မယ်"

သူမ၏ မျက်နှာပေါ်မှာ တစ်ယောက်ယောက်ကို အားမကိုးလိုခြင်းထက် အားနာရိပ်ကလေး သမ်းလျက်ရှိသည်။

"ကျွန်တော့်အတွက် ဒုက္ခလို့ မခံယူပါဘူးဗျာ၊ ကျွန်တော့်ကြောင့် ဖြစ်သွားခဲ့တာ၊ ကျွန်တော် တာဝန်ယူရမှာပေါ့၊ နောက်ရက်တွေ ဆေးခန်းပြန်ပြဖို့လည်း ကျွန်တော်ပဲ တာဝန်ယူပါရစေ"

"အို . . . မဟုတ်တာ၊ တော်ပါပြီ . . . ၊ ကျွန်မအပြစ်လည်း မကင်းပါဘူး"

သူမအိမ်သို့ ကားမောင်းပို့ပေးလိုက်သည်။ ရှစ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ရှိသော ကန်ထရိုက်တိုက်တစ်ထပ်ရှေ့မှာ သူမက ရပ်နိုင်းပါသည်။

"ဘယ်နှလွှာမှာ နေတာလဲဟင် . . ."

ဟု သူကမေးတော့ သူမက တစ်ချက်ပြုံးသွားကာ. . .

"ဟိုး အပေါ်ဆုံးလွှာ . . ."

တဲ့ . . .။

"ဟိုက် . . . ဒုက္ခပဲ . . . မင်း တက်နိုင်ပါ့မလား"

သူမက ပခုံးကလေးတစ်ချက် တွန့်လိုက်ကာ. . .

"အဲဒါ ဘဝပဲ . . . နာကျင်တတ်နေရင် အပေါ်ကို ရောက်တော့မှာ မဟုတ်ဘူး၊ နာတာကို ကြံ့ကြံ့ခံနိုင်မှ အမြင့်ကို ရောက်မှာ၊ အားလုံးအတွက် ကျေးဇူး . . ."

သူမ ပြောလိုက်လျှင် ဘဝဒဿနကလေးကတော့ ပါလာတတ်တာကို သူ ဘာကြောင့်မုန်းမသိ နှစ်လို သဘောကျမိရက်သား ဖြစ်သွားသည်။

"ဟာ . . . မေ့တော့မလို့၊ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးရဦးမယ်၊ တော်ကြာ . . . နောက်တစ်ခါ





လာရင် မသိဘူး ပြောမှာစိုးလို့ . . . ကျွန်တော့် နာမည် ဟန်းဆမ်းပါ"

"ရှင့်ကို ကျွန်မ သိပါတယ်၊ ဒီလောက် နာမည်ကြီးတဲ့ ဓာတ်ပုံဆရာတစ်ယောက်ကို ကျွန်မ,မသိရင် ညံ့ရာ ကျသွားမှာပေါ့၊ မဂ္ဂဇင်းကာဗာတွေ တော်တော်များများ ရှင့်လက်ရာတွေချည်းပဲလေ၊ တွေ့ရတာ ဂုဏ်ယူပါတယ်ရှင်၊ ကျွန်မ သစ္စာပျိုလွင်ပါ . . ."

"ဖြစ်နိုင်ရင် ကျွန်တော် အပေါ်ထိ နောက်ကနေ အတူလိုက်ပြီး ပို့ပေးပါရစေ၊ စိတ်မချလို့ပါ . . .၊ မတော်တဆ ခြေတစ်ချက်ယိုင်ပြီး ပြုတ်ကျမှာစိုးလို့ပါ၊ ခြေသလုံးရိုးအက်သွားတာ နည်းတဲ့ဒဏ်ရာ မဟုတ်ပါဘူး"

သူ၏ တောင်းတောင်းပန်ပန်အပြောကို သူမက ခဏ ိုးစားပြီး သဘာဝကျတယ်လို့ လက်ခံလိုက်ပုံဖြင့် ခေါင်း က်ပြလိုက်သည်။ သူမက ရှေ့ကနေ ဖြည်းဖြည်းချင်း ကြိုးပမ်းစားတက်နေစဉ် သူက နောက်ကနေ လက်တရွယ်ရွယ်ဖြင့် မကို ပွေ့ထိန်းပေးဖို့ အဆင်သင့်ဖြစ်နေသည်။ တော်တော် ကျင်နေသည့်ကြားက ဟိုးအပေါ်ထိ တစ်ချက်ကလေး မညည်း



www.burmeseclassic.com

www.burmeseclassic.com



ညှုပဲ ရောက်အောင်တက်သွားသော သူမ၏ ဖွဲ့ကိုတော့ လက်ဖျား
ခါလောက်ပါသည်။

သူမ၏ အိမ်ခန်းကလေးက သပ်သပ်ရပ်ရပ် သန့်သ
ရှင်းရှင်း . . .။ သူမ အဖေနှင့်အမေက သူမ အခြေအနေကို ကြည့်
ပြီး စိုးရိမ်တကြီး၊ ပျာပျာသလဲတွေ ဖြစ်ကုန်သည်ကို သူမ
အေးအေးဆေးဆေးပဲ ရှင်းပြနေသည်။ ကြည့်လိုက်ရုံနှင့်တ
ရိုးသားငြိမ်းချမ်းသော မျက်နှာထားတွေကို မြင်ရပါသည်။ သူ
လည်း အပြစ်တောင် မတင်သည့်ပြင် ခုလို လိုက်ပို့ကူညီပေး
သည့်အတွက် ကျေးဇူးတောင် တင်နေသေးသည်။

“ကဲ . . . ကျွန်တော် ပြန်ဦးမယ်၊ မနက်ဖြန်တစ်ခေါက်
လာပါရစေနော်”

“ရပါတယ် . . . မလာပါနဲ့၊ ကျွန်မ အဆင်ပြေပါတယ်
ကျွန်မမှာ မောင်လေးတစ်ယောက်၊ ညီမလေး ရှိသေးတ
အမြွှာကလေးပေါ့၊ နှစ်ယောက်လုံး ဆေးကျောင်း ပထမ
စ,တက်နေတယ်”

သူမ မျက်နှာမှာ ဂုဏ်ယူပြုံးကလေး လင်းနေသ
အထင်ကြီးလေးစားစရာ မိသားစုကလေးတစ်စု . . . ဟု





သိအမှတ်ပြုလိုက်မိသည်။ အဖေ အမေက အသက် ခြောက်ဆယ်
ကျော်ဝန်းကျင်တော့ ရှိရောပေါ့။ အလုပ် မသွားတော့ဘူးဆိုရင်
စင်စားတွေအရွယ်။ ဆေးကျောင်းသား အမြွှာကလေးနှစ်ယောက်
တာဝန်၊ မိဘတာဝန်၊ မိသားစု တစ်စုလုံး၏တာဝန်ဟာ . . . သူမ
းမှာပဲ ရှိနေမှာပေါ့။ သူ့ဘဝနှင့်ဆင်လိုက်တာ . . . ဟု မနှိုင်း
ဉ်မိဘဲ မနေနိုင်။ တစ်ခုပဲ . . .။ သူက သူလိုချင်သော ဘဝတစ်ခု
ရဖို့ လျှော့ခါးထစ်တွေ၊ အမှီအတွယ်တွေကို သုံးခဲ့သည်။ အခုအချိန်
တော့ မြင့်မြင့်မားမား အောင်မြင်သော ဘဝတစ်ခုမှာတော့
နေပါရဲ့။ သူ လုံးဝဥဿုံ ပျော်ရွှင်စိတ်ချမ်းသာခြင်း မရှိ။ တစ်ခုခုကို
မ်ရှက်ရွံ့နေမိသော၊ လိပ်ပြာ မသန့်သော ခံစားချက်ကြီးတစ်ခုက
မြစ်တွယ်နေသည်။ အဲဒါဟာ သူ့ရဲ့ ကိုယ်ပိုင် အစွမ်းအစ၊ ကိုယ်ပိုင်
အောင်မြင်မှု မဟုတ်သလို ခံစားနေရသောအဖြစ်။

သစ္စာပို့လွှင်ဆီကနေ ပြန်လာပြီး သူ studio ရောက်
တော့ အလုပ်တွေက သူ့ကို တန်းစီစောင့်နေသဖြင့် အလုပ်တွေကို
သွက်သွက် ရှင်းရသည်။ ဖုန်းပင် မကိုင်မိ။ ညနေပိုင်းလောက်မှာ
အလုပ်တွေ အားလုံး လက်စသတ် ပြီးချိန်ကျမှ ခဏနားရင်း
းကောက်ကိုင်ကြည့်မိတော့ missed calls တွေ၊ messages



www.burmeseclassic.com

www.burmeseclassic.com



တွေအများကြီး ဝင်နေသည်။ မြကိုးဆီကတင် မနည်း။ သူ မြကိုးဆီ ဖုန်းချက်ချင်း ခေါ်လိုက်သည်။

"ဟယ်လို ... stranger! ဘယ်လိုဖြစ်တာလဲ၊ ဖုန်းလည်း လုံးဝမကိုင်ပါလား၊ တစ်ချက်ကလေးတောင် ပြန်ဆက်ဖော် လည်း မရဘူး"

မြကိုးအသံက မကြည်မလင်။

"ဆောရီးပဲ မြကိုးရယ် ... ကိုယ် ဒီမှာ အလုပ်တွေ တန်းစီ နေလို့ပါ၊ ခုမှ အားတာ"

"မသိပါဘူး ... ဘာကာလာတွေများ ခြယ်နေပြီလဲလို့၊ ဘယ်လိုလဲ ... ညစာ အတူစားဖို့ရော အချိန်ပေးနိုင်ရဲ့ လား"

"ပေးရမှာပေါ့ မြကိုးရယ် ... ဘယ်လိုဖြစ်တာလဲ၊ လေသံ ကလည်း ခနိုးခနဲ့နဲ့ အစိမ်းရောင်တွေ သမ်းနေလိုက်တာ"

"အဲဒီစကားက ကျွန်မက ပြောရမှာ ... ဒီညနေ KO-REAN RESTAURANT မှာ စားရအောင်၊ အသစ်ဖွင့်တဲ့ ကိုရီးယားဆိုင်လေ၊ ဟန်းဆမ်း ... အဲဒီကိုပဲ လာခဲ့တော့"

"မြကိုး ... ကိုယ်ကျွေးချင်တယ်ကွာ၊ ကိုယ် တတ်နိုင် လောက်တဲ့ ဆိုင်တစ်ဆိုင်မှာ ကိုယ်ကျွေးမယ်လေ"

"ဘယ်သူပဲ ကျွေးကျွေး ... ကျွန်မနဲ့ ဟန်းဆမ်းရဲ့ ငွေဟာ အတူတူပါပဲ၊ မတွေးသင့်တဲ့ အတွေးတွေ တွေးမနေစမ်းပါနဲ့ ဟန်းဆမ်း၊ အဲဒီ ခွဲခြား ခွဲခြားအတွေးတွေက ကျွန်မနဲ့ ဟန်းဆမ်းကို ပိုဝေးစေတယ်"

သူ့သက်ပြင်းရှိုက်သံကို မြကိုး မကြားနိုင်။ အဲဒါ မြကိုးရဲ့ စရိုက်ပဲ။ ယောကျ်ားတစ်ယောက်ရဲ့ အခန်းကဏ္ဍကို မှိန်ဖျော့ထားတတ်သော စရိုက်လေ။ သူမ၏ အတွေး၊ သူမ၏ ခံယူချက်၊ သူမ၏ ဆုံးဖြတ်ချက်ကသာ အဓိကဖြစ်ရမည်။ တခြားသူအတွက် သိပ်မတွေး ...။ အဲဒါကပဲ ... သူ့ကို တွေဝေငေးငိုင်စေခဲ့သလား မပြောတတ်ပါ။ မိန်းမတစ်ယောက်၏ ဦးဆောင်စီမံခြယ်လှယ်ရာနောက်ကနေ အသာ အသင့်မျှောပြီး လိုက်ပါချင်သော ယောကျ်ားရယ်လို့ ဘယ်နှယောက်များ ရှိနိုင်မလဲ။

www.burmeseclassic.com



ညစာအတူစားပြီး သူ ဂျစ်ကားကလေးနှင့် လေညှင်းခံ ထွက်ချင်သည်ဆိုသောကြောင့် သူက ကားမောင်းကာ မြကိုးက ဘေးကနေ ပါလာသည်။

“ကောင်းကင်ကြီးကို ကျယ်ကျယ်လွင့်လွင့် အပီအပြင် မြင်ရတဲ့ မြို့ပြင်ဘက်လောက် မမောင်းချင်ဘူးလားဟင်”

“ဖြစ်ပါတယ် မြကိုးရဲ့ . . . မြကိုး အိမ်ပြန်နောက်ကျမှာစိုးလို့ ဟော်တယ်ပြန်ပြီး ကားယူရဦးမှာ ရှိသေးတယ်”





“ဖြစ်ပါတယ် . . . မေမေ့ကို ကျွန်မ ဖုန်းဆက်ထားလိုက်ပြီးသား၊ မေမေက အေးဆေး . . .”

“ဒါဖြင့်လည်း သွားတာပေါ့ . . .”

သူ မြကိုး၏ ဆန္ဒကို ဖြည့်ဆည်းပေးရပါသည်။ လယ်ကွင်းပြင် စိမ်းစိမ်းတွေရှိသော နေရာတစ်နေရာမှာ ကားကိုရပ်ပြီး နှစ်ယောက်သား ငြိမ်သက်ခြင်း အတွေးကိုယ်စီဖြင့် ကောင်းကင်ကြီးဆီ ငေးကြည့်နေမိကြသည်။ ထိုခဏမှာ သူ သစ္စာပျိုလွင်ဆိုသော မိန်းကလေးကို ဖျတ်ခနဲ သတိရမိသွားသည်။ သူမ ဘယ်လိုနေရှာမလဲ။ ဒဏ်ရာက ကိုက်များနေမလား။ မနက်ဖြန် သွားတွေ့ဖို့ စိတ်ထဲကနေ အစီအစဉ်ဆွဲနေသည်။

“ဘာတွေ တွေးနေသလဲ . . . ဟန်းဆမ်း”

“ဒီလိုပါပဲ . . . ဟိုအကြောင်း၊ ဒီအကြောင်းပေါ့”

“ကျွန်မအကြောင်း တွေးနေတာ မဟုတ်ဘူးလားဟင်၊ ကျွန်မကတော့ ဟန်းဆမ်းအကြောင်း တွေးနေတာ”

“ဩော် . . . မြကိုးက ကိုယ့်အနားမှာ နီးနီးလေး ရှိနေတာ၊ တွေးနေဖို့ လိုသေးလို့လား မြကိုးရဲ့ . . .”

“အိုး . . . သိပ်လိုတာပေါ့ကွယ်၊ အနီးနားမှာ ရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက လွင့်ချင်ရာလွင့်၊ ရောက်ချင်ရာ ရောက်နေရင်လည်း အဝေးဆုံး ရောက်နေသလိုပဲ၊ မေမေကတောင် မေးနေတယ်"

"အင်း . . . ဘာတဲ့လဲ"

"သမီးတို့ ဘယ်တော့လောက် လက်ထပ်ကြမလဲတဲ့ မေမေက မင်္ဂလာပွဲကို စီစဉ်ပေးချင်နေတယ်"

"မြကိုးက ဘယ်လိုဖြေလိုက်သလဲ . . ."

"မကြာတော့ပါဘူးလို့ ဖြေလိုက်တယ်လေ၊ ဟုတ်တယ်မှုလား၊ ဟန်းဆမ်း စဉ်းစားနေတာ ဘယ်အဆင့်လောက် ရောက်သွားပြီလဲ၊ ကျွန်မကိုရော ချစ်သေးရဲ့လားဟင်"

"ချစ်တာပေါ့ မြကိုးရယ် . . . ဒါပေမယ့်"

"ကျွန်မလေ ဟန်းဆမ်းကို အဲဒီလောက် ချစ်မိသွားလိမ့်မယ်လို့ ထင်တောင် မထင်ခဲ့ဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ အတူနေရတဲ့ ဘဝဟာလည်း သုခဘုံပဲ ဟန်းဆမ်းရယ်၊ တကယ်ဆို ဟန်းဆမ်းဘက်က အသည်းအသန် ဖြစ်ရမှာ၊ အခုတော့ ပြောင်းပြန်ပါလားတော်၊ ဟန်းဆမ်းက မလှုပ်တလှုပ် အေးတိအေးစက်နဲ့"





"မဟုတ်ပါဘူး မြကိုးရယ် . . . ကိုယ် တွေးနေတာပါ၊ ဘဝနှစ်ခု ပေါင်းဖို့ဆိုတာ မြကိုးထင်သလောက် မလွယ်ဘူးလေကွာ၊ ကိုယ့်ဘက်ကမှ အဆင်သင့် မဖြစ်နိုင်သေးတာ",

"ဘာကို အဆင်သင့် မဖြစ်တာလဲ ဟန်းဆမ်း"

"ကိုယ် အေးအေးဆေးဆေး စဉ်းစားပါရစေဦးကွာ"

"ဖြစ်မှ ဖြစ်ရလေ . . . မိန်းကလေးက မစဉ်းစားရဘဲ ယောကျ်ားလေးက စဉ်းစားပါရစေဦးတဲ့၊ လောကကြီး ဘာတွေ ဖြစ်ကုန်ပြီလဲဟင်၊ ကျွန်မကို စိတ်ဆင်းရဲအောင် မလုပ်ချင်စမ်းပါနဲ့ ဟန်းဆမ်းရယ်၊ ဒီလောက်ထိ ပြောနေရတာတောင် ကျွန်မဘက်က တော်တော် အောက်လျှော့ပြီ၊ ဟန်းဆမ်းကို သိပ်ချစ်လွန်းလို့သာ ကျွန်မ ဒီလောက် အောက်ကျနောက်ကျခံပြီး ကိုယ့်ရဲ့ ဂုဏ်သိက္ခာတွေကို ခဝါချပြီး ပြောနေတာပါ၊ ကျွန်မကိုယ်ကျွန်မ တစ်ခါမှတောင် မတွေးမိခဲ့ဘူး၊ ယောကျ်ားတစ်ယောက် ကိုယ့်ချစ်သူပေါ့လေ . . . သူက ကိုယ့်ကို လက်ထပ်ချင်လာအောင် ဒီလောက် တိုက်တွန်းနှားချ နေရလိမ့်မယ်လို့ ထင်တောင် မထင်ပါဘူး"

"မြကိုးရယ် . . . ကိုယ့်ကို ယောကျ်ားတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးတော့ ပေးပါ၊ အစစအရာရာ ကိုယ်ပဲ ဦးဆောင်ခွင့်၊ ဆုံးဖြတ်ခွင့် ရချင်တယ်၊ ရှင်းရှင်းပြောရရင် ခုအချိန်မှာ လူတွေအားလုံးရဲ့ အမြင်မှာ မြကိုးက ကိုယ့်ကို ဒေါက်ထောက်ပေးထားတဲ့ sponsor၊ တစ်ချိန်မှာ အနေးနဲ့ အမြန်ပဲ မြကိုးကို ကိုယ် သိမ်းပိုက်လိုက်မှာပဲလို့ . . . ထင်နေကြတဲ့အချိန်မှာ သူတို့ ထင်မြင်ချက်တွေထဲ ကိုယ့်ကိုယ်ကိုယ် ထိုးမကျွေးချင်ဘူး၊ အဲဒါကို မြကိုး နားလည်ချင်မှ နားလည်မယ်၊ အဲဒါ ယောကျ်ားတစ်ယောက်ရဲ့ မာနပဲ မြကိုး၊ ကိုယ် ယောကျ်ားတစ်ယောက်ပဲ . . . လိပ်ပြာသန့်သန့် ဖြစ်ချင်တယ်၊ ပိုင်း မဖြစ်ချင်ဘူး၊ မြကိုးကို ကိုယ် စိန်ခေါ်မယ်. . . ကဲ၊ မြကိုးမေမေက ကိုယ်နဲ့ မြကိုးကို သဘောမတူပါဘူး . . . ခွဲပြီ ဆိုပါတော့၊ မြကိုး ချမ်းသာသမျှ အားလုံးထားခဲ့ . . . ကိုယ့်နောက် မြကိုးတစ်ယောက်တည်း ဆင်းလာခဲ့ဆိုရင် မြကိုး စွန့်စားရဲပါ့မလား . . . ကဲ"

"အိုး . . . ဘာဖြစ်လို့ မစွန့်စားရဲရမှာလဲ၊ သိပ် ဆင်းလာရဲတာပေါ့ ဟန်းဆမ်းရဲ့၊ ဒါပေမယ့် မေမေက သဘောမတူဘူးလို့ ပြောနေတာမှ မဟုတ်တာ၊ မေမေနဲ့လည်း ကျွန်မ





မခွဲနိုင်ပါဘူး၊ ဘယ်တော့မှ ခွဲလို့ မဖြစ်ပါဘူး၊ မေမေ့ ဘဝထဲကနေတော့ ကျွန်မကို ဆွဲမထုတ်ပါနဲ့ ဟန်းဆမ်း၊ ဟန်းဆမ်းကသာ ကျွန်မဘဝထဲကို ဝင်လာဖို့ ကြိုးစားပေးစမ်းပါ"

သူ သက်ပြင်းတစ်ချက်ချမိသည်။

"စိတ်ချမ်းချမ်းသာသာနေပါ မြကိုးရယ် . . . ဒီအကြောင်း အခု မဆွေးနွေးပါနဲ့ဦး"

ဟု . . . သူ စကားဖြတ်လိုက်သည်။ မြကိုး မကျေနပ်ဘူးဆိုတာ သိသာပါသည်။ သို့သော် . . . မြကိုး ကျေနပ်အောင်လည်း သူ မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ….. ၅




www.burmeseclassic.com

www.burmeseclassic.com

ယုရှယ်

အနုလည်း နင့်ဆေးကျောင်းမှာ ကျွင်း ရထားတာပဲ။ ဘာဖြစ်လို့ အဲဒီလောက် ထင်ပေါ် ကျော်ကြားချင်နေရတာလဲ။ အဲဒီ နာမည်ကြီးခြင်းရဲ့ နောက်ဆက်တွဲရလာဒ်တွေက အများကြီး။ ချစ်သူခင်သူတွေ များလာမယ်။ ပိုင်ဆိုင်ချင်တဲ့သူတွေ ပိုင်းပိုင်းလည်လာမယ်။ နင့်ဘဝရည်မှန်းချက်က ဆရာဝန်ဖြစ်ဖို့ မဟုတ်ဘူးလား။ အနှောင့်အယှက် ... အဟန့်အတားတွေ အန္တရာယ်တွေကို ဘာလို့ ဖိတ်ခေါ်ချင်နေရ တာလဲ။ မိန်းကလေးတစ်ယောက်က ချောလေလှလေ ကိုယ့်တန်ဖိုး ကိုယ်ထိန်းဖို့ အရေးကြီးလေပဲ။





Love does not begin and end the
way we seem to think it does.
Love is a battle; love is a war;
Love is a growing up."
James Baldwin

အချစ်ဆိုတာ ကိုယ်တွေးထင်ထားသလို
စတင်ဖြစ်ပွားပြီး အဆုံးသတ်သွားတာမျိုး
မဟုတ်ပါဘူး။ အချစ်ဆိုတာ
တိုက်ပွဲတစ်ပွဲ၊ စစ်ပွဲတစ်ပွဲပါပဲ...။
အချစ်ဟာ ကြီးထွားနေပါတယ်။
ဂျိန်းစ်ဘောလ်ဒွင်





www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ် ...။

ကျွန်မကတော့ စွန့်စားဖို့ ...

စိန်ခေါ်မှုတွေကို လက်ခံဖို့

ဘယ်တော့မှ မကြောက်ဘူး။

သိလား ... အောင်မြင်ခဲ့ရင်

ဒါ အမြတ်ပဲ။ မတော်တဆ

ရှုံးနိမ့်ခဲ့ရင် ဒါ သင်ခန်းစာပဲ။

အတွေ့အကြုံပဲပေါ့။ ဘဝဆိုတာ

စာမေးပွဲတွေ အမြဲ
ဖြေနေရသလိုမျိုးပဲ။

အောင်တာနဲ့ ကျတာ နှစ်မျိုးပဲရှိတယ်။
မထူးဆန်းဘူးလေ။







ာပျိုလွင့် အတွက် လိုအပ်မည့် ဆေးဝါးတွေ၊ အစားအ
ာက်တွေ ဝယ်သွားပြီး သူမအိမ်သို့ ရောက်ခဲ့သည်။ သူမက
ဟ်ရွှေစွာပဲ ဆီးကြိုပါသည်။ သူသွားချိန်က ညနေပိုင်းမို့ အမြွာ
စ်ယောက်ပါ ရှိနေသည်။

"ဘာဖြစ်လို့ ဒါတွေ ဝယ်လာတာလဲ ကိုဟန်းဆမ်းရယ်၊ ကျွန်မက လူမမာမှ မဟုတ်တာ၊ အရှိုးအက်သွားတာက အချိန်တန်ရင် ပြန်ဆက်သွားမှာပေါ့၊ နောက်တစ်ခါဆို



www.burmeseclassic.com

www.burmeseclassic.com



ယူမလာပါနဲ့ . . . ကျွန်မ မကြိုက်ဘူး”

ဟု . . . သူမက ပြတ်သားစွာ ပြောပါသည်။ အမြွှာ . . .
ထဲက ညီမလေးက မင်းသမီးတစ်ယောက်လို ထူးခြားလှပသော
ရုပ်ရည်ကလေးရှိကာ သူမက ဓာတ်ပုံရိုက်တာ၊ မျက်နှာဖုံးရှင် ဖြစ်
တာကို ဝါသနာပါသည် . . . ဟု လာပြောပြနေသည်။ သစ္စာ
ကတော့ သူ့ညီမကိုသာ ပြုံး၍ ကြည့်နေသည်။

“သူက မင်းသမီးပိုးပါနေတယ် ကိုဟန်းဆမ်းရေ၊ ကိုဟန်းဆမ်း
နဲ့ သိတယ်ဆိုကတည်းက သူ့မှာ ဖြစ်နေတာ၊ ကျွန်မက
စာဖက်မှာ ပေါ့သွားမှာစိုးလို့ ကျောင်းပြီးမှ လုပ်လို့ပြောထား
တာ”

“မျက်နှာဖုံးရှင်တော့ လုပ်လို့ရပါတယ် . . . တစ်ရက် ကိုယ့်
ဆီမှာ ဓာတ်ပုံလာရိုက်လေ၊ ကိုယ်နဲ့ အရမ်းခင်တဲ့ မဂ္ဂဇင်းမှာ
သုံးပေးဖို့ ပြောပေးမယ်၊ ယုယချိုသွင်က လှပြီးသားပဲ၊ စိတ်ဝင်
စားအောင် ရိုက်ထားရင် သူတို့ သုံးပါတယ်”

“ဟယ် . . . တကယ်လားဟင်၊ ဘယ်တော့ ရိုက်ရမလဲဟင်
မကြီး ခွင့်ပြုတယ်မှလားဟင်၊ ယု မျက်နှာဖုံးတော့ ရိုက်ပါရစေ

ဆယ်ကျော်သက်ကလေးမို့ ပီတိ အပြစ်ကင်းစင်က





န်ဆောင်ခြင်းလည်း ကင်းလေသည်။ သစ္စာက မျက်စောင်းချီ

“တွေ့လား . . . အဲဒါပဲကြည့် . . . ကိုဟန်းဆမ်းက အရှုံကို
ဘုံမြှောက်တော့မယ်၊ တကယ်ပဲ . . . ပြောမရ ဆိုမရ၊ နင့်ကို
ငါ လိုက်မထိန်းနိုင်ဘူး ယုရဲ့ . . .”

“အပျော်သက်သက်ပါ မကြီးရယ် . . . လုပ်ပါနော်၊ ယုပုံလေး
စာအုပ်မျက်နှာဖုံးမှာ ပြန်မြင်ချင်လို့ပါ”

“ယုရယ် . . . အခုလည်း နင့်ဆေးကျောင်းမှာ ကွင်း ရထား
တာပဲ၊ ဘာဖြစ်လို့ အဲဒီလောက် ထင်ပေါ်ကျော်ကြားချင်
နေရတာလဲ၊ အဲဒီ နာမည်ကြီးခြင်းရဲ့ နောက်ဆက်တွဲ
ရလာဒ်တွေက အများကြီး၊ ချစ်သူ ခင်သူတွေ များလာမယ်၊
ပိုင်ဆိုင်ချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်လာမယ်၊ နင့်ဘဝ
ရည်မှန်းချက်က ဆရာဝန်ဖြစ်ဖို့ မဟုတ်ဘူးလား၊ အနှောင့်
အယှက် . . . အဟန့်အတားတွေ အန္တရာယ်တွေကို ဘာလို့
ဖိတ်ခေါ်ချင်နေရတာလဲ၊ မိန်းကလေးတစ်ယောက်က ချော
လေလှလေ ကိုယ့်တန်ဖိုး ကိုယ်ထိန်းဖို့ အရေးကြီးလေပဲ”

ယုယချိုသွင်က မျက်နှာငယ်ကလေးနှင့် ဘာမှ ထပ်



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့။ သူညီမ သူ ဆုံးမသွန်သင်နေဟန်ကလေးကို သူက အထင်တကြီး လေးစားလိုက်မိသေးသည်။ အခွင့်အရေးတစ်ခုရ တိုင်း အဲဒီ အခွင့်အရေးကို ဖမ်းပြီး အသုံးမချတတ်တာကို သူ သဘောကျပါသည်။ မိန်းကလေး ချောချောလှလှတိုင်း သူ့ကိုမြင် လျှင် သူနှင့် ခင်မင်ရင်းနှီးခွင့်ရလျှင် ဒီလို အခွင့်အရေးမျိုးကို လက် လွှတ်မခံတတ်ကြ။

"ဆေးခန်းပြန်ပြရမယ့်ရက်ကို ကျွန်တော် လာခေါ်ပေးမယ် သစ္စာ၊ ကျွန်တော့်ကို ဒီအခွင့်အရေးလေးတော့ ပေးပါ"

"စိတ်ချပါ . . . သန်ဘက်ခါ ပြန်သွားရမယ်၊ ညနေပိုင်းမှပါ"

"အိုကေ . . . ကျွန်တော့်ကို စောင့်ပါနော်၊ ကျွန်တော် လာခေါ်ပေးမယ်"

သူမက ပြုံး၍ ခေါင်းညိတ်ပါသည်။ ခဏတဖြုတ် စကားပြောပြီး သူပြန်လာခဲ့သည်။ တကယ်ဆို သူ မပြန်ချင်သေး အကြာကြီး ဆက်ထိုင်နေဖို့ မသင့်တော်လို့သာ သူ ပြန်လာခဲ့ရခြင်းဖြစ် သည်။ ယုယ အတွင်းခန်းထဲ ဝင်သွားချိန်မှာ သစ္စာ သူ့ကို ခပ်တိုးတိုး ပြောခဲ့သော စကားတစ်ခွန်းကို သူ နားထဲကနေ တော်တော်နှင့် မထွက်နိုင်။





"ယုကို အလှမာတ်ပုံ ရိုက်ချင်ရင်တော့ ရိုက်ပေးလိုက်ပါ ကိုဟန်းဆမ်း၊ ဒါပေမယ့် မျက်နှာဖုံးတော့ အလွယ်တကူ ထည့် မပေးလိုက်ပါနဲ့၊ ကိုဟန်းဆမ်း မျက်နှာနဲ့ မဂ္ဂဇင်းတိုက်က ထည့်ပေးလိုက်တယ်ဆိုရင် သူ့အတွက် အခွင့်အရေးတစ်ခုကို အဲဒီလို ဖြတ်လမ်းနည်းနဲ့ လိုက်လို့ရတယ်လို့ ခံယူသွားလိမ့် မယ်၊ သူကိုယ်တိုင် မကြိုးစားပဲ သူများအကူအညီနဲ့ ရတဲ့ အခွင့်အလမ်းတစ်ခုကို သူ တန်ဖိုးထားတတ်မှာ မဟုတ်ဘူး၊ ပေါ့ပေါ့တန်တန်ပဲ ဖြစ်သွားလိမ့်မယ်၊ ကျွန်မကတော့ ဘဝမှာ ခက်ခက်ခဲခဲ ရုန်းကန်ကြိုးစားပြီး တက်ရတာကိုပဲ ကြိုက်တယ်၊ သူ တစ်ပါးက လွယ်လွယ်နဲ့ပေးတဲ့ အခွင့်အရေးမျိုးဆို မယူ ချင်ဘူး၊ မယူတတ်ဘူး သနားသည်ပဲ . . . "

သစ္စာက သူ့ကိုများ စောင်းပြောနေသလား ဟု တောင် သူ ထင်မိသည်။ မြကိုးနှင့် ချစ်သူတွေ မဖြစ်ခင်အချိန်ထိ သူ့ဘဝဟာ ရုန်းကန်ဆဲ . . . ကြိုးစားဆဲပါပဲ။ မြကိုး ပေးခဲ့သမျှ အခွင့်အရေးတွေ အားလုံးကို အသုံးချပြီးတဲ့နောက်မှာ သူ့ဘဝ နေ့ချင်းညချင်း မြင့်မား အောင်မြင်လာသည်။ တခမ်းတနား ကိုယ်ပိုင် studio နှင့် ဖြစ်လာ တော့ အလုပ်တွေ ဝိုင်းအပ်လာကြသည်။ လိုအပ်သမျှ fascilities



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တွေကို မြကိုးက ဖြည့်ဆည်းပေးခဲ့သည်မို့ အရာရာဟာ သူ့အတွက် အဆင်သင့် ရေကန်အသင့် ကြာအသင့်ဆိုသလိုပင်။ အလုပ်တွေ အများကြီး လုပ်ခွင့်ရလာတော့ ပိုပြီး အောင်မြင်လာသည်။ ဘဝတွေလည်း ခမ်းနားလာသည်။ တစ်ခုတော့ သူ့ဘက်က ပေးလိုက်ရတာ ရှိသည်ပေါ့လေ။ သူ့မှာ ကျောထောက်နောက်ခံ sponsor ရှိသည် ဆိုသော ဂုဏ်သိက္ခာနှင့် နှီးနွှယ်ပတ်သက်နေသော နာမည်တစ်ခုပေါ့လေ။

"ကျွန်မက အခွင့်အရေးတစ်ခုကို ဘယ်တော့မှ အလကား မလိုချင်ဘူး ကိုဟန်းဆမ်း၊ တန်ရာတန်ကြေး ထိုက်ထိုက် တန်တန် ကြိုးစားလိုက်ပြီးမှပဲ အောင်မြင်မှုကို လိုချင်တယ်"

ဟု . . . သစ္စာက နှုတ်ဆက်ရင်း အဆုံးသတ် စကားကို ပြောခဲ့သည်။ သူ နားလည်ပါသည်။ သူလည်း အဲဒီအတိုင်းပဲ ခံယူခဲ့ဖူးသည်။ နောက်ဆုံးတော့ သူက ဖြတ်လမ်းလိုက်ခဲ့မိသည်။ ဘဝမှာ ဘယ်အရာမှ အလကား မရနိုင်ဆိုသည့်အတိုင်း သူ့ဆီကလည်း မြကိုးက ထိုက်ထိုက်တန်တန် အခွင့်အရေးတစ်ခုကို ပြန်တောင်းနေခဲ့ပြီ။ အဲဒါက သူ့ရဲ့ ဘဝတစ်ခုလုံး ဖြစ်နေသည်။ မြကိုးကို သူ ပေးနိုင်ပါ့မလား။ သူ့ဘဝတစ်ခုလုံး မြကိုး အလိုကျ





ဆန္ဒအတိုင်း ထားရာနေ၊ စေရာသွား ယောက်ျားတစ်ယောက်အဖြစ် သူကိုယ်သူ ထိုးကျွေးနိုင်ပါ့မလား။ တွေးလိုက်တိုင်း သူ့ရင်ထဲ မချိတင်ကဲ ခံစားသွားမိတတ်ပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ခုတလော မြကိုးစိတ်တွေ မကြည်လင်ပါ။ ဘယ်အရာကိုမှ စိတ်တိုင်းမကျချင်။ တစ်ခုခုကို အမြဲ အလိုမကျသလို ခံစားနေရသည်။ ဘဝမှာ အမြဲ လိုတရ၊ လိုလေသေး မရှိခဲ့သူမို့ အခုအချိန်မှာ 'မရနိုင်' ဆိုတာ မရှိချင်။ သူမကို ဟန်းဆမ်း တကယ်မှ ချစ်ရဲ့လား ... ဟူသော သံသယသည် မြကိုးနှလုံးသားကို တဒေါက်ဒေါက် ခေါက်နေခဲ့တာ ကြာပြီ။ အိပ်စက်ခြင်းတွေကိုလည်း နှောင့်ယှက်ဖျက်ဆီးခဲ့တာ ကြာပြီ။ သူ ဘာတွေဖြစ်နေသလဲ။ ဘာတွေ





ကို တွေဝေ မပြတ်သားနိုင် ဖြစ်နေရတာတဲ့လဲ။ မြကိုးကသာ ခေါင်းတစ်ချက်ညိတ်လိုက်လျှင် လက်ထပ်ချင်သူတွေ တန်းစီပြီးတော့တောင် နေမည်။ ထိုအခွင့်အရေးကို လူတိုင်း ငမ်းငမ်းတက် လိုချင်မက်မောသည့်ကြားမှာ ဟန်းဆမ်းက ဘာဖြစ်လို့ အင်တင်တင်ဖြစ်နေရသလဲဆိုတာ စဉ်းစားလို့ကိုမရ။ ရင်ထဲ သိပ်တင်းကျပ်လာသောအခါ တစ်ယောက်ယောက်ဆီမှာ ရင်ဖွင့်ချင်လာခဲ့မိသည်။ ထိုအခါ ရင်ဖွင့်ဖော်သည် မေမေသာ ဖြစ်၏။ မြကိုး၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသူဟူ၍ ဒီလောကမှာ မေမေတစ်ဦးတည်းသာ ရှိလေသည်။ မေမေသည်သာ မြကိုး၏ အားကိုးရာ ...။

"သမီး ဘာတွေဖြစ်နေသလဲ ... တစ်ခုခုများ ခံစားနေရလားဟင်"

သူမက မေမေ့ကုတင်ပေါ် တက်ခွေလိုက်ရင်း ဘေးတစောင်းအိပ်နေသော မေမေ့ရင်ခွင်ထဲမှာ ကလေးလေး တစ်ယောက်လို တိုးဝှေ့ဝင်လိုက်သည်။ မေမေက သဘောကျစွာ ရယ်မောရင်း မြကိုး၏ ဆံပင်ကလေးတွေကို ခပ်ဖွဖွ ညင်သာသပ်ပေးလျက်ရှိသည်။

"ပြောပါ သမီးရယ် ... သမီးနဲ့ မေမေက စိတ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေသလိုပဲ၊ သမီး တစ်ခုခု ခံစားနေရရင် မေမေလည်း ခံစားနေရတယ်"

"သူ သမီးကို မချစ်ဘူး မေမေ"

"ဟင် ... ဘာဖြစ်လို့လဲ သမီးရယ်၊ သူ သမီးကို ဘာပြောသလဲ၊ သစ္စာမရှိတာလား၊ အသုံးချနေခဲ့တာလား ... ကစားနေတာလား"

"မပြောတတ်ဘူး မေမေ၊ သံသယတစ်ခုတော့ ရင်ထဲဝင်လာတယ်၊ တစ်ခါတစ်ခါ သူ တွေဝေနေသလိုပဲ၊ သမီးနားမှာ ရှိနေပေမယ့် သူ့စိတ်က သမီးဆီမှာ ရှိမနေတတ်ဘူး၊ အဆိုးဆုံးကတော့ သမီးကို လက်ထပ်ဖို့တောင် သူ တွေဝေတွန့်ဆုတ်နေတာပဲ၊ သူ မပြတ်သားဘူး မေမေ၊ သူ့မိသားစုတာဝန်တွေကို အကြောင်းပြတယ်၊ သူ့မိသားစုတာဝန်ကို သမီး ယူပေးနိုင်တယ်ဆိုပြန်တော့လည်း မဟုတ်ပြန်ဘူး၊ သူ့ကိုနားကို မလည်နိုင်တော့တာ၊ သမီး ချစ်သလိုကို သူ ပြန်မချစ်ပါဘူး မေမေ၊ သမီးက သူနဲ့အတူ ပျော်စရာကောင်းတဲ့ မိသားစုဘဝကလေးကို တည်ဆောက်ချင်တာ၊ သူက အချိန်တွေ ဆွဲနေတယ်၊ သူ ဘာဖြစ်နေတယ်လို့ မေမေ ထင်သလဲ





ဟင်"

မေမေက ခဏတိတ်သွားပြီး စဉ်းစားနေခဲ့ပါသည်။

"နှစ်ခုပဲဖြစ်နိုင်တယ် သမီး ... သူ သစ္စာမရှိတာလား၊ သမီးကို အသုံးချခဲ့တာလား၊ မေမေ့သမီးကို လက်ထပ်ခွင့်ရဖို့ဆိုတာ သူ့အတွက် မဟာအခွင့်အရေးတစ်ခုပဲဟာ၊ ဘာတွေဝေနေစရာရှိသလဲ၊ သူ ပြတ်သားရမှာပေါ့ ..."

မေမေ့မျက်နှာပေါ်မှာ မချင့်မရဲဖြစ်သွားသော၊ စိတ်အနှောင့်အယှက်ဖြစ်နေသော အရိပ်တို့ကို မြကိုး မြင်နေရပါသည်။

"သမီး ဘယ်လိုဖြစ်ချင်သလဲဟင်၊ မေမေ ဆိုလိုတာက သမီး သူ့ကို တကယ်ချစ်သလား၊ တစ်သက်လုံး အတူ လက်တွဲဖို့ ဆုံးဖြတ်ထားပြီးသားလား၊ ဆိုလိုတာက ... သူမှသူပဲ တမ်းတမ်းစွဲဖြစ်နေပြီလား၊ အခြားတစ်ယောက် အစားထိုးလို့ မဖြစ်နိုင်တော့ဘူးလား"

"မဖြစ်နိုင်တော့ဘူး မေမေ ... သမီး သူ့ကို အရမ်းချစ်နေပြီ၊ ပိုင်ဆိုင်ချင်တယ် ..."

"အဲဒါဆိုလည်း သမီးရဲ့ ဆန္ဒအတိုင်း ဖြစ်လာရမှာပေါ့ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ သူနဲ့ တွေ့လိုက်ပါဦးမယ်"

မြကိုးသည် မေမေ့ကို ချစ်ခင်အားကိုးသောစိတ်ဖြင့် ခပ်တင်းတင်း ဖက်ထားလိုက်မိသည်။ မြကိုး သိပြီးသား။ မြကိုး . . . မတတ်နိုင်သော ကိစ္စတွေကို မေမေ အမြဲတမ်း ဖြစ်အောင် လုပ်ပေးနိုင်ခဲ့တယ်ဆိုတာကိုလေ။ မေမေ့ အကာအကွယ်၊ မေမေ့၏ ဖြစ်တည်မှု၊ မြကိုး၏ ရှေ့ကနေ မားမားရပ်တည်ပေးမှု . . . လိုအပ် သမျှ ဖြည့်ဆည်းပေးမှုတို့သည် မြကိုးအတွက် ဘာနှင့်မှ မလဲနိုင် သော . . . တန်ဖိုး မဖြတ်နိုင်သော ဆုလာဘ်ပဲဖြစ်တော့သည်။





ယုယကို talent ရှိသော မိန်းကလေးတစ်ယောက်မှန်း စိတ်ပုံရိုက်ရင်းဖြင့်ပင် သူ ချက်ချင်း သဘောပေါက် နားလည်လိုက် သည်။ အကင်းပါးပြီး သင်ရလွယ်သဖြင့် သူလိုချင်သော ပုံစံ ဒီဇိုင်း တွေ ချက်ချင်းရသဖြင့် သူလည်း တက်တက်ကြွကြွ။ ယုယကို ရိုက်ပို့ပေးသူမှာ သစ္စာကိုယ်တိုင် ဖြစ်သည်။ ရိုးရိုးလိုက်ပို့ပေးခြင်း တော့ မဟုတ်။ သဘောတူညီချက်တစ်ခုနှင့် ဖြစ်သည်။ သူ့ရဲ့ အရှိန် အဝါဖြင့် မဂ္ဂဇင်း မျက်နှာဖုံးမှာ မသုံးရဟု၍ဖြစ်သည်။ အပျော်တမ်း



www.burmeseclassic.com

www.burmeseclassic.com



သက်သက် အလှဓာတ်ပုံသာ ရိုက်ခွင့်ပေးခြင်းဖြစ်သည်။

"ယုယရေ . . . ကိုယ်တော့ မင်းမမဆီမှာ ခွင့်တောင်းပြီး မင်းဓာတ်ပုံတွေနဲ့ ဓာတ်ပုံပြိုင်ပွဲတစ်ခုခုဆီ ပို့မှထင်တယ်၊ ရည်လည်မိုက်တယ် . . . မင်းရဲ့ မျက်လုံးတွေက အရမ်း စကားပြောတယ်၊ mood တွေလည်း ဝင်တယ်၊ အရမ်းကို relax ဖြစ်တယ်"

"တော်စမ်းပါ . . . ကိုဟန်းဆမ်းရယ်၊ သူ့ကို အရူးဘုံ မမြှောက်ပါနဲ့ဆို"

သစ္စာက စတီးလ်တုတ်ချောင်းကလေးနှင့် ထောက်ပြီး လျှောက်နိုင်နေပြီဖြစ်သည်။ ခုတလောကလေးမှာကို သစ္စာဆေးခန်း သွားတိုင်း သူက လိုက်ပို့ပေး ကြိုပေးရင်း၊ သစ္စာ အိမ်ဘက် လမ်း ကြုံလို့ ဝင်လည်ရင်း မိသားစုထမင်းဝိုင်းနှင့် တိုးတာမို့ ထမင်းပါ ဝင်စားခွင့်ရရင်း ယုယနှင့်လည်း ပိုခင်မင်သွားခဲ့တာမို့ သစ္စာနှင့်ပါ သူငယ်ချင်းတွေလို တရင်းတနှီး ဖြစ်လာခဲ့ရသည်။

"ကိုယ့်ညီမမှာ ရှိနေတဲ့ talent ကို အရောင်ဖွင့်ပေးကြည့်ပါ လား သစ္စာရယ်၊ ဒါမျိုးက ယုယတို့လို ငယ်တုန်း နုတုန်းလေး ရိုက်ရတာ၊ ယုယမှာ ထူးခြားမှုကို ရှိတာ၊ သူ့မျက်နှာက Miley





Cyrus တို့လိုရုပ်မျိုး၊ အရမ်း အပြစ်ကင်းတယ်၊ သဘာဝဆန် တယ်၊ ရိုးသားမှုရှိတယ်"

"ကဲပါ . . . အဲဒီကိစ္စကို နောက်မှ ဆွေးနွေးတာပေါ့၊ ကိုဟန်း ဆမ်း အားပြီလား . . ."

"ယုယပြီးရင် အားပြီ . . . ဘာလဲ ထမင်းလိုက်ကျွေးမလို့ လား"

သူက နောက်လိုက်မိခြင်းဖြစ်သည်။ သူမက မျက်ခုံး တွေပင့်သွားကာ . . .

"ဟယ် . . . ရှင် ဘယ်လိုလုပ်သိတာလဲ၊ ကျွန်မက တကယ် ထမင်းလိုက်ကျွေးမလို့"

"ကြည့်စမ်း . . . ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ အထိမ်း အမှတ် တစ်ခုခု ရှိလား သစ္စာ"

"ရှိပါ့ရှင် . . . မနေ့က ကျွန်မဆီ ဖုန်းလာတယ်၊ အင်တာ ဗျူးဝင်ထားတဲ့ အလုပ်ဆီကလေ၊ ရှင် မှန်းကြည့်စမ်း . . ."

"ဟာ . . . မင်း အလုပ်ရတယ်ပေါ့"

"ရက်(စ်) . . .၊ အဲဒီအလုပ်က ကျွန်မ သိပ်လိုချင်နေတဲ့ အလုပ်၊ တက်လမ်းအများကြီး ရှိတယ်လေ၊ အဲဒီနေ့ကသာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အရှုံးပေးပြီး မသွားမိရင် ဒီအခွင့်အရေးကို ကျွန်မ ဆုံးရှုံးလိုက်ရမှာ၊ အဲဒါ ယုယကို ပြောပြနေတာ၊ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် နောက်မဆုတ်ဖို့ လက်မလျှော့ဖို့ သင်ပေးနေတာ၊ တစ်ခါတစ်ခါမှာ အခွင့်အရေးတွေက ဆုံးရှုံးမှုဟန် ရုပ်ဖျက် အယောင်ဆောင်ပြီး ခံနိုင်ရည်ဘယ်လောက်ရှိသလဲလို့ စမ်းသပ်ဖို့ ရောက်လာတတ်တာမျိုးလေ"

"Many Congrats သစ္စာ၊ ကျွန်တော် အရမ်းဝမ်းသာတယ်ဗျာ၊ ဒါဖြင့် သွားကြိတ်ကြမယ်လေ၊ ကျွန်တော် မြန်မာစာ ကောင်းကောင်း စားချင်တာ၊ အောင်သုခမှာ လိုက်ကျွေးပါလား . . ."

"သိပ်ကျွေးတာပေါ့ရှင် . . . ပြီးရင် သွားကြမယ်လေ"

သူ အလုပ်တွေ လက်စသိမ်းပြီး ထမင်းသွားစားကြဖို့ ထွက်ဖို့ဟန်ပြင်နေဆဲမှာပဲ သူ လုံးဝမျှော်လင့်မထားသော ဧည့်သည် တစ်ယောက် ရောက်လာခဲ့ပါသည်။ ဒေါ်မုန်းမိမယ်။ သူမကို တွေ့လိုက်ရတိုင်း သူ့ရင်ထဲမှာ ပြန်ပြောမပြတတ်သည့် တစ်မျိုးသော ဖိလင်ကြီး ဝင်လာတတ်မြဲဖြစ်သည်။ လူက ချက်ချင်းကို သတိအနေအထားမှာ။ သူမက ခရင်(မ်)ရောင် မှန်နိုင်လွန်ခပ်ပါးပါး ရင်ဖုံး





လက်တိုကလေးနှင့် ဖိုးသားလို အိအိပျော့ပျော့ ခရင်(မ်)ရောင် အခံမှာ အစိမ်းရောင် အနွယ်အခက်ကလေးတွေ . . . ပန်းရောင် ခရမ်းရောင် ပန်းပွင့်အဆုပ်ကလေးတွေပါသော ထမီအဆင်ကို ဝတ်ထားသည်။ လက်မှာ versace မိကျောင်းသားရေလက်ကိုင်အိတ် ဆွဲလျက် . . .။

"သြော် . . . အန်တီ"

"ကိုယ် . . . မင်းနဲ့ စကားပြောစရာရှိလို့၊ တစ်နာရီလောက် အချိန်ပေးနိုင်မလား"

"ကျွန်တော် အခုတော့ သွားစရာလေးရှိလို့ အန်တီ၊ ညနေလောက်တော့ ပြန်ရောက်မှာပါ"

"ရပါတယ် . . . မင်း ပြန်ရောက်တဲ့အချိန်သာ ကိုယ့် mobile ကို တစ်ချက် လှမ်းဆက်လိုက်ပါ"

သူမက လက်ကိုင်အိတ်ထဲမှ ကဒ်ကလေး ထုတ်ပေးရင်း သစ္စာနှင့်ယုယကို သိသိသာသာပင် အကဲခတ်နေသဖြင့် သူမှာ ကြားကနေ သစ္စာကိုတောင် အားနာသွားမိသည်။ သစ္စာကတော့ အေးအေးဆေးဆေး ဒေါ်မုန်းမိမယ်ကို စိတ်ဝင်စားဟန်လည်းမပြ၊ studio ထဲကနေ ထွက်သွားနှင့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီ . . . ကျွန်တော် ဆက်လိုက်ပါ့မယ်"

သူ့စိတ်ထဲ ပဟေဠိတော့ ဖြစ်နေသည်။ မြကိုးမေမေသည် သူ့ကို တကူးတက လာတွေ့ရလောက်အောင် ဘာတွေများ ပြောစရာရှိပြန်ပြီလဲ။ အဲဒါကို ခဏ ခေါင်းထဲကနေ ထုတ်ဖယ်ထားလိုက်သည်။ သစ္စာတို့ညီအစ်မနှင့် အောင်သုခ မြန်မာထမင်းဆိုင်မှာ သွားစားကြသည်။ သူမ လိုချင်သော အလုပ်ကို ရသည့်အတွက် သစ္စာ၏ မျက်နှာပေါ်မှာ ပျော်ရွှင်ကျေနပ်ခြင်းဖြင့် လင်းဖြာလျက်ရှိသည်။

"သစ္စာကို ကျွန်တော် အတုယူရမယ်ဗျ . . . တကယ်ဖွဲ့ရှိတယ်၊ ဘဝမှာ လဲကျသွားတိုင်း နာကျင်ဝမ်းနည်းမနေဘဲ ချက်ချင်း အရှိန်ယူပြီး ပြန်ထ,နိုင်ရမယ်ဆိုတာ သစ္စာက ကျွန်တော့်ကို သင်ပေးခဲ့သလိုပဲ"

"ဟုတ်တယ် . . . ကျွန်မကတော့ စွန့်စားဖို့ စိန်ခေါ်မှုတွေကို လက်ခံဖို့ ဘယ်တော့မှ မကြောက်ဘူး၊ သိလား အောင်မြင်ခဲ့ရင် ဒါ အမြတ်ပဲ၊ မတော်တဆ ရှုံးနိမ့်ခဲ့ရင် ဒါ သင်ခန်းစာပဲ၊ အတွေ့အကြုံပဲပေါ့၊ ဘဝဆိုတာ စာမေးပွဲတွေ အမြဲ ဖြေနေရသလိုမျိုးပဲ၊ အောင်တာနဲ့ ကျတာ နှစ်မျိုးပဲရှိတယ်၊ မထူးဆန်း





ဘူးလေ"

"ဟုတ်ပါတယ် . . . ရင်ဆိုင်နိုင်စွမ်းရှိဖို့ သတ္တိပဲ လိုတာပါ၊ သစ္စာဆီမှာ ကျွန်တော် ခွင့်တောင်းထားမယ်နော်၊ ယုယ ဓာတ်ပုံတွေထဲက outstanding ဖြစ်တာလေးတွေ ကျွန်တော် ပြိုင်ပွဲဝင်ဖြစ်ချင် ဝင်ဖြစ်မှာ၊ အဲဒါ စိန်ခေါ်မှုတစ်ခုပဲ . . . ဟုတ်တယ်မှုလား၊ သစ္စာ ခွင့်ပြုပေးဖို့ပဲလိုတာ"

"မမ . . . ပလိ(စ်) ယုယကို ခွင့်ပြုပေးပါနော်"

ယုယခမျာ သစ္စာကို ကြောက်လည်း ကြောက်ရဟန်တူသည်။ မရဲတရဲကလေး ခွင့်တောင်းနေသော ညီမဖြစ်သူကို သစ္စာက ပြုံးမျက်စောင်းဖြင့် ခေါင်းကို တစ်ချက်ပုတ်လိုက်ကာ . . .

"အေးပါ . . . ကတိတစ်ခုတော့ ပေးရမယ် ယုယ၊ ကျောင်းမပြီးမချင်း ဘာမှ မလုပ်ရဘူး၊ ဓာတ်ပုံရိုက်တာ၊ ပြိုင်ပွဲဝင်တာလောက်တော့ ခွင့်ပြုရမှာပေါ့၊ တစ်ဆင့်တက်ပြီး ကြော်ငြာရိုက်တာတို့၊ VCD တို့၊ ဗီဒီယိုတို့ ပါမလာရင် ပြီးရော . ."

ယုယက အားပါးတရ ပြုံးကာ သူ့ကို လက်မကလေး ထောင်ပြသည်။ စားသောက်ပြီးတော့ သစ္စာတို့ ညီအစ်မကို သူပြန်ပို့ပေးခဲ့ကာ ဒေါ်မုန်းမိမယ်ဆီ ဖုန်းခေါ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ကြိမ်တုန်းကလိုပဲ သူမ ကားလျှောက်မောင်းလျက် သူက ကားပေါ်မှာ လိုက်ထိုင်ကာ သူမ ဘာပြောမလဲဆိုတာ နားစွင့်ထားမိသည်။ ထုံးစံအတိုင်း နေကာမျက်မှန်အကြီးကြီး တပ်ထားသောကြောင့် သူမ၏ မျက်ဝန်းတွေကို မမြင်ရပါ။

"မင်းကို တစ်ခုမေးချင်တယ် . . . သမီးအပေါ် မင်း ဘယ်လိုသဘောထားနေသလဲ . . . သစ္စာရော ရှိရဲ့လား"

သူ့စိတ်ထဲ တင်းခနဲတော့ ဖြစ်သွားသည်။ ချစ်သူဘဝမှာပဲ ရှိသေးသော အခြေအနေမှာတောင် မြကိုးမေမေဘက်က





ဒီလောက်ထိ ဝင်ရောက်စွက်ဖက်လွှမ်းမိုးလွန်းနေတာကို သူ သဘောမကျနိုင်။ မြကိုးအပေါ် သူ့ရဲ့သဘောထား သစ္စာရှိခြင်း၊ မရှိခြင်းတွေဟာ မြကိုးနှင့်သူ နှစ်ဦးတည်းသာ သက်ဆိုင်သောကိစ္စဖြစ်သည်။

"အန်တီ ဘယ်လိုထင်လို့လဲ အန်တီ . . ."

"ကိုယ်မေးတာကိုပဲ ဖြေပါ . . . ကိုယ့်ကို ပြန်မမေးပါနဲ့၊ ကိုယ်မကြိုက်ဘူး"

"သေချာတာကတော့ ကျွန်တော်နဲ့မြကိုး ဘယ်တုန်းကမှ သစ္စာဆိုမထားကြဘူး အန်တီ"

"အဲဒီတော့ မင်း သမီးကို သစ္စာဖောက်ချင်တိုင်း ဖောက်ခွင့်ရှိတယ်လို့ မင်း ဆိုလိုတာလား"

"ကျွန်တော် ဆိုလိုတာ မဟုတ်ပါဘူး . . . အန်တီ ယူဆလိုက်တာပါ"

"မင်း စကားကို ကပ်ပြီး မပြောနဲ့၊ ကိုယ် သိချင်တာ မင်း သမီးရဲ့ အချစ်ကို အလွဲသုံးစားလုပ်နေတာလား၊ သမီးကို အသုံးချပြီး လှည့်စားနေတာလားဆိုတာ သိချင်တယ်"

"ကဲ . . . သိပြီဆိုပါတော့၊ အန်တီ ကျွန်တော့်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စိရင်မလို့လဲ"

သူမက ပြန်းခနဲ ကားကို ဘရိတ်ဆောင့်အုပ်ပစ်လိုက်သည်။

"မင်း စကားပြောတာ ရင့်လှချည်လား၊ စကားကို ရှိုးရှိုးသားသား၊ ယဉ်ယဉ်ကျေးကျေး မပြောတတ်ဘူးလား"

"ဒီအခြေအနေကမှ ကျွန်တော့်ကို ခွင့်မပြုတာ၊ ကျွန်တော်နားမလည်လို့ပါ၊ ကျွန်တော်နဲ့မြကိုးဆိုတာ လူငယ်တွေ သဘာဝ ချစ်ကြတယ်၊ ရည်းစားဖြစ်တယ်၊ ဒါပဲ ရှိပါသေးတယ်၊ ဘာ commitment မှ လုပ်မထားကြပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေနေသ၍ လက်တွဲနေမယ်၊ အဆင်မပြေတော့တဲ့တစ်နေ့မှာ လမ်းခွဲချင်လည်း ခွဲဖြစ်လိမ့်မယ်၊ ဒါ သဘာဝပါပဲ"

"မင်း စကားကို အဲဒီလို လက်လွတ်စပယ် မပြောနဲ့၊ သမီးက မင်းဆီက အများကြီး မျှော်လင့်ထားတယ်၊ သူက မင်းကို အလေးအနက်ကြီး ခံစားနေတာ၊ မင်းရဲ့ ဘဝတစ်ခုလုံးကို သူ မြှင့်တင်ပေးနိုင်တယ်၊ အခုလည်း သူ လုပ်ပေးထားတယ်၊ မင်းကို ကိုယ် စတွေ့တဲ့အချိန်နဲ့ . . . အခု အခြေအနေနဲ့





တောင် မတူတော့ဘူး၊ အများကြီး ပြောင်းလဲသွားပြီ"

သူ စော်ကားခံနေရပြီဆိုတာကို ချက်ချင်း သဘောပေါက်နားလည်လိုက်သည်။ သူမ ဘာဖြစ်ချင်တာပါလိမ့်။

"အန်တီဆိုလိုတာက ကျွန်တော့်ကို မြကိုးက အများကြီး ပံ့ပိုးထောက်ပံ့ပေးထားတယ်၊ အဲဒီအတွက် မြကိုး ကျေးဇူးတွေ ကျွန်တော့်မှာရှိတယ်၊ သူလိုချင်တာကို ကျွန်တော်က ပြန်ပေးဆပ်ရမယ် . . . အဲဒီလိုလား အန်တီ၊ အဲဒါဆိုရင်တော့ ရင်းနှီးမြှုပ်နှံထားပြီး အမြတ်ကို မျှော်ကိုးသလို ဖြစ်နေရင် ကျွန်တော်တို့ နှစ်ယောက်ရဲ့ အချစ်က ဘယ်လိုလုပ်ပြီး အဓိပ္ပာယ်ရှိ လှပတော့မလဲ . . .၊ ကျွန်တော် ဒါတွေအားလုံး မြကိုးကို ပြန်ပေးလိုက်လို့ရတယ်၊ ကျွန်တော် အဲဒါတွေ တကယ် မလိုချင်ခဲ့ဘူး၊ မြကိုး ဇွတ်တရွတ် စီစဉ်ခဲ့လို့သာ ကျွန်တော် ချစ်သူရဲ့ စေတနာကို အသိအမှတ်ပြုထားတဲ့သဘောပါ၊ အချိန်မရွေး ခုချက်ချင်း ကျွန်တော် ပြန်ထိုးအပ်လိုက်လို့ ရပါတယ် . . ."

"မင်း နားလည်မှုလွဲနေတာ၊ ကိုယ်ဖြစ်စေချင်တာက သမီးအပေါ် မင်း အလိုက်တသိရှိပေးဖို့ပါ၊ သမီးရဲ့အချစ်ကို မင်း



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားပေးဖို့ပါ။ သမီးရဲ့ မိခင်တစ်ယောက်အနေနဲ့ ကိုယ် ဒီထက်ပိုပြောလို့ မရဘူး၊ ဒါပေမယ့် သမီးကို စိတ်ဆင်းရဲ ထိခိုက်အောင် မလုပ်ပါနဲ့လို့ ကိုယ် သတိပေးချင်တာ"

"ကျွန်တော် မြကိုးကို စိတ်ဆင်းရဲအောင် လုပ်မိပြီလား အန်တီ"

"သူဖြစ်ချင်တဲ့ သူ့ဆန္ဒကို မင်း ဖြည့်ဆည်းပေးလိုက်ရင် မင်းကို ကိုယ် တော်တော် ကျေးဇူးတင်မိမှာ"

မြကိုးနှင့်လက်ထပ်ဖို့ သွယ်ဝိုက်ပြီး လာတိုက်တွန်း နေတာပဲ . . . ဟု သူ နားလည်လိုက်ပါသည်။ ခက်တာက သူမှ မြကိုးကို ခုအချိန်မှာ လက်ထပ်ဖို့ အဆင်သင့် မဖြစ်သေးတဲ့ဥစ္စာ၊ အဲဒါကို မြကိုး ဘာကြောင့် နားမလည်ရသလဲ။

"ကျွန်တော့်မှာ အခုအချိန် ပြောစရာစကား မရှိသေးပါဘူး အန်တီ . . .၊ အန်တီ ဘာပြောချင်သေးလဲ၊ မရှိတော့ရင် ကျွန်တော် ဆင်းနေခဲ့တော့မယ်"

"ကောင်းပြီ . . . မင်း တစ်ခုတော့ ခေါင်းထဲ မှတ်သွားပါ၊ အခွင့်အရေးဆိုတာ နှစ်ခါမလာတတ်ဘူးနော်၊ မင်း နောင်တ မရပါစေနဲ့"





သူမ ကားမောင်းထွက်သွားချိန်မှာ သူ လမ်းဘေးက ခဲလုံးကလေးတစ်လုံးကို စိတ်ရှိလက်ရှိ ကန်ထည့်ပစ်လိုက်မိသည်။ သူ့ဘဝမှာ ခြိမ်းခြောက်တာတွေ၊ အပေးအယူတွေ၊ အလျော့်အစားတွေကို အမုန်းဆုံး။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ..... ၆



www.burmeseclassic.com

www.burmeseclassic.com

ဘာကိုအားနာရမှာလဲ
ကိုယ့်ရည်းစားကိုကိုယ်ကြွယ်ရာမှာ
အရှက်မရှိနည်းပညာတွေနဲ့
မြူဆွယ်ပြားယောင်းနေတဲ့
မိန်းမတစ်ယောက်ကို
ဘာမှအားနာစရာမရှိဘူး။
ဖြစ်နိုင်ရင်ဘူမျက်နှာကို
ကော်ပီပူပူတွေနဲ့တောင်
ပက်ပစ်လိုက်ချင်တာ...သိရဲ့လား။





Love begins with a smile,
grows with a kiss,
and ends
with a teardrop.
Anonymous

အချစ်သည် အပြုံးနှင့်စပြီး အနမ်းဖြင့်ရှင်သန်ကြီးထွားကာ
မျက်ရည်စက်ဖြင့် အဆုံးသတ်ရတတ်သည်။
အမည်မသိစာဆို





www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့်
ကျွန်မဘက်က အနေအထိုင်တော့
ပိုဆင်ခြင်ရမှာပေါ့။ ရှင့်မှာ အဲဒီလို
အမြင်ကျဉ်းပြီး
သဘောထားသေးသိမ်တဲ့
ရည်းစားမျိုး
ရှိနေတယ်ဆိုတာ သိခွင့်ရပြီးတဲ့
နောက်မှာ … ကျွန်မ ဒုတိယတစ်ခါ
အမှား မခံနိုင်တော့ဘူးလေ။
ကျွန်မရဲ့စိတ်က ဘယ်သူ့
သေးသေးတင်
ကလေးမှ ခံချင်တာ မဟုတ်ဘူး။







သူ အိမ်သို့ ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ အဖေ . . . အမေနှင့် ညီရောညီမပါ စုံစုံလင်လင် စကားဝိုင်းဖွဲ့လျက် ကြမ်းပေါ်မှာလည်း shopping bag တွေ ပုံ့ကြလျက်။ ဖြူတီက တစ်ထုပ်ချင်း ထုတ်ကြည့်ကာ အဖေနှင့်အမေကို အားပါးတရ ကြွားနေခြင်းဖြစ်သည်။

“ဖြူတီ ဒီလောက်အများကြီး ဝယ်ခြမ်းလာရအောင် နင် ဘာတွေထောနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . သူ မေးလိုက်တော့ ပြူတီက သူ့လက်ကို ပြေး၍ ဆွဲခေါ်လာကာ . . .

"ကိုကြီးအတွက်လည်း ပါ,ပါတယ်ကွယ်၊ ယောက်မက မမေ့ပါဘူး၊ သူ့ချစ်ချစ်အတွက်ပါ ဝယ်ထည့်ပေးလိုက်တာပါ။ မနက်က ယောက်မအိမ်မှာ လာခေါ်တယ်လေ၊ ရှော့ပင်သွားရအောင်တဲ့၊ shopping mall တွေအနှံ့ပဲ ရောက်ခဲ့တယ်၊ ယောက်မတို့များ ဘယ်လောက်တောင် ချမ်းသာသလဲ မသိပါဘူး ကိုကြီးရာ၊ ထောင်တန်အုပ်တွေ တစ်အုပ်ပြီးတစ်အုပ်ကို သုံးတာ၊ ပြူတီ့ကိုလည်း လိုချင်တာမှန်သမျှ အကုန်ဝယ်ပေးတာ၊ အဖေနဲ့အမေ့အတွက်ရော၊ ,ဆန်နီ့ဘွိုင်းအတွက်ပါ မကျန်စေရဘူး၊ ယောက်မက တကယ် ချစ်ဖို့ကောင်းတယ်၊ ပြီးတော့ Sabi Sabi မှာ ညနေစာ,စားပြီး အိမ်အတွက်ပါ ပါဆယ်တွေ ထည့်ပေးလိုက်တယ်၊ ယောက်မနဲ့ စကားတွေ ပြောရင်း သူ့ဆီက စကားတစ်ခွန်း ထွက်လာတယ် ကိုကြီးရဲ့ . . . ဘာလဲ သိလားဟင်"

သူ့ညီမကို သူ သိပ်ပြီး ကြည့်မရချင်တော့။

"ဘယ်သိမတုံး . . . နင်တို့ပြောတာ ငါက ဘယ်လို လုပ်ပြီး





သိနိုင်မှာတုံး"

"ယောက်မက ကိုကြီးနဲ့ သူ လက်ထပ်ပြီးရင်တဲ့ ပြူတီတို့ကို ဒီတိုက်ခန်းကျဉ်းကျဉ်းလေးမှာ မနေပါနဲ့တော့တဲ့၊ သူ့မှာ ကွန်ဒိုတစ်ခန်း အပိုဝယ်ထားတာ ရှိတယ်တဲ့၊ မြတ်ရင် ပြန်ရောင်းဖို့ဆိုပြီး ဝယ်ထားတာတဲ့၊ အဲဒီအခန်းမှာ ပြောင်းနေပေါ့တဲ့၊ ခုပဲ အဖေနဲ့အမေကို အဲဒါ ပြန်ပြောပြနေတာ၊ ယောက်မက အရမ်းကောင်းရှာတယ် ကိုကြီးရဲ့၊ ကိုကြီးတော့ မိန်းမရ အရမ်းကံကောင်းမယ် သိလား၊ သူ ကိုကြီးကိုလည်း အရမ်းချစ်ပုံရတယ်၊ ကိုကြီးတို့ ဘယ်တော့လက်ထပ်မလဲဟင်၊ မြန်မြန်လက်ထပ်ပါကိုကြီးရာ၊ ပြူတီတို့ ကွန်ဒိုမှာ ပြောင်းနေချင်ပြီ . . . အားလုံး ပြင်ဆင်ထားပြီးသားတဲ့၊ အဆင်သင့် တက်နေရုံပဲတဲ့၊ ကွန်ဒိုတစ်လုံးဆို ငါးရာနဲ့ ရှစ်ရာကြားလောက်ပေါက်တာနော် . . . အဆင့်မြင့်မြင့် နေရမှာ"

တဲ့ . . .။ ပြူတီက အရမ်းကို တက်ကြွရွှင်လန်းစွာ ပြောနေသည်။ သူ့ညီမကို သူ တော်တော် အမြင်ကတ်မိသည်။ သူ့အစ်ကို ဘာကောင်ဖြစ်သွားမလဲဆိုတာ စဉ်းစားမိရဲ့လားတောင် မသိ။ လိုချင်တာပဲ သိသည်။ မြကိုးကလည်း ဘယ်လို ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထိုစကားကို ပြူတီနားထဲ သွတ်သွင်းလိုက်သည် မသိချေ။

"တော်စမ်း ပြူတီရာ . . . ငါ့ဘာသာ ဘယ်အချိန်မှ လက်ထပ်ထပ် နင်နဲ့ မဆိုင်ဘူး၊ နင် ကလေးလိုပဲနေ၊ ဝင်မပါနဲ့"

"ဟောတော် . . . ဘယ်လိုဖြစ်တာလဲ၊ အကောင်းပြောနေတာကို၊ ကိုကြီး မူမနေနဲ့နော်၊ မိန်းကလေးဘက်က ဒီလောက် လိုက်လျှောနေတဲ့ဟာကို . . . အခွင့်အရေး ရတုံး"

"ဘာအခွင့်အရေးလဲ ပြူတီ . . . နင့်ပါးစပ် ပိတ်စမ်း၊ နင် ဆက်မပြောနဲ့၊ ငါ့ကို ဘယ်လိုကောင်စားမျိုးများ နင် မှတ်နေသလဲ၊ ပြူတီ သွားစမ်းဟာ၊ နင့်ကို ငါ ရိုက်မိလိမ့်မယ်"

သူ ပြူတီ့ကို စိတ်ဆိုးစွာဖြင့် တွန်းလွှတ်ပစ်လိုက်သည်။ ပြူတီက နှုတ်ခမ်းစူ . . . ခြေဆောင့်ပြီး မွှစိစိ၊ မကြားတကြား မြည်တမ်းလျက် အခန်းထဲဝင်သွားသည်။ သူ့စိတ်တွေ တကယ် မွန်းကြပ်လာကာ ရှုပ်ထွေးနောက်ကျိလာသည်။ ဘယ်သူ့ကို စိတ်ဆိုးရမှန်း မသိ။

"သားရယ် . . . ကိုယ့်ညီမလေးကို အလကားနေရင်း မာန်မဲနေတာပဲ၊ ဘာတွေ တင်းလာတာလဲ၊ သူက အကောင်းပြောတဲ့ဟာကို"





"အမေကလည်း အခွင့်အရေးရတုံးတဲ့ . . . သူပြောတဲ့ စကားကိုကြည့်၊ ကိုယ့်အစ်ကိုကို ပိုင်းလုံးသမား ဘဝရောက်အောင် တွန်းပို့နေတာ၊ မိန်းမတစ်ယောက်ကို အခွင့်အရေးတစ်ခုအဖြစ်နဲ့ ကျွန်တော် ဘယ်တော့မှ လက်မထပ်ဘူး အမေ၊ ကျွန်တော့်မိသားစုရဲ့ တာဝန်ကို ကျွန်တော်ယူနိုင်တယ်၊ ကျွန်တော့်ကို အစွမ်းအစမရှိတဲ့ ငတုံးတစ်ယောက်လို သူပြောနေတာ"

"မဟုတ်ပါဘူး သားရယ် . . . မင်းကိုက မာနထားလွန်းနေတာပါ၊ ဘာဖြစ်သလဲ . . . ကိုယ်ယူမယ့်မိန်းမက ချမ်းသာလို့၊ ရက်ရောလို့၊ ကြည်ဖြူလို့ ကိုယ့်မိဘကို ကြည့်ရှုစောင့်ရှောက်တာ ရှက်စရာမှ မဟုတ်တာ၊ သားနဲ့ လက်ထပ်ရင် အမေတို့လည်း သူ့မိဘပေါ့၊ ဘာဖြစ်သလဲ . . . မြကိုးလေးက အလိုက်သိတတ်တာပါ၊ သားက အထအနတွေ ကောက်လွန်းနေတာ၊ အမေတို့ကတော့ ဘာပဲဖြစ်ဖြစ် သားကို သူနဲ့ အမြန်ယူစေချင်ပြီ . . . အားလုံးကောင်းဖို့ အရေးလေ"

အမေ့စကားတွေကို သူ ဆက်ပြီး နားထောင်နိုင်စွမ်းပင်မရှိ။ အဖေကတော့ ယောက်ျားချင်းမို့ သူ့ဝေဒနာ၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကို နားလည်ပုံရကာ ဘာမှ ဝင်မပြောဘဲ သူ့ကိုသာ ငေးကြည့်နေသည်။ သူကတော့ မြကိုးသည် သူ့မိသားစုကိုပါ စည်းရုံးရေးဆင်းသွားတာ . . . ဟု နားလည်လိုက်သည်။ မြကိုးနှင့် သူ တွေ့မှဖြစ်တော့မည်။ သူ ပြတ်ပြတ်သားသား တစ်ခုခု ဆုံးဖြတ်ဖို့ လိုအပ်ပြီလို့လည်း ထင်မိသည်။ သူ့မိသားစုကို သူ့ဆီက အမျှားကြီး မျှော်လင့်မထားစေချင်။ မြကိုးကိုလည်း . . . သူ့ကို ဒီထက်ပိုပြီး ချောင်ပိတ် မဖမ်းစေချင်ပါ။





ကြားလိုက်ရသော စကားကို မြကိုး မယုံချင်ပါ။ ပန်းသခင်က အတိအကျကြီး ပြောနေခြင်းဖြစ်သည်။

"ရှင် ဒီထက်ပိုသေချာချင်ရင်တော့ သူ့နောက် တစ်ရက်လောက် ရှဲဒိုးလိုက်ကြည့်ဖို့ကောင်းတယ် မြကိုး၊ ကျွန်မတို့တောင် အဲဒီကောင်မလေးနဲ့ သူ့ကိုတွေ့တာ နှစ်ကြိမ်လောက်ရှိပြီ၊ ရှင် စိတ်ဆင်းရဲမှာစိုးလို့ မပြောသေးဘဲ သေချာအောင် စုံစမ်းနေတာ၊ သိတဲ့အတိုင်း . . . ဟန်းဆမ်းအလုပ်ကလည်း မိန်းကလေးတွေနဲ့ ထွေးရော



www.burmeseclassic.com

www.burmeseclassic.com



ယှက်တင်ဆိုတော့ ရိုးရိုးလား ဆန်းဆန်းလားဆိုတာ မသိနိုင်ဘူးလေ၊ ဒါပေမယ့် ဒီတစ်ခါတော့ ဘုရားမှာ နှစ်ယောက်တည်းတွေ့တာဆိုတော့ ရိုးရိုးမိတ်ဆွေ မဖြစ်နိုင်တော့ဘူးထင်တာပဲ၊ ကျွန်မတောင် တမင်သက်သက် ရှတ်ပြီး သူ့ကိုသွားနှုတ်ဆက်ဦးမလို့ပဲ၊ ကျွန်မ သိသွားပြီဆိုတာ သူသိရင်ရှင်နဲ့ ကွိုင်ပူကုန်မှာစိုးလို့ အသာငုပ်လျှိုးပြီး ထွက်ခဲ့ရတာ၊ သူ ရှင့်ကွယ်ရာမှာ တခြား မိန်းကလေး တစ်ယောက်နဲ့ နှစ်ပါးကြည်နေတာတော့ သေချာတယ်၊ ရှင် ဘာလုပ်ချင်သလဲ ... ပြတ်ပြတ်သားသား မေးမလား၊ မသိချင်ဟန်ဆောင်ပြီး ကိုယ်လိုချင်တာကို အသာ လိမ်မာပါးနပ်စွာနဲ့ စည်းရုံးယူမလား ... သေချာစဉ်းစားပြီးမှ ဆုံးဖြတ် မြကိုး"

မြကိုးသည် နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်ထားမိရင်း ရင်ထဲမှာ တဆတ်ဆတ်ခါအောင် နာကျင်နေသည်။ မြကိုးအာရုံထဲမှာ တစ်ခုခုကိုတော့ စိုးရွံ့နေခဲ့မိတာ အမှန်ပါပဲ။ သူ မြကိုးကို လက်ထပ်ဖို့ တွေဝေနှောင့်နှေးနေတယ်ဆိုကတည်းက သံသယပါးပါးကလေးတော့ ဝင်နေခဲ့မိတာ၊ မြကိုး တစ်ယောက်တည်းကို တမ်းတမ်းစွဲ၊ အရူးအမူး ဖြစ်မနေဘူးဆိုကတည်းက သူ့မှာ





ရွေးချယ်စရာ တခြားတစ်ယောက်များ ရှိနေသလားပေါ့လေ။ လောကမှာ ကိုယ်က ကောင်းခဲ့သလောက် ကိုယ့်အပေါ် ပြန်မကောင်းတဲ့အခါ ကိုယ်က ချစ်ရသလောက် ကိုယ့်အပေါ် ပြန်မချစ်တဲ့အခါ၊ ကိုယ်က ပေးဆပ်ခဲ့သလောက် ကိုယ့်အတွက် ဘာမှ ပြန်မရတဲ့အခါ လူတွေ ဘာလုပ်တတ်ကြသလဲ။ မြကိုးကတော့ ရင်ထဲမှာ နင့်နင့်ကြီး နာကျင်လာတာပဲ သိသည်။ သိပ်လိုချင်မက်မောနေသောအရာကို ဆုံးရှုံးခဲ့ရရင် ... ဟူသော စိုးရွံ့စိတ်က ပထမဆုံးအကြိမ်အဖြစ် ရင်ဝတည့်တည့်ကို လာဆောင့်သည်။ ဘယ်တုန်းကမှ မြကိုးသွယ်တဲ့ ... မရနိုင်ဘူးဆိုတဲ့အရာ၊ ခက်ခဲလွန်းတဲ့အရာရယ်လို့မှ မရှိခဲ့ဖူးဘဲ။

"ကျွန်မ သူ့ခြေလှမ်းတွေကို တစ်ရက် လိုက်ကြည့်မယ်၊ သူတကယ် ကျွန်မကို လှည့်စားနေတာ၊ အသုံးချနေတာဆိုရင်တော့ ပြတ်ပြတ်သားသား ရင်ဆိုင်ရမှာပဲ"

"အေးလေ ... ဟန်းဆမ်း ဒီလိုလုပ်ဖို့တော့ မကောင်းပါဘူး၊ မြကိုးက သူ့အပေါ် ဒီလောက်ချစ်နေရက်သားနဲ့"

"ပြောလို့မရဘူးလေဟယ် ... တစ်ဘက်မိန်းကလေးက ဘယ်လိုအထာတွေ ပေးသလဲမှ မသိတာ၊ ကျွန်မ မြင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာမကြီးစတိုင်လ်ပဲ၊ ဟန်းဆမ်းဆိုတာက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ၊ ဘယ်မိန်းကလေးမဆို သူ့ကို အခွင့်အရေးတော့ ပေးကြမှာပဲ၊ သူ မြကိုးအပေါ် သစ္စာရှိဖို့ပဲ လိုတာ၊ မြကိုးကြောင့် သူ့ဘဝတစ်ခုလုံး ဒီလောက် မြင့်မားသွားတဲ့ဥစ္စာ”

မေမြန်မာနှင့် ပန်းသခင်၏ စကားတွေက မြကိုး၏ သွေးတွေကို ပိုပြီး ဆူပွက်စေသည်။ မြကိုး . . . သူ့ကို အမိဖမ်းဖို့ ဆုံးဖြတ်ထားသည်။ ခုအချိန်မှာ သူ့ရဲ့ အဖြေကိုလည်း ပြတ်ပြတ်သားသား သိချင်နေပြီ။ လူက ပေါက်ကွဲချင်လာသည်။ ကိုယ့်ကားကို Angel's Touch မှာပဲ ထားခဲ့ကာ TAXI တစ်စင်းငှားပြီး သူ့ Studio သို့ ထွက်ခဲ့သည်။ သူ့ဆီ ဖုန်းခေါ်လိုက်ကာ . . .

“ဟန်းဆမ်း . . . အခု ဘယ်မှာလဲ”

ဟု . . . မေးလိုက်တော့ . . .

“ကိုယ် Studio မှာ . . . မြကိုး”

တဲ့ . . .။

“ဒီညနေ ကျွန်မတို့ မဆုံဖြစ်တော့ဘူး သိလား၊ ကျွန်မ ဇာတ်သိမ်းကလေး အပြီးလက်စသတ်ချင်လို့ . . . ဟိုတယ်ခေါင်မိုး





ပေါ်မှာပဲ ရှိမယ်

“ကောင်းပြီ မြကိုး . . .”

သူ့ဘက်ကလည်း အေးဆေး။ မြကိုးအပေါ် သွေးအေးလာတာတော့ အမှန်ပင်။ စိတ်ရှည်လက်ရှည်ပင် ကားပေါ်ကနေ စောင့်နေလိုက်သည်။ ကားသမားကို တစ်နေ့လုံးစာ ငှားထားပြီးသားမို့ ပူပန်စရာ မလို။ ညနေစောင်းချိန်မှာ သူ့ကား ပလာဇာထဲကနေ ထွက်လာသည်။

“အဲဒီကားနောက်ကသာ လိုက်တော့ . . . မျက်ချည် မပြတ်စေနဲ့နော်”

မြကိုးရင်ထဲက နှလုံးသားသည် တဆတ်ဆတ် ခုန်ပေါက်လာသည်။ ပြည်လမ်းမ,ပေါ်က ရုံးအဆောက်အဦး တစ်ခုထဲ သူ့ကားဝင်သွားသည်။ ပြန်ထွက်လာတော့ သူ့ကားပေါ်မှာ မိန်းကလေးတစ်ယောက် ပါလာသည်။ ပန်းသခင့် စကားအရဆို ဆရာမကြီးစတိုင်လ်နှင့် မိန်းကလေးတစ်ယောက်ပါ . . .။ ကားက အင်းလျားရှိ စိမ်းလန်းစိုပြေဘက် မောင်းနေသည်။ မြကိုးခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံတွေ ဆူညံလာသလို ခံစားရသည်။ သူတို့နှစ်ယောက် ကော်ဖီဆိုင်ကလေးထဲ ဝင်သွားကြပြီ . . .။ မြကိုး



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမလဲ။ သူ တကယ်ပဲ မြကိုးကို လှည့်စားနေခဲ့ပြီပေါ့လေ။ မြကိုးသည် ကော်ဖီဆိုင်ထဲသို့ လိုက်ဝင်လာခဲ့မိသည်။ နာကြည်းသော ဝေဒနာသည် မြကိုးနှလုံးသားကို တဆစ်ဆစ် ကိုက်ခဲနာကျင်စေသည်။ သူ ဘာကြောင့် မြကိုးအပေါ် သစ္စာမရှိရသလဲ . . . ။ မြကိုးသည် စက်ရုပ်တစ်ရုပ်လို ခြေလှမ်းများဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေသော စားပွဲဘေးမှာ သွားရပ်လိုက်တော့ သူက ဖျတ်ခနဲ မော့ကြည့်သည်။

"ဟာ . . . မြကိုး . . . ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ဒီလိုပဲပေါ့ . . . ကိုယ့်အပေါ် သစ္စာမရှိနိုင်တဲ့ ချစ်သူနောက်ကို ရှဲဒိုးလိုက်ကြည့်တာ"

"ဟ . . . ဘာတွေ ပြောနေတာလဲကွာ၊ မြကိုးကလည်း သစ္စာကို အားနာစရာ"

သူ မျက်နှာပျက်သွားသလို ဟိုမိန်းကလေးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားတာကို မြကိုး အရသာခံပြီး စောင့်ကြည့်သည်။

"ဘာကို အားနာရမှာလဲ . . . ကိုယ့်ရည်းစားကို ကိုယ့်





ကွယ်ရာမှာ အရှက်မရှိ နည်းပညာတွေနဲ့ မြူဆွယ်ဖြားယောင်းနေတဲ့ မိန်းမတစ်ယောက်ကို ဘာမှ အားနာစရာ မရှိဘူး၊ ဖြစ်နိုင်ရင် သူ့မျက်နှာကို ကော်ဖီပူပူတွေနဲ့ တောင် ပက်ပစ်လိုက်ချင်တာ . . . သိရဲ့လား"

"ရှင် သိပ်တရားလွန်နေပြီ . . . အရှုံးလို၊ အကန်းလိုနဲ့ ဘာမှ မစူးစမ်း၊ မဆင်ခြင်ဘဲ ဘာစကားတွေ လျှောက်ပြောနေတာလဲ"

ထိုမိန်းကလေးက ဝုန်းခနဲ,ထရပ်ကာ မြကိုးကို စိမ်းစိမ်းရှုရှု စိုက်ကြည့်ပြီး ခပ်စွာစွာ ပြန်ပြောသောအခါ မြကိုး ဒေါသတွေနှင့် နင့်သီးသွားရသည်။

"ဒါပေါ့ . . . လူမိရင်တော့ ဒီလိုပဲ ရှက်ရမ်းရမ်းတာ သဘာဝပေါ့ . . . "

မြကိုးစကား မဆုံးခင်မှာ သူမက အလွန်လျင်မြန်သော တုန့်ပြန်မှုတစ်ခုကို ဗိုးဗိုးဗတ်ဗတ် လုပ်ခဲ့ခြင်းဖြစ်သည်။ စားပွဲပေါ်မှာ အလှထိုးထားသော ဖန်ပန်းအိုးရှည်ရှည်ကလေးနှင့် မြကိုးရင်ဘတ်ကို ပစ်ပေါက်ခဲ့ပြီး ဆိုင်ထဲကနေ ထွက်သွားခဲ့ခြင်းဖြစ်သည်။ မြကိုးရင်ဘတ်ဆီမှာ နာကျင်အောင့်မျက်သွားမှုနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရေတွေ စိုရွှဲသွားသည်။

"မင်း မှားတယ် မြကိုး . . . မင်း သိပ်တရားလွန်တယ်"

သူက မြကိုးမျက်နှာကို လက်ညှိုးထိုးပြီး အဲဒါပဲ ပြောကာ သူမနောက်သို့ တဟုန်ထိုး ပြေးလိုက်သွားသောအခါ သူ့ရဲ့ ရွေးချယ်မှုအတွက် မြကိုးမှာ ဆတ်ဆတ်ခါနာလျက် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ အံတင်းတင်းကြိတ်ထားမိကာ ခုံတစ်ခုံမှာ ဝင်ထိုင်ချလိုက်မိသည်။ သူ ဘာဖြစ်လို့ မြကိုးအနားမှာ မနေခဲ့ရတာလဲ။ ဘာဖြစ်လို့ တခြားမိန်းမရဲ့နောက်ကို သူ လိုက်သွားရတာလဲ။ အဲဒီမိန်းမက သူ့အပေါ် ဘယ်လောက် ကောင်းခဲ့သလဲ။ ဘာတွေနဲ့ ဆွဲဆောင်ဖြားယောင်းထားခဲ့သလဲ။ မြကိုး ကြာကြာ ဆက်မစဉ်းစားနိုင်ဘဲ ကော်ဖီဆိုင်ကလေးကနေ ဒရောသောပါး ပြေးထွက်ခဲ့မိသည်။ ကားရပ်ထားသည့် နေရာမှာ သူမကို အသည်းအသန် တောင်းပန်နေသော သူ့ကို တွေ့ရလျှင် ရင်ထဲမှာ သိပ်ကို ခါးသွားသည်။ ပြီးတော့ . . . သူမက သူ့ကားပေါ် တက်လိုက်သည်။ အဲဒီတော့မှ သူက ပျာပျာသလဲ ကားပေါ်တက်သွားပြီး မြကိုး လျှောက်လာနေတာကို လှမ်း၍တောင်မကြည့်ဘဲ ကားကို တရှိန်ထိုး မောင်းထွက်သွားခဲ့သည်။ သူ့ကားဘီးတွေက မြကိုး၏ နှလုံးသားတစ်ခုလုံးကို ဖြတ်နင်းကြိတ်ခြေသွားသလို . . . ကြေမွစုတ်ပြတ်လျက် ကျန်ရစ်ခဲ့ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



သူ သစ္စာကို အထပ်ထပ် ကျေနပ်အောင် တောင်းပန်ရသည်။ ဖြစ်သွားသော အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် သူဘယ်လိုမှ မထိန်းချုပ်နိုင်လိုက်ပါ။ သစ္စာက တော်တော် စိတ်ဆိုးနေခဲ့သည်။

"ကျွန်မဘဝတလျှောက်လုံးမှာ ဘာအမှားအယွင်းမှ မရှိအောင် နေခဲ့တယ်၊ ရှင်နဲ့ ပတ်သက်တာကလည်း လုံးဝသူငယ်ချင်းမိတ်ဆွေအကန့်ပဲရှိတယ်၊ ဘာအထာမှ မရှိဘူး၊ ဘာမရိုးသားမှုမှ မရှိဘူး၊ ဖြူစင်မှုကို အဲဒီလောက် ရုပ်ပျက်





ဆင်းပျက် စွပ်စွဲစော်ကားခံရတာ တော်တော်ရှက်ဖို့ကောင်းတယ်၊ ကျွန်မ အရမ်းစိတ်ဆိုးတယ် သိလား . . .၊ ရှင့်မှာချစ်သူရှိတာ မရှိတာ ကျွန်မနဲ့ မဆိုင်ဘူး၊ သိလည်း မသိချင်ဘူး၊ ကျွန်မဘက်က မရိုးသားတာ ဘာမှမရှိဘူး၊ အဲဒါကြောင့် လိပ်ပြာသန့်ပြီးသား၊ ရှင့်ရည်းစားက အဲဒီလောက်တောင် သဘောထားသေးသိမ်လွန်းတာ . . . မုန်းဖို့ကောင်းလိုက်တာ၊ ကျွန်မကတော့ သူ့ကို ခွင့်မလွှတ်နိုင်ဘူး"

"ကျွန်တော် အရမ်းတောင်းပန်ပါတယ် သစ္စာရယ်၊ ကျွန်တော့်ဘက်က သစ္စာကို ရည်းစားရှိလျက်နဲ့ လှည့်ထားတာမျိုးလည်း မဟုတ်ပါဘူး၊ ပြောဖို့အကြောင်းလည်း မကြုံလို့ပါ၊ ပြီးတော့ . . . ကျွန်တော့်ရင်ဘတ်ထဲမှာ လွန်ဆွဲနေတာတွေရှိတယ်၊ ကျွန်တော့်မှာလည်း ကျွန်တော့်အားနည်းချက်နဲ့ ကျွန်တော်ပါ၊ သစ္စာကို တစ်နေ့ကျရင် ကျွန်တော် ပြောပြဖြစ်မှာပါ၊ ဒီနေ့ အဖြစ်အပျက်ကြောင့် ကျွန်တော့်ကို မိတ်ဆွေစာရင်းကနေ မဖျက်လိုက်ပါနဲ့ဗျာ . . .၊ ကျွန်တော် သစ္စာနဲ့ ဆက်ဆံရေး မပျက်ချင်ပါဘူး၊ သူနဲ့သာ ကျွန်တော် စာရင်းရှင်းစရာတွေရှိတာ . . . ရှင်းရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင်တို့ကဗျာပါ . . . ကျွန်မနဲ့ မဆိုင်ပါဘူး၊ ဒီနေ့ ဖြစ်တာလဲ ရှင်နဲ့ ဖြစ်တာမှ မဟုတ်တာ၊ သူနဲ့ ဖြစ်တာပဲ၊ သူ့ကိုပဲ ကျွန်မ မုန်းသွားမိတာပါ၊ ကျွန်မဘဝမှာ ပထမဆုံး အကြိမ် ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ပြီး အစွပ်စွဲခံရတာပဲ"

"ကျွန်တော် တကယ် စိတ်မကောင်းပါဘူး သစ္စာရယ်၊ ကျွန်တော် ထပ်ပြီး အနူးအညွတ် တောင်းပန်ပါတယ်၊ နောက်တစ်ခေါက်ဆိုတာ မဖြစ်စေရတော့ပါဘူး . . . ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် ဒီကိစ္စကို သူနဲ့ ရှင်းမှာပါ"

သူ တကယ်ပဲ သစ္စာကို အားနာလွန်းရပါသည်။ တကယ်က ဒီနေ့ သူကပဲ သစ္စာကို ဖုန်းဆက်ချိန်းကာ သစ္စာ ရုံးဆင်းချိန် ရုံးမှာသွားကြိုပြီး အေးအေးဆေးဆေး စကားပြောဖို့ဖြစ်သည်။ ယုယ၏ ဓာတ်ပုံတချို့ကို သူ ပြိုင်ပွဲတစ်ခုမှာ သုံးဖို့ ကိစ္စလည်း ပြောပြချင်သောကြောင့်ဖြစ်သည်။ ရုတ်တရက်ကြီး မုန်တိုင်းကျလာသလို မြကိုးတစ်ယောက် ပြန်းခနဲ ပေါက်ချလာပြီး ဝင်ရမ်းသွားခဲ့ခြင်းသည် . . . သူ့ကို အခြေအနေတစ်ခုဆီသို့ ပြောင်းလဲသွားအောင် တွန်းပို့ပေးလိုက်ခြင်းလည်း ဖြစ်သည်။





ပိတ်လှောင်ကျဉ်းကြပ်နေသော သူ့ရဲ့ စိတ်တွေကို ထွက်ပေါက်တစ်ခု ပေးလိုက်သလိုပင်။

"ဒါပေမယ့် ကျွန်မဘက်က အနေအထိုင်တော့ ပိုဆင်ခြင်ရမှာပေါ့၊ ရှင့်မှာ အဲဒီလို အမြင်ကျဉ်းပြီး သဘောထားသေးသိမ်တဲ့ ရည်းစားမျိုး ရှိနေတယ်ဆိုတာ သိခွင့်ရပြီးတဲ့နောက်မှာ . . . ကျွန်မ ဒုတိယတစ်ခါ အမှားမခံနိုင်တော့ဘူးလေ၊ ကျွန်မရဲ့ စိတ်က ဘယ်သူ့ သေးသေးတင်ကလေးမှ ခံချင်တာ မဟုတ်ဘူး"

"ကျွန်တော် ဘာလုပ်ပေးရင် သစ္စာ ကျေနပ်နိုင်မလဲဟင်၊ ကျွန်တော် သစ္စာကို အရမ်းအားနာပါတယ်၊ ဘာလုပ်ပေးရမလဲ . . . ပြောပါ"

သစ္စာက မဲ့ပြုံးကလေးပြုံးကာ သူ့ကို စိန်ခေါ်သလို တစ်ချက်ကြည့်ရင်း . . .

"သေချာရဲ့လား ကိုဟန်းဆမ်း . . . ကျွန်မ တစ်ခုခု တောင်းဆိုလိုက်ရင် ရှင် တကယ်လုပ်ပေးနိုင်မှာ မို့လို့လား"

"လုပ်ပေးနိုင်ရမှာပေါ့ သစ္စာ၊ ဘာ မလုပ်ပေးနိုင်စရာ ရှိလဲ၊ သစ္စာက မှန်တဲ့လူပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . . ရှင်ကစပြီး ကျွန်မကို အခွင့်အရေး ပေးတာနော်၊ ကျွန်မကို သူကိုယ်တိုင် လာပြန်တောင်းပန်မှ ကျွန်မ ကျေနပ်နိုင်မယ်၊ သူ့အမှားအတွက် သူ ကျွန်မကို တောင်းပန်မှ ကျွန်မ မှန်တယ်ဆိုတာကို သက်သေပြရာ ရောက်မှာလေ"

သစ္စာ၏ မျက်နှာပေါ်မှာ မာနတရားကို အထင်းသား တွေ့ရသည်။ သူမကို စတွေ့ကတည်းက မဟုတ်မခံတတ်သော ဇတ်ဇတ်ကြဲစရိုက်ကို သူ သိခဲ့ပြီးသားမို့ သူမ ဒီလို တောင်းဆိုတာကို သူ မအံ့ဩတော့ပါ။ တစ်ဘက်မှာလည်း မြကိုး၏ မာနတရားနှင့် စိတ်ဓာတ်ကို သူ သိထားပြီးသားဖြစ်ရာ ဒီကိစ္စ ထင်သလောက် မလွယ်ဘူးဆိုတာကိုတော့ သူ သိပါသည်။ ဒါပေမယ့် စစ်ပွဲတစ်ပွဲ ခင်းကျင်းတော့မည် ဆိုကတည်းက ဘာကိုမှ စိုးရိမ်ကြောက်ရွံ့နေစရာ မလိုအပ်တော့။ ရင်ဆိုင်ဖို့ အဆင်သင့် ပြင်ထားရုံပင်။

"အိုကေ . . . သစ္စာ . . . ကျွန်တော် ကြိုးစားကြည့် တာပေါ့"

"ကျွန်မ ရှင့်ကို အကြပ်ကိုင်တယ်လို့ မယူဆစေချင်ဘူးနော်၊ ဒီပြဿနာဟာ ရှင်တို့ ချစ်သူနှစ်ယောက်ကြားမှာ တင်းမာစရာ





တွေ ဖြစ်လာမယ်ဆိုရင် ကျွန်မ တောင်းဆိုတာကို မေ့ပစ်လိုက် ပါ . . . ကိစ္စမရှိဘူး၊ ကျွန်မအတွက် ရှင် အဲဒီလောက် စတေးစရာ မလိုပါဘူး"

သစ္စာဘက်က ကြိုးကို အသေချည်မထားပါ။ တစ်ထစ်လျှော့ပေးထားပါသည်။ သူမဘက်က ဘလိုင်းကြီး အစွပ်စွဲခံ လိုက်ရသည့်အတွက် ဒီလောက်တော့ တောင်းဆိုခွင့် ရှိပါသည်. . .။ သူ နားလည်ပါသည် . . .။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ..... ၇



www.burmeseclassic.com

www.burmeseclassic.com

သမီး...

သူ့ကို အရမ်းချစ်တယ် မေမေ။

အရမ်းလည်း မုန်းတယ်...။


ဒီလောကမှာ သူမရှိတော့ရင်

ကောင်းမယ်။

အဲဒါကမှ သမီးကို ငိုပြီး

ခံစားရသက်သာလေလိမ့်ဦးမယ်။





Never break four things in our life - Trust, Relation, Promise and Heart because when they break, they don't make noise but pains a lot?

Charles Dickens.

ကျွန်ုပ်တို့ရဲ့ဘဝမှာ အရာလေးခုကိုတော့ ဘယ်တော့မှ မချိုးဖျက်ပါနှင့်။
ယုံကြည်အပ်နှံခြင်း၊ သွေးချင်းသားချင်း၊ ဂတိနှင့် နှလုံးသားတို့ပဲ
ဖြစ်ပါတယ်။
အဲဒီအရာတွေ ကျိုးပျက်တဲ့အခါ အသံမမြည်ပေမယ့်
တနင့်တပိုး ခံစားရလို့ပါပဲ။

ချားလ်စ် ဒစ်ကင်န်





www.burmeseclassic.com

www.burmeseclassic.com

ရှန်းထွက်နိုင်စွမ်းရှိတာ
ဟန်းဆမ်းတော်တာပေါ့။
ဘဝဆိုတာ အချိန်တိုတိုကလေးရယ်။
ကျွန်မသာဆိုရင်တော့
ချစ်ခြင်းမေတ္တာနဲ့ စည်းစိမ်ချမ်းသာကို
ရွေးနိုင်းရင် ချစ်ခြင်းမေတ္တာကိုပဲ
ရွေးမယ်။
ရိုးရိုးသားသား ချစ်ခွင့်ရတာလောက်
စိတ်ချမ်းသာစရာကောင်းတာ
မရှိတော့ဘူး ...။







သူ ဖုန်းဆက်လိမ့်မည်ဆိုတာကို မြကိုး မျှော်လင့်စောင့်စားနေခဲ့ပုံ ပေါ်သည်။

"ကျွန်မ စာရေးနေကျ ဟိုတယ်လ်ခေါင်မိုးပေါ်မှာ ရှိမယ်၊ ဟန်းဆမ်း လာခဲ့ပါ . . ."

ဟု . . . ခေါ်သည်မို့ သူ ထိုဟိုတယ်ဆီသို့ပဲ ထွက်ခဲ့ပါသည်။ မြကိုးနှင့် ချစ်သူတွေဖြစ်ပြီးနောက် သူ အဲဒီ နေရာကလေးကို မကြာခဏ ရောက်ဖူးပြီးသားဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့ မြကိုးက အသင့်စောင့်နေခဲ့သည်။ မြကိုး၏ မျက်နှာဆီမှာ နာကျင်ထိခိုက်မှုတွေ ရှိနေသည်။ အေးစက်မာကြောခြင်းတွေ ရှိနေသည်။ မခံချင်စိတ်နှင့် မာနတွေ ရှိနေသည်။ မျက်လုံးများက ငိုကြွေးခဲ့ပြီးသားလို နီရဲနေခဲ့သည်။

"ပြောပါဦး . . .၊ နောက်တစ်ယောက်ကို တော်တော် ချော့မော့နှစ်သိမ့်လိုက်ရပြီးမှ ကျွန်မဆီလာဖို့ သတိရတယ်ပေါ့လေ၊ ရှင် . . . ကျွန်မအပေါ် အဲဒီလောက် ရက်စက်နိုင်မှန်း အခုမှပဲ သိရတော့တယ်"

"မင်း သူ့ကို တောင်းပန်လိုက် မြကိုး . . ."

"ဘာဖြစ်တယ် . . ."

မြကိုးက မျက်လုံးပြူးလျက် စူးရှစွာ ပြန်မေးသည်။ ထိုစကားက သူမကို ဖြတ်ရိုက်လိုက်သလို မခံမရပ်နိုင် ဆတ်ဆတ်ခါ နာကျင်သွားဟန်မျိုး။

"မင်း မှားတယ် . . . အကြီးအကျယ် မှားတယ်၊ မှားတဲ့သူက မှန်တဲ့သူကို တောင်းပန်ရမှာ သဘာဝပဲ"

မြကိုးက အောက်နှုတ်ခမ်းကို သွားများဖြင့် ဆွဲ





ခြစ်ဖိကိုက်ထားရင်း သူ့ကို မယုံနိုင်သလို စိမ်းစိမ်းရှုရှုကြီး စိုက်ကြည့်နေသည်။

"လုံးဝ မတောင်းပန်နိုင်ဘူး . . . ဘာကိစ္စ တောင်းပန်ရမှာလဲ၊ တောင်းပန်တယ်ဆိုတာ မြကိုးသွယ်ရဲ့ ရာဇဝင်မှာ မရှိဘူး၊ တောင်းပန်ချင်း တောင်းပန်ရင် သစ္စာမရှိတဲ့သူ၊ လှည့်စားနေတဲ့သူက တောင်းပန်ရမှာ၊ ကျွန်မ မမှားဘူး ဟန်းဆမ်း . . ."

"ကောင်းပြီ . . . သေချာတယ်နော်၊ မင်းဆုံးဖြတ်ချက်ကို မပြင်တော့ဘူးဆိုရင် ကိုယ် ရွေးစရာလမ်း တစ်ခုပဲ ကျန်တယ်၊ ကိုယ် မင်းကို သစ္စာမဖောက်ခဲ့ဘူး၊ ဖောက်လည်း မဖောက်ချင်ဘူး၊ အဲဒီတော့ မင်းနဲ့ လမ်းခွဲပြတ်စဲပြီးမှ ကိုယ် သူ့ရဲ့အချစ်ကို ရအောင် ကြိုးစားလိုက်ယူတော့မယ် မြကိုး . . . အဲဒါ ကိုယ့် ဆုံးဖြတ်ချက်ပဲ"

"ဘာ . . . ရှင် ဘာစကား ပြောလိုက်တယ်၊ ကျွန်မနဲ့ လမ်းခွဲပြတ်စဲမယ်လို့ ရှင့်ဘက်ကစပြီး ပြောရဲတယ် . . . ဟုတ်လား၊ အမလေး . . . အံ့သြဖို့ကောင်းလိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com


ပြီးသွားရောလား . . .၊ အဲဒီစကားတစ်ခွန်းနဲ့ ရှင် ကျွန်မကို အနိုင်ပိုင်းလို့ရပြီလို့ ရှင် ထင်သလား၊ ဟမ် . . . ဟန်းဆမ်း၊ ရှင် တော်တော် ရက်စက်တဲ့ လူပါလား၊ ရှင့်အပေါ် ကျွန်မ ထားခဲ့မိတဲ့ အချစ်တွေ၊ စေတနာတွေ၊ ပေးဆပ်ခဲ့သမျှတွေ အားလုံးကို စက္ကန့်ပိုင်းကလေးအတွင်းမှာကို မိန်းမတစ်ယောက်အတွက်နဲ့ ဖျက်ဆီးခြေမွပစ်လိုက်ပြီပေါ့ . . . ဟုတ်လား၊ ကျွန်မမှာသာ နှလုံးရောဂါရှိခဲ့ရင် ရှင်ပေးတဲ့ ရှော့(ခ်)နဲ့ တင် ကျွန်မ ပွဲချင်းပြီးတယ် သိလား . . . ရှင် ကျွန်မကို သတ်ရက်တယ်၊ ကျွန်မအပေါ်မှာ တစ်စက်ကလေးမှ ညှာတာထောက်ထားခြင်း မရှိဘူး၊ ရှင် ကျွန်မကို အသုံးချခဲ့တယ်၊ လှည့်စားခဲ့တယ်၊ သစ္စာမရှိခဲ့ဘူး၊ ကျွန်မဘက် ခံစားချက်ကို ရှင် နည်းနည်းလေးမှ ထည့်မတွက်ခဲ့ဘူး၊ ရှင် ကျွန်မရဲ့ အသည်းကို ခွဲတယ်"

မြကိုးပုံစံက တဒင်္ဂ ရူးသွပ်သွားဟန်မျိုးဖြစ်သည်။ သူက မြကိုး၏ စွပ်စွဲချက်မှန်သမျှကို တစ်ခွန်းမှ မတုံ့ပြန်ဘဲ ငြိမ်သက်စွာပဲ ခံယူနေလိုက်သည်။ ဒီထက်မက ပြင်းထန်သော





စွပ်စွဲခြင်းကို မြကိုး ပေးခဲ့ပြီးပြီမို့ သူ ဆက်ပြီး နာကျင်ဖို့ မလိုအပ်တော့။ သူ မြကိုးဆီက လွတ်မြောက်မှုကိုသာ လိုအပ်ပါသည်။ သူ့ရဲ့ နာမည်၊ ဂုဏ်သိက္ခာ၊ စိတ်နှလုံး သန့်စင်မှု ဒါပါပဲ။

"မင်း ကိုယ့်အတွက် ဖန်တီးပေးခဲ့တဲ့ အဆောင်အယောင်တွေမှန်သမျှ အကုန်လုံး မင်းလက်ထဲကို ပြန်အပ်မှာပါ မြကိုး၊ Studio က အစ . . . ခုစီးနေတဲ့ ကား၊ ကိုယ်ကိုင်နေတဲ့ ကဲန်မရာ အဲဒါတွေအားလုံး မင်း ပြန်ယူပါ၊ မင်းရဲ့ အချစ်တွေကိုလည်း မင်း ပြန်ယူပါ၊ ကိုယ် လွတ်မြောက်ပါရစေ၊ ဒါပဲ ကိုယ်လိုချင်တာပါ"

"ရမယ်ထင်သလားဟင် . . . ရှင် ကျွန်မကို ဒီအတိုင်း အဝတ်စုတ်တစ်ခုလို ထားချင်တိုင်း ထားပစ်ခဲ့လို့ ရမယ်ထင်သလား၊ ကျွန်မက တည်ဆောက်ခဲ့တာ၊ ရှင် ဖျက်ဆီးခွင့် မရှိဘူး၊ ဖျက်ခြင်းဖျက် ကျွန်မကိုယ်တိုင်ပဲ ပြန်ဖျက်မှာ"

"ကဲ . . . မင်း ကိုယ့်ကို ဘာလုပ်ချင်သလဲ"

"ရှင့်ကို ကျွန်မ သတ်ချင်တယ်၊ ရှင် သေသွားမှ အေးမယ်၊ အဲဒါမှ ကျွန်မရဲ့ ဆုံးရှုံးမှုအစစ်ပဲ . . ."


www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ကိုယ့်ကို သေသွားပြီလို့သာ မှတ်ထားလိုက်တော့ . . . အိုကေ"

သူ ပြောပြီး လှည့်ထွက်လာခဲ့သည်။ သူ့ရင်ထဲမှာ နောင်တရခြင်းတွေ ရှိမနေ။ လွတ်လပ်ပေါ့ပါးခြင်းကိုသာ သူ ခံစားရလေသည်။





"မေမေ . . . သူ သမီးကို နာကြည်းအောင်လုပ်ခဲ့ပြီ မေမေ၊ သမီးရဲ့ အသည်းကိုခွဲခဲ့ပြီ၊ သမီးရဲ့ အချစ်တွေကို စော်ကားခဲ့ပြီ"

သမီး၏ မျက်ရည်လည်ရွဲပြောနေသော စကားတွေကို သူမ နားထောင်ရင်း သူမကိုယ်တိုင် အသည်းကွဲသွားသလို ခံစားလိုက်ရသည်။ သမီးရဲ့ ဝေဒနာတွေကို ကူးစက်မျှဝေယူလိုက်သလို သမီးကို ရင်ချင်းအပ်လျက် ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ပါးပြင်ဆီမှာလည်း မျက်ရည်တွေ စို့ရွှဲနှင့်ခဲ့ပြီ။ သမီး၏ နာကြည်းမှုသည် သူမ၏ နာကြည်းမှုပဲပေါ့။ သမီးရဲ့အသည်းကို ခွဲသွားသူဟာ သူမ၏ အသည်းကိုလည်း ခွဲသွားသူပဲပေါ့၊ သမီးနှင့် သူမသည် နှစ်ကိုယ့်တစ်စိတ်ပဲ ဖြစ်သည်။

"ဒါကြောင့် မေမေ သမီးကို အတန်တန် သတိပေးခဲ့တယ်၊ နှလုံးသားတစ်ခုလုံး အကုန်ပုံအောပြီး မချစ်ပါနဲ့လို့၊ မေမေ စိတ်မကောင်းလိုက်တာ သမီးရယ်၊ မေမေ ဘာလုပ်ပေးရမလဲ ပြော . . . သမီးအတွက် မေမေ ဘာလုပ်ပေးရမလဲ"

သူမ၏ ရင်ခွင်ထဲမှာ သမီး၏ ကိုယ်ခန္ဓာကလေးက တသိမ့်သိမ့်ခါလျက် ငိုကြွေးရှိုက်ငင်နေသည်။

"သမီး သူ့ကို အရမ်းချစ်တယ် မေမေ၊ အရမ်းလည်း မုန်းတယ်၊ ဒီလောကမှာ သူ မရှိတော့ရင် ကောင်းမယ်၊ အဲဒါကမှ သမီးကို ပိုပြီး ခံစားရသက်သာစေလိမ့်ဦးမယ်"

သမီးရဲ့အသံက နာနာကြည်းကြည်း . . .။ သူမ စိတ်ကူးထဲမှာ ဟန်းဆမ်းဆိုသော ထိုကောင်လေးကို အကြိမ်ကြိမ်သတ်ပြီး နေခဲ့သည်။ ထိုညက တစ်ညလုံး သမီးသည် သူမ ရင်ခွင်ထဲမှာပင် ဒဏ်ရာဗရပွနှင့် အိပ်စက်သွားခဲ့သည်။ သူမကတော့ စိတ်ကူးထဲမှာ အစီအစဉ်တွေ ဆွဲနေခဲ့မိသည်။







www.burmeseclassic.com

www.burmeseclassic.com

သူ့မိသားစုတစ်စုလုံးက သူ့ကို မကျေနပ်ကြ။ သူတို့က တစ်ဘက်၊ သူက တစ်ယောက်တည်း တစ်ဘက်။ သူ့ အပေါ် ဒီလောက် ပေးဆပ်ပြီး ချစ်နိုင်ခဲ့သော မြကိုးကို စွန့်လွှတ်ပုန်ကန်လိုက်ခြင်းသည် သူ့အတွက် အမိုက်မဲဆုံးသော အမှားတစ်ခုဟု အမေက ပြောတော့ သူ အံ့သြနာကျင်ရသည်။ ဖြူတီကတော့ . . .

"ကိုကြီး မှားလိမ့်မယ် . . . ပြီးတော့မှ နောင်တရနေရလိမ့်မယ်"

တဲ့ . . .။ သူက . . .





"သွားစမ်းပါ . . ."

ဟုသာ စိတ်ပျက်လက်ပျက် ရေရွတ်မိသည်။ Studio ကို မြကိုးလက်ထဲ ပြန်အပ်လိုက်ကာ ကားရော၊ ကန်မရာရော သူ့ကို မြကိုးပေးခဲ့သမျှ အသုံးအဆောင် လက်ဆောင်မှန်သမျှ အားလုံး ထုပ်ပိုးကာ မြကိုးဆီ ပြန်ပို့ပေးလိုက်သည်။ သူ့အခြေအနေတွေအားလုံး ဒုံရင်းပြန်ဖြစ်သွားသည့်အတွက် သူ မရှက်မိပါ။ နောင်တလည်း မရမိ။ မြကိုးကိုလည်း နှမြောတသဖြစ်မနေ။ လွတ်မြောက်ခြင်းကိုပဲ သူ ခံစားမိသည်။ သူ့ ပတ်ဝန်းကျင်မှ လူတော်တော်များများ အံ့သြကြသည်။ အအံ့သြဆုံးကတော့ သစ္စာပဲဖြစ်သည်။

"ရှင်တို့ လမ်းခွဲလိုက်ကြတာ . . . ကျွန်မကြောင့်များလား ဟင်"

ဟု . . . စိုးရိမ်မကင်း မျက်နှာထားကလေးဖြင့် မေးခဲ့သည်။

"ကျွန်တော် လုပ်သင့်တာတစ်ခုကို လုပ်ခဲ့တာပါ။ အဲဒီအတွက် ကျွန်တော် နောင်တမရပါဘူး၊ လူနှစ်ယောက်ဟာ ရေစက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သလောက်ပဲ ဆုံစည်းခွင့်ရှိတာပါ၊ ဘယ်အရာကိုမှ ဖွတ်အတင်း လုပ်ယူလို့ မရပါဘူး၊ ကျွန်တော်တို့ လမ်းခွဲချိန်တန်လို့ လမ်းခွဲလိုက်ကြတယ်လို့ပဲ မှတ်ပါ"

ဟု . . . သူ ဖြေခဲ့သည်။

"အဲဒါဆိုလည်း ပြီးရောလေ . . . ကျွန်မက ကိုဟန်းဆွမ်းများ အသည်းကွဲနေမလားလို့"

"ကျွန်တော့်ကို အသည်းကွဲအောင် သူများက မလုပ်နိုင်ပါဘူး၊ ကျွန်တော်ကိုယ်တိုင် ပြန်ခွဲမှပဲ ကွဲမှာပါ"

သစ္စာက ပြုံးနေသည်။ သူ့ကိုယ်သူ ပြန်ဆန်းစစ်ကြည့်မိပါသည်။ မြကိုးဆီကနေ လွတ်မြောက်အောင် ရုန်းထွက်ခဲ့ခြင်းသည် သစ္စာဆီသို့ ခရီးဆက်ဖို့များ ဖြစ်နေမလား။ သူ သစ္စာကို စိတ်ဝင်စားစ ပြုနေခဲ့သည်။





အဲဒါဟာ အသည်းကွဲခြင်းဝေဒနာလား . . . ဟု မြကိုး ခံရခက်စွာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိသည်။ ရင်တစ်ခုလုံး ဟာကျကာ နွမ်းကျေဆွေးလျှနေသည်။ နှလုံးသားထဲက တဆစ်ဆစ် ကိုက်ခဲနာကျင်နေသည်။ သေသေချာချာ စဉ်းစားကြည့်မိတော့ မြကိုးမှာ အပြစ်ဟူ၍ ကြီးကြီးမားမား မရှိ။ မြကိုး သူ့ကို အသည်းနင့်အောင် ချစ်ခဲ့မိခြင်းဖြစ်သည်။ သူ့နေရာမှာ တခြားဘယ်သူ့ကိုမှတောင် အစားထိုး၍ မရ။ ရက်ရက်စက်စက်ကြီး စိမ်းကားပြတ်တောက်ပစ်လိုက်တာကို ရှူးမတတ် ခံရခက်နေသည်။ သူငယ်ချင်းတွေက မြကိုးကို ကြည့်ပြီး မခံရပ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မြကိုးရယ် . . . လူတစ်ယောက်ကို အဲဒီလောက် တမ်းတနေစရာ မလိုပါဘူး၊ ကိုယ့်ကို သစ္စာဖောက်သွားတဲ့လူတစ်ယောက်ကို နာကြည်းပစ်လိုက်စမ်းပါ၊ သူ့အကြောင်း မတွေးနဲ့တော့၊ ပျော်ပျော်နေစမ်းပါဟယ်၊ ရှင့် ကြည့်ရတာ စိတ်နဲ့လူ မကပ်တဲ့အတိုင်းပဲ . . . အသည်းကွဲရင်လည်း အားပါးတရသာ ကွဲပစ်လိုက်၊ အလွန်ဆုံး တစ်ပတ်ပေါ့၊ ပြီးရင် မေ့ပစ်လိုက်တော့၊ သူနဲ့ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးသလို သူစိမ်းပြင်ပြင် သဘောထားလိုက်"

တဲ့ . . .။

"ရှင်ပြောတော့ လွယ်တယ် သခင်ရယ် . . .၊ ကျွန်မ ဒီအတိုင်းပဲ ငြိမ်ငြိမ်မခံချင်ဘူး၊ သူ့ကို တစ်ခုခုတော့ တုံ့ပြန်ချင်တယ်၊ ဘာလုပ်ရမှန်းလည်း မသိဘူး၊ ကျွန်မ သူ့အပေါ် ကောင်းခဲ့သမျှတွေ သူ အားလုံး မေ့ပစ်လိုက်နိုင်တာ အံ့သြမဆုံးဘူး . . ."

"ဒါကြောင့်ပြောတာ . . . ချစ်ရင် နည်းနည်းပဲချစ်၊ အများကြီး မျှော်လင့်မထားနဲ့တဲ့ . . ."



"ကိုယ်နဲ့ မထိုက်တန်လို့ သူ့လမ်းသူ ဆက်လျှောက်သွားတဲ့လူတစ်ယောက်ကို လွမ်းလောက်စရာ မရှိပါဘူး မြကိုးရယ်၊ ရှင်က သူ့ကို ရွှေဘုံပေါ် တင်ထားပေးခဲ့တာ၊ သူက သူ့ဘာသာသူ တန်ရာတန်ရာကို ရွေးသွားတာ . . . သွားစမ်းပါစေ၊ ရှင်နဲ့ ချစ်သူဘဝတုန်းက ကိုယ်ပိုင် Studio နဲ့ ကိုယ်ပိုင်ကားနဲ့ . . . နောက်ဆုံးပေါ် အကောင်းဆုံး ကဲန်မရာနဲ့ . . . လူပုံဆိုလည်း ကြော့မော့နေတာ၊ ခု သူ ဘယ်ဘဝ ပြန်ရောက်နေသလဲ၊ အံရင် မဂ္ဂဇင်းတိုက်မှာပဲ ပြန်လုပ်နေတယ်၊ လမ်းပေါ်မှာ လမ်းလျှောက်နေတဲ့ ဘဝသမား ပြန်ဖြစ်နေပြီ၊ အဲဒါ သူ့ဘာသာသူ ကျေကျေနပ်နပ် ရွေးသွားတဲ့လမ်းလေ"

"ကျွန်မရင်ထဲမှာ ဆူးတစ်ချောင်း စိုက်ဝင်နေတယ်၊ ဆူးက နက်လွန်းတယ် . . . ဒါပေမယ့် အနာခံပြီး ထုတ်ပစ်ရမှာပဲ"

သူငယ်ချင်းတွေက မြကိုးကို ငေးကြည့်နေခဲ့ကြသည်။

အချစ်ဟာ . . . တစ်ချိန်မှာ အမုန်းဆီ ပြောင်းလဲသွားတတ်ပါသလား၊ စွဲလမ်းမြတ်နိုးခြင်းတွေကရော . . . နာကြည်းငြိုးမျက်ခြင်းအဖြစ် ပြောင်းလဲသွားတတ်ပါသလား၊ မြကိုး မသိပါ။





www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီကားကို ကောင်းကောင်း မှတ်မိပါသည်။ မြကိုးမေမေရဲ့ ကား . . .။ မြကိုးနှင့် မပတ်သက်တော့ကတည်းက မြကိုးမေမေနှင့်လည်း ပြောစရာ ဘာစကားမှ မရှိ . . . ဟု သူ နားလည်ပြီးသား။ မဂ္ဂဇင်းတိုက်ကနေ အထွက်မှာ သူမကားက သူ့ဘေးနားသို့ လျှောခနဲ ကပ်လာသည်။ မှန်တံခါးကျလာပြီး . . .

"မင်းနဲ့ကိုယ် နည်းနည်း ဆွေးနွေးချင်တယ် . . . ဖြစ်မလား"

ဟု . . . လှမ်းပြောသည်။ Dior နေကာမျက်မှန် ဖီးညိုရောင်ခပ်ကြီးကြီးတပ်ထားသဖြင့် သူမ၏ မျက်လုံးများကို





မမြင်ရပါ။ မျက်နှာထားကတော့ အတင်းစားထဲက ဖြစ်သည်။ သူ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းမိသည်။

"ကျွန်တော်တို့ကြားမှာ ဆွေးနွေးစရာ ဘာမှ မရှိတော့ဘူးထင်တယ် အန်တီ၊ မြကိုးနဲ့ ကျွန်တော့်ဇာတ်လမ်းက ပြီးသွားခဲ့ပြီ . . ."

"မင်းကို ကိုယ် ပြောခဲ့ဖူးတဲ့စကား မင်း မှတ်မိသေးလား၊ သမီးဟာ ကိုယ့်ရဲ့အသက်ပဲ၊ နှလုံးသားပဲ၊ သမီးကို နာကျင်စေတဲ့တစ်နေ့မှာ မင်းကို ကိုယ် အသတ်ပဲ ဆိုတာလေ"

အဲမှန်အတိုင်းပြောရရင် သူ တော်တော် တင်းသွားခဲ့ပါသည်။ မြကိုးရဲ့ မေမေကို သူ ပေါက်ကွဲချင်နေခဲ့တာလည်း ကြာပြီမို့ . . . ပြုန်းခနဲ သူ ရပ်လိုက်ကာ မြကိုးမေမေကို ရင်ဆိုင်လိုက်သည်။ ဝတ်ထားသော အင်္ကျီရင်ဘတ်ကို ကြယ်သီးတွေ ပြုတ်ထွက်သွားအောင်ပင် ခပ်ကြမ်းကြမ်း ဆောင့်ဆွဲဖွင့်လိုက်ကာ . . .

"ကဲ . . . အန်တီ ကျွန်တော့်ကို သတ်သွားလိုက်တော့၊ ဓား ပါလား . . . ဓားနဲ့သာ ရင်ဝတည့်တည့်ကို ထိုးချသွားလိုက်တော့၊ ကျွန်တော့်ကို စကားလုံးတွေနဲ့ လာပြီး ခြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ အန်တီ၊ ကျွန်တော် မကြောက်တတ်ဘူး၊ သတ္တိရှိရင် တကယ်လုပ်သွား၊ ရင်ဖွင့်ပေးထားတယ်"

သူ ပြောချင်တာကို ပြောချပစ်လိုက်သည်။ သူမ၏ ကားသည် သူ့နံဘေးကနေ ဝေါခနဲ အရှိန်ပြင်းပြင်း မောင်းထွက်သွားတော့သည်။ ပေါက်ကွဲလိုက်ရသည့်အတွက် သူ တော်တော်တော့ ကျေနပ်သွားသည်။ သူ့ဘက်က ဘာမှ မဖောင်းဘူး . . . ဟု ယူဆသည်။ မိန်းကလေးတစ်ယောက်ကို ချစ်ကြည့်သည်။ ချစ်သူအဖြစ် လက်တွဲကြည့်သည် . . .။ ပျော်ရွှင်ချမ်းမြေ့ခြင်းထက်၊ နှောင်ဖွဲ့လွှမ်းမိုးခြင်း၊ ပိုင်စိုးသိမ်းပိုက်ခြင်းကို ခံလာရသောအခါ သူ မွန်းကြပ်လာခဲ့သည်။ ထိုချစ်ခြင်းက သူ့ကို allergic ဖြစ်စေသော. အခါ . . . ထိုချစ်သူကို လမ်းခွဲပြတ်စဲလိုက်တာ သူ့အမှားမဟုတ်။ သူ့မှာ အခွင့်အရေးရှိရမည်။ မြကိုးသည် သူ့ဘဝကို မြင့်မားတောက်ပသွားအောင် မြှင့်တင်ဖြည့်ဆည်းပေးနိုင်တာမှန်ပေမယ့် သူ့နှလုံးသားကို မိန်းမောတိမ်းညွတ်နေအောင် ဖမ်းစားနိုင်စွမ်းမရှိပါ။

အခုတော့ သူ့ဘဝသည် အရင်ပုံမှန်အတိုင်း ပြန်ဖြစ်နေပေမယ့် စိတ်ချမ်းသာစရာကောင်းသည်မှာ သစ္စာနှင့် ပို၍





နီးကပ်လာခဲ့ခြင်းဖြစ်သည်။ သစ္စာ၏ စိတ်ဓါတ်ကလေးကို သူ တကယ် နှစ်သက်မိသည်။ အတွေးအခေါ်က လွတ်လပ်ပေါ့ပါးကာ ပြတ်သားသည်။ သစ္စာကို သူနှင့်မြကိုး၏ ချစ်သူဘဝအကြောင်း သူ ပြောပြဖြစ်တော့ သစ္စာက လေးလေးနက်နက် နားထောင်နေခဲ့ကာ. . .

"ရုန်းထွက်နိုင်စွမ်းရှိတာ ဟန်းဆမ်းတော်တာပေ့ါ။ ဘဝဆိုတာ အချိန်တိုတိုကလေးရယ်၊ ကျွန်မသာဆိုရင်တော့ ချစ်ခြင်းမေတ္တာနဲ့ စည်းစိမ်ချမ်းသာကို ရွေးခိုင်းရင် ချစ်ခြင်းမေတ္တာကိုပဲ ရွေးမယ်၊ ရိုးရိုးသားသား ချစ်ခွင့်ရတာလောက် စိတ်ချမ်းသာစရာကောင်းတာ မရှိတော့ဘူး"

ဟု . . . ပြောခဲ့သည်။

"ကျွန်တော် သူ့ကို ရိုးရိုးသားသား ချစ်မိရင်တောင် သိုက်ဖမ်းတယ်လို့ပဲ ပြောခံရမှာ၊ ကျွန်တော့်ဘဝတစ်ခုလုံးကို အဲဒီနာမည်တစ်ခုအောက်မှာ မပေးဆပ်လိုက်ချင်တာနဲ့ ကျွန်တော် ရုန်းထွက်ပစ်ခဲ့တာပါ၊ လိပ်ပြာသန့်တဲ့ဘဝကိုပဲ ကျွန်တော် မက်မောပါတယ်၊ ကိုယ့်ချစ်သူကို ကိုယ်ကပဲ ဦးဆောင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကိုယ်ကပဲ လက်ဆောင်ပေးချင်တာ၊ သူက ကိုယ့်ကို အားမကိုးချင်ဘူးဆိုရင်တောင် ဒိုးတူ ပေါင်ဖက်ပေါ့၊ ဘဝကို အတူလက်တွဲပြီး ရုန်းကန်ချင်တာ၊ အဲဒါကမှ အဓိပ္ပာယ်ရှိတာ”

ဟု . . . သူ ပြောခဲ့တော့ သစ္စာက နှုတ်ခမ်းကလေး စေ့ရုံပြုံးနေခဲ့တာကို သူ ရင်ခုန်နေခဲ့မိသည်။ သစ္စာသည် သူ့အပေါ် ဟိုးအရင်ကထက်ပိုပြီး လိုက်လျောပျော့ပျောင်းလာသည်ဟုလည်း သူ ခံစားမိခဲ့သည်။ သူနှင့်မြကိုး၏ဇာတ်လမ်းသည် တစ်ခန်းရပ်ခဲ့ပြီး သား. . . ဟု သူ ထင်ထားခဲ့တာ။ အခု မြကိုးမေမေကို ရင်ဆိုင် လိုက်ရမှပင် တစ်ဘက်က မပြီးဆုံးသေးမှန်း သူ ရိပ်မိရတော့သည်။ သူ့ကို မြကိုး သိပ်ချစ်တာကိုတော့ သူ ခံစားလို့ ရခဲ့သည်။ သူ့ကြောင့် မြကိုး ခံစားနေရဆဲပဲလား . . . သူ မသိ။ မြကိုးနှင့် မတွေ့တာ တောင် ကြာခဲ့ပြီ။



# အခန်း ..... ၈




www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာပေါ့…။
လူဆိုတာ ဘယ်အချိန်မှာ
ဘာလုပ်မယ်ဆိုတဲ့
ရည်မှန်းချက်ကလေးထားမှ
ရှန်းကန်ကြိုးစားရတာ အဓိပ္ပာယ်ရှိတာ။
လွယ်လွယ်ကူကူရတဲ့ အခွင့်အရေးရဲ့
နောက်ကွယ်တိုင်းမှာ
ပြန်ပြီး ပေးဆပ်ရတာတွေ
ရှိတတ်တယ်။





There's nothing in this world
so sweet as love.
And next to love
the sweetest thing is hate.

Henry Wadsworth Longfellow.

ကမ္ဘာမှာ အချစ်လောက်
အချိုမြိန်ဆုံးအရာ မရှိပါဘူး။
အချစ်လောက်နီးပါး ချိုမြိန်တဲ့အရာကတော့ မုန်းခြင်းပါပဲ။

ဟင်နရီ ဝပ်ဒ်စ်ဝါ့သ် လောင်းဖဲလိုး





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မြကိုးကို သံသယဖြစ်လာတယ်၊
သူ့ ဘာရောဂါအတွက် ဒီအရွယ်ကလေးနဲ့
check-up မှန်မှန် သွားလုပ်နေရတာလဲ၊
ကျွန်တော်သိချင်တယ် ... ပြီးတော့ ...
မြကိုး မရှိခင် မြကိုးရဲ့အခန်းကို
ကျွန်တော် သေချာလိုက်ကြည့်ချင်တယ်၊
အဲဒါလေးတစ်ခုတော့ ခင်ဗျားတို့ ကျွန်တော့်ကို
ကူညီပေးပါ၊ ကျွန်တော့်ဘက်ကိုလည်း
စဉ်းစားပေးပါဗျာ၊ ကျွန်တော်
အဖြစ်မှန်ကို တကယ်သိချင်လို့ပါ၊
ကျွန်တော် ချစ်ခဲ့ဖူးတဲ့ မိန်းကလေးဟာ
ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ
ကျွန်တော် သိချင်တယ် ... သိမှဖြစ်မယ်၊







အခုတော့ သူ့ဘဝကလေး သူ ကျေနပ်ပျော်ရွှင်နေတာ အမှန်ပင်။ ဟိုးအရင်ကလိုပဲ သူသည် သာမန်ဓာတ်ပုံသမားကလေး ပြန်ဖြစ်သွားခဲ့ပြီ။ သစ္စာ၏ ရုံးဆင်းချိန်ကို သူ အအားထားကာ ရုံးမှာ မှန်မှန်သွားကြိုခွင့်ကို သစ္စာက လိုလားကြည်ဖြူစွာပင် ပေးအပ်ထားခဲ့သည်။ သစ္စာ၏ရုံးက ပြည်လမ်းမှာရှိသောကြောင့် အိမ်မပြန်ခင် အင်းလျားထိ လမ်းလျှောက်တတ်ကြမြဲ။ ပြီးမှ ဘတ်(စ်)နှင့် အတူ ပြန်ကြမြဲ။ သစ္စာ၏အိမ်ကို သူ ဝင်ထွက်လည်ပတ်ခွင့်လည်း ရထားခဲ့ပြီ။ တစ်ခါတစ်ရံ ထမင်းတောင် လက်ဆုံစားခွင့် ရတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကို သူ propose လုပ်ဖို့ ကြိုးစားတိုင်း ထင်သလောက် မလွယ်တာကို သူ သိသည်။ မြကိုးနှင့်တုန်းက အဖြေကို ကြိုသိနှင့်ပြီးသား ပုစ္ဆာတစ်ပုဒ်ကို အလွယ်တကူ ဖြေလိုက်သလိုမျိုး။ သစ္စာကိုတော့ အလိုလိုနေရင်း ရှိန်နေတတ်သည်။ များသောအားဖြင့် လမ်းလျှောက်တိုင်း မိသားစုအကြောင်း . . . ဘဝတိုးတက်ရေးအကြောင်း၊ အနာဂတ် ရှေ့ရေးအကြောင်း သစ္စာက ထက်ထက်သန်သန် ပြောပြတတ်သည်။

"ကျွန်မ အခုလုပ်နေတဲ့ ကုမ္ပဏီက ဆေးကုမ္ပဏီလေ၊ စင်္ကာပူနဲ့ မလေးရှား၊ ဟောင်ကောင်ကနေ ဆေးတွေနဲ့ ဆေးပစ္စည်းတွေ တင်သွင်းပြီး ဒီမှာ ဖြန့်ချိနေတာပေါ့၊ ကျွန်မမှာ စိတ်ကူးတစ်ခုရှိတယ်၊ ရိုးမြတ်နဲ့ ယုယက ဆရာဝန် ဖြစ်လာမယ့်သူတွေလေ၊ ကျွန်မက ဆေးတွေအကြောင်း နားလည်အောင် သင်ယူနေတယ်၊ တစ်ချိန်မှာ သူတို့ကို စင်္ကာပူလောက်ထိတော့ ပို့ပြီး ဘွဲ့လွန် ဆက်ယူစေချင်တယ်၊ ကျွန်မလည်း MBA တက်ချင်တယ်၊ ပညာတွေအားလုံးစုံတဲ့တစ်နေ့မှာ ကျွန်မက ကိုယ်ပိုင်ဆေးခန်းတစ်ခု ဖွင့်ချင်တယ်၊ တခြား ဆရာဝန်တွေ





လည်း ငှားမှာပေါ့၊ ကျွန်မက management ကို တာဝန်ယူမယ်၊ အခု ပိုက်ဆံစုနေတယ်၊ တစ်ချိန်မှာ MBA တက်ခွင့်ရအောင်လို့၊ ခုဆို မြန်မာပြည်မှာလည်း MBA တက်လို့ရနေပြီဆိုတော့ စင်္ကာပူထိ သွားတက်နေဖို့ မလိုဘူးပေါ့၊ ဆေးလောကနဲ့တော့ ရင်းနှီးကျွမ်းဝင်လည်နေအောင် ခုကတည်းက ဆေးကုမ္ပဏီမှာ ဝင်လုပ်နေတာ"

"ကျွန်တော်လည်း ကိုယ်ပိုင် studio ကလေး ဖွင့်နိုင်အောင်တော့ ကြိုးစားပြီး ပိုက်ဆံစုနေတယ် သစ္စာ"

"ကောင်းတာပေါ့ . . . လူဆိုတာ ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတဲ့ ရည်မှန်းချက်ကလေးထားမှ ရုန်းကန်ကြိုးစားရတာ အဓိပ္ပာယ်ရှိတာ၊ လွယ်လွယ်ကူကူရတဲ့ အခွင့်အရေးရဲ့နောက်ကွယ်တိုင်းမှာ ပြန်ပြီး ပေးဆပ်ရတာတွေ ရှိတတ်တယ်၊ နေဦး . . . ဟန်းဆမ်း၊ ဟန်းဆမ်းကို တစ်ခုပြောမလို့၊ ကျွန်မသတိထားမိတာ ကြာပြီ၊ တစ်ပတ်လောက်တော့ ရှိတော့မယ်၊ အဲဒီ မာဆေးဒီး(စ်)ကား အနက်တစ်စင်းဟာ ကျွန်မတို့နောက်ကို လိုက်နေသလိုပဲ၊ ခပ်လှမ်းလှမ်းမှာ အမြဲ ရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်"

သစ္စာပြောသလို သူလည်း သတိထား ရိပ်မိနေခဲ့သည်။

"အဲဒါ မြကိုးရဲ့မေမေ ဒေါ်မုန်းမိမယ်တဲ့ သစ္စာ၊ သူ့သမီးနဲ့ မပတ်သက်ဖို့ ကျွန်တော့်ကို သူ လာပြီးတော့ စ,သတိပေးတာ၊ ကျွန်တော်က သူ့ကို အမြင်ကပ်ကပ်နဲ့ ရွဲ့ပြီး မြကိုးကို ချစ်သူတော်ပစ်လိုက်တယ်၊ အဲဒီအခါကျတော့လည်း သူက တစ်မျိုး၊ သူ့သမီးကို ထိခိုက်နာကျင်အောင် မလုပ်နဲ့တဲ့၊ ကျွန်တော်က လုပ်ခဲ့မိတယ်၊ သူက ခြိမ်းခြောက်တယ် . . .၊ ကျွန်တော့်ကို အသတ်ပဲတဲ့၊ ကျွန်တော်က ရော့သတ်လို့ ရင်ဘတ်ဖွင့်ပေးလိုက်တယ်၊ အဲဒီကတည်းက သူ မကြည်တာ၊ ကျွန်တော့်နောက်ကို တကောက်ကောက် လိုက်ချောင်းနေသလိုပဲ၊ ဆိုက်ကိုလိုလို ဘာလိုလိုနဲ့၊ ကျွန်တော် မကြောက်ပါဘူး၊ ဂရုလည်း မစိုက်ဘူး၊ သမီးရည်းစားပဲဗျာ . . . အခန့်မသင့်ရင် ပြတ်ကြမှာပေါ့၊ သူ့သမီးကို တစ်သက်လုံး ရိုးမြေကျ ချစ်ပါ့မယ်လို့ ကျွန်တော် သစ္စာဆိုထားခဲ့တာလည်း





မဟုတ်. . . ဘာဖြစ်ချင်မှန်းလည်း မသိဘူး"

"ကျွန်မ တစ်ခါမှ မတွေ့ဖူးပါဘူး . . . ဒီလို အမေမျိုးကို"

"ဒီဇိုင်းကတော့ အမိုက်စားပါပဲ . . . ဒါပေမယ့် နည်းနည်း ဂေါက်နေသလား မသိဘူး၊ သူ့သမီးကို ချစ်တာ အစွန်းရောက်နေသလိုပဲ"

သူ ကားထဲကို လှမ်းကြည့်ဖို့ ကြိုးစားသည်။ ဖိုတိုဂရေး အညိုရင့်ရင့်တွေကြောင့် လူရိပ် ခပ်ရိပ်ရိပ် ရေးရေးသာ မြင်ရသည်။ ဒါပေမယ့် အဲဒါ ဒေါ်မုန်းမိမယ်ဆိုတာကိုတော့ သူ ကောင်းကောင်းသိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကိုပြန်ပို့ပြီးချိန်ဆို အမှောင်ထုက တော်တော် သမ်းနေပြီ။ သူ ဘတ်(စ်)ကားဂိတ်ကို တစ်ယောက်တည်း လျှောက် လာခဲ့သည်။ ခါတိုင်းလည်း လျှောက်နေကျပါပဲ။ ဒီနေ့တော့ သူ့စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။ မကြာပါ . . . ကားမီးရောင် ဝင်းခနဲ စူးလက်သွားပြီး ကားတစ်စီး လမ်းသွယ်တစ်ခုထဲကနေ တရှိန်ထိုး မောင်းထွက်လာတာကို သူ မြင်ရသည်။ သူ့မျက်လုံးတွေ မီးရောင်ကြောင့် ပြာဝေစူးရှသွားကာ ရှောင်တိမ်းဖို့ ကစဉ့်ကလျား ကြိုးစားလိုက်သည်။ ကားက သူ့ကို မမြင်တော့တာလား . . . အရှိန်





မသတ်နိုင်တော့တာလား မသိ။ သူ့ဆီသို့ တန်းတန်းမတ်မတ်၊ သွေးရှူး သွေးတန်းကြီး ဝင်လာသည်။ သူ ရှောင်တော့ ရှောင်လိုက်မိတာပဲ။ သို့သော် . . . မလွတ်တော့။ မာကြောသော အရာတစ်ခုနှင့် ပြင်း ထန်စွာ တိုက်မိသော ဝေဒနာတစ်ခုကို ခံစားလိုက်ရကာ သူ အော် ဟစ်လိုက်မိသည် ထင်တာပဲ။ ကျန်တာ ဘာမှ မသိတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com



သူ သတိရလာတော့ ဆေးရုံပေါ်မှာ ရောက်နေပြီ။

"ကားတစ်စီးက တိုက်ပြီး မောင်းပြေးသွားတယ်လို့ ပြောတယ်၊ တိုက်သွားတဲ့ ကားကို မင်း မှတ်မိလား၊ ဥပမာ ကားအရောင်၊ အမျိုးအစား၊ နံပါတ်ပေါ့ . . ."

ရဲက သူ့ကို စစ်မေးတော့ သူ ခဏ ပြန်စဉ်းစားကြည့်သည်။ ခေါင်းနှင့် ကတ္တရာလမ်း ဆောင့်မိသည့်အရှိန်ကြောင့် သူ့ခေါင်း ကွဲသွားခဲ့သည်။ ပြီးတော့ ရင်ဘတ်ထဲမှာ စူးစူးရှရှ အောင့်မျက်နာကျင်နေသည်။ ပွန်းပဲ့ဒဏ်ရာတစ်ချို့ကလွဲလို့ သူ့ဒဏ်ရာတွေ





က မပြင်းထန်လှပါ။ သူ့အာရုံထဲ တန်းတန်းမတ်မတ် ဧင်လာခဲ့သည်က ဒေါ်မုန်းမိမယ်၏ကား ဖြစ်သည်။ ခုတလော သူ့နောက်ကနေ ရှဒိုးလိုက်နေတာဆိုလို့ ဒေါ်မုန်းမိမယ် ရှိနေသည်။ သူမကို သူ လုံးဝ သံသယရှိသည်။ ကားက လမ်းသွယ်တစ်ခုထဲကနေ ဝုန်းခနဲ မောင်းထွက်လာခဲ့တာ။ ဒါဟာ မတော်တဆ မဟုတ်။ သွေးရိုးသားရိုး မဟုတ်။ သူ့ကို ဒေါ်မုန်းမိမယ် သတ်ဖို့ တကယ်ပဲ ကြိုးစားခဲ့သလား။ ပထမတော့ သူ အဲဒီအမှုကို ကျေအေးရုတ်သိမ်းလိုက်ဖို့ စိတ်ကူးမိပါသေးသည်။ သို့သော် . . . သူ စိတ်ပြောင်းသွားသည်။ ဒေါ်မုန်းမိမယ်နှင့် ရင်ဆိုင်ချင်လာသည်။ သူမကို သူ မှတ်လောက်သားလောက်အောင် ပညာပေးချင်လာသည်။

"ကျွန်တော် သိပါတယ် . . . ကားက အနက်ရောင်၊ မာဆေးဒီး(စ်)ကားပါ၊ အဲဒီကား ကျွန်တော့်နောက်ကို အရိပ်လိုလိုက်နေတာ တစ်ပတ်လောက်ရှိပါပြီ၊ အဲဒီကားကို မောင်းတဲ့သူဟာ ဒေါ်မုန်းမိမယ်ဆိုတဲ့ အမျိုးသမီးပါ"

"သေချာရဲ့လား . . . မင်းက ဘာဖြစ်လို့ အပ်ချမတ်ချ ပြောနိုင်ရတာလဲ၊ အဲဒီ အမျိုးသမီးနဲ့ မင်းရဲ့ကြားမှာ ရန်ငြိုး



www.burmeseclassic.com

www.burmeseclassic.com



ရန်စ ရှိခဲ့လို့လား . . .”

“ကျွန်တော့်ဘက်ကတော့ မရှိပါဘူး . . .၊ သူ့ဘက်ကတော့ ကျွန်တော့်ကို မကျေနပ်တာ သေချာပါတယ်၊ ကျွန်တော်က သူ့သမီးရဲ့ ရည်းစားဟောင်းပါ၊ ကျွန်တော်နဲ့ ရှေ့ဆက် လက်တွဲဖို့ မဖြစ်နိုင်တော့လို့ ကျွန်တော့်ချစ်သူကို ကျွန်တော်ကစပြီး လမ်းခွဲခဲ့တာပါ”

ရဲအရာရှိက သူ့ဆီက စစ်ချက်တွေ ယူသွားခဲ့သည်။ သူ့စိတ်ထဲမှာ အဲဒါဟာ ဒေါ်မုန်းမိမယ်၏ လက်ချက်ပဲ ဟု . . . ဘာကြောင့်မှန်းမသိ သေချာနေခဲ့သည်။ သူမဘက်ကတော့ အသေပဲ . . . ဟု ယူဆခဲ့ပုံရသည်။ သူက ကံကောင်းထောက်မစွာ မသေဘဲ လွတ်မြောက်လာခဲ့သည်။ ဆေးရုံသို့ သစ္စာလည်းရောက်လာသည်။

“ကျွန်မစိတ်ထဲမှာလည်း ထင်တော့ ထင်နေမိသား ဟန်းဆမ်းရယ်၊ ဖြစ်မှ ဖြစ်ရလေ . . . ကံကောင်းလို့ပေါ့”

ဟု . . . စိုးရိမ်တကြီး မျက်နှာကလေးပေါ်က သံယောဇဉ်နှင့် တွယ်တာရိပ်ကို သူ အမှတ်မထင် ဖမ်းမိသွားခဲ့သည်။





အခွင့်အရေးယူတယ်ဟု ဆိုချင်လည်းဆိုတော့။ ခုအချိန်မှာ သူ့အတွက် အကောင်းဆုံးသော အခွင့်အရေးပဲ ဖြစ်သည်။ သစ္စာ၏ လက်ဖမိုးကလေးတစ်ဘက်ကို သူ လှမ်းဆွဲယူကာ ရင်ဘတ်မှာ ကပ်ထားမိတော့ သစ္စာက ချက်ချင်း ရုန်းထွက်မသွားပါ။ သူ သစ္စာ၏ မျက်ဝန်းတွေထဲ စိုက်ကြည့်မိလျက် . . .

“ကျွန်တော့်ဘေးမှာ အမြဲရှိနေပေးပါ သစ္စာရယ်၊ ကျွန်တော့်ကို ပွင့်လင်းခွင့်ပေးတော့နော်၊ ကျွန်တော် သစ္စာကို ချစ်တယ်”

ဟု . . . ခပ်တိုးတိုး ပြောလိုက်သည်။ သစ္စာက လက်ကို ရုန်းထွက်ကာ သူ့ကို မျက်စောင်းချီသည်။

“အဲဒါလား . . . ကားတိုက်ခံရတဲ့ လူနာ၊ မုန်းဖို့ ကောင်းလိုက်တာ”

ခပ်ဆောင့်ဆောင့်ပြောသံထဲမှာ ဒေါသမပါချေ။ သူ နည်းနည်းပျော်သွားသည်။ ပြီးတော့ သတ္တိလည်း ပိုရှိလာခဲ့သလိုပင်။

“မိန်းကလေးတွေ မုန်းဖို့ကောင်းလိုက်တာလို့ ပြောရင် ပြောင်းပြန်အဓိပ္ပာယ်ယူရတယ်တဲ့၊ အဲဒါ ဟုတ်လား သစ္စာ . . .”

“ဩော် . . . ဘယ်လိုဖြစ်နေသလဲ၊ ဆေးရုံပေါ်မှာ ဏက္ခြေ



www.burmeseclassic.com

www.burmeseclassic.com



လေး ဘာလေးများ ဆည်ပါဦး"

"ကျွန်တော် ဆေးရုံကဆင်းရင် ကျွန်တော့်ကို အဖြေပေး မလား သစ္စာ"

သစ္စာက ခေါင်းညိတ်တယ်ဆိုရုံကလေး ညိတ်ပြ ပါသည်။

"ကျွန်တော် မနက်ဖြန် ဆင်းတော့မှာ . . ."

ဟု . . . သူ ပြောလိုက်တော့ သစ္စာက သဘော ကျစွာ ခပ်တိုးတိုး ရယ်မောနေခဲ့ပါသည်။ အချစ်ဆိုတာ လွတ်လပ် ခြင်းတွေပါဝင်တဲ့ ပျော်ရွှင်ခြင်း . . . ဟု သူ နားလည်လိုက်ပါသည်။





သူ ဆေးရုံကနေဆင်းပြီးချိန်မှာ သစ္စာဆီက အဖြေရ သည်။ သူ့ကို ချစ်ပါတယ် . . . ဟု ရိုးရိုးကလေးပဲ အဖြေပေးခဲ့ခြင်း ဖြစ်သည်။ ရဲက သူ့ကို ခေါ်တွေ့ခဲ့ကာ အလွန် ထူးဆန်းသော သတင်းတစ်ခုကို ပြောပြခဲ့သည်။

"မင်းကို ကားနဲ့တိုက်ပြေးခဲ့တဲ့သူဟာ ဒေါ်မုန်းမိမယ်ဆိုတာ သေချာရဲ့လား မောင်ဟန်းဆမ်း . . . တစ်ခုခုတော့ အသေ အချာကို လွဲချော်နေပြီကွ"

"ကျွန်တော်တော့ သူ့ကိုပဲ သံသယဖြစ်ပါတယ်၊ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ကတည်းက သူ့ မာဆေးဒီး(စ်) အနက်နဲ့ ကျွန်တော့်နောက်ကို အရိပ်လို လိုက်ကြည့်နေခဲ့တာပါ"

"ဒေါ်မုန်းမိမယ်ကို မင်း ဘယ်နှကြိမ်လောက် ဆုံဖူးခဲ့သလဲ"

"လေးငါးခြောက်ကြိမ်လောက်တော့ ဆုံဖူးပါတယ်၊ နောက်ဆုံး တွေ့တဲ့အချိန်မှာ ကျွန်တော့်ကို သတ်ချင်တယ်လို့ ခြိမ်းခြောက်ခဲ့သေးတာ"

ရဲအရာရှိက သူ့ကို မျက်ခုံးပင့်ကာ အကြာကြီးပဲ စိုက်ကြည့်နေသည်။

"ကိုယ်တို့ ဒေါ်မုန်းမိမယ်နဲ့တွေ့ပြီး စစ်ဆေးဖို့ သူ့အိမ်ကို သွားတွေ့ခဲ့တယ်၊ ဒေါ်မုန်းမိမယ် ဆုံးခဲ့တာ ဆယ်နှစ်ကျော်ပြီ"

"ခင်ဗျာ . . ."

သူ့ဆံပင်တွေ ထောင်သွားခဲ့ကာ ကျောရိုးတစ်လျှောက် စိမ့်တက်သွားသော ခံစားချက်ကြီးနှင့်အတူ ကြက်သီးမွေးညင်းတွေတောင် ဖြာထ,သွားသည်။ သူ မယုံပါ . . .။

"မဖြစ်နိုင်ဘူး ထင်တယ် . . . ဆရာရယ်၊ ဒေါ်မုန်းမိမယ်နဲ့ ကျွန်တော် အကြိမ်ကြိမ် ဆုံခဲ့ဖူးတာပါ၊ စကားတွေလည်း





ပြောခဲ့ဖူးပါတယ်၊ သူ တကယ် ရှိတာပါ၊ တစ်ခုခုတော့ မှားနေပြီထင်တယ် ဆရာ၊ သူ့သမီးရော . . . မြကိုးသွယ် အသိဆုံး ဖြစ်မှာပေါ့"

"မြကိုးသွယ်က မင်းကားတိုက်ခံရပြီး နောက်တစ်နေ့ မနက်မှာ စက်ာပူထွက်သွားခဲ့တယ်တဲ့ . . .၊ သူတို့အိမ်က house-keeper အဒေါ်ကြီးကို ကိုယ် မေးပြီးပြီ၊ မြကိုးသွယ်ရဲ့ သူငယ်ချင်းတွေကိုလည်း ကိုယ်တွေ့ပြီး မေးခဲ့ပြီးပြီ၊ အားလုံးက ဖြေကြတာ တစ်ခုတည်းပဲ၊ မြကိုးသွယ်ရဲ့ မေမေ ဒေါ်မုန်းမိမယ် ဆုံးခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီ၊ သူ ဆယ့်လေးနှစ်သမီး အရွယ်ကတည်းက သူ့အမေ ဆုံးသွားခဲ့တာတဲ့၊ အဲဒီအိမ်မှာ မြကိုးသွယ်ရယ် . . . housekeeper အဒေါ်ကြီးရယ်ပဲ နေကြတာ"

"ကျွန်တော်တွေ့ဖူးတဲ့ ဒေါ်မုန်းမိမယ်ဟာ မြကိုးသွယ်နဲ့ တော်တော်လေးဆင်တယ် ဆရာ . . ."

"ကိုယ်တို့ မြကိုးသွယ်ကို အမြန်ပြန်လာဖို့ သူ့ သူငယ်ချင်းတွေကနေတဆင့် ပြန်ခေါ်ထားပါတယ်၊ မြကိုးသွယ်က



www.burmeseclassic.com

www.burmeseclassic.com




စက်ာပူကို တစ်နှစ်နှစ်ကြိမ် ဆေးစစ်ဖို့ သွားလေ့ရှိတယ်လို့ ပြောတယ်၊ သူ သွားရင် တစ်ယောက်တည်းပဲ၊ သူငယ်ချင်းတွေကို ခေါ်လေ့မရှိဘူးတဲ့၊ သူ ပြန်လာရင်တော့ သူ့ကို စစ်မေးရင် အဖြေတစ်ခုခု ထွက်မှာပါ"

ထိုပဟေဠိကို သူ ဘယ်လိုမှ အဖြေရှာလို့မရ။ မြကိုးမှာ အမွှာအစ်မတွေ ဘာတွေများ ရှိနိုင်သလား။ သူ သေသေချာချာကြီး ဆုံဆည်းခဲ့ရသော အမျိုးသမီးသည် သေဆုံးခဲ့တာ ကြာလှပြီဆိုတော့ အဲဒီ အမျိုးသမီးဟာ ဝိညာဉ်တွေ၊ သရဲ၊ တစ္ဆေတွေများလား . . .။ အာ . . . ဒါလည်း လုံးဝမဖြစ်နိုင်ပါ။ မြကိုးကိုယ်တိုင်က သူမ၏မေမေ သက်ရှိထင်ရှား ရှိနေခဲ့တဲ့အတိုင်း ပြောဆိုဆက်ဆံခဲ့တာပါ။ မြကိုး ဆုံပေးလို့ သူမနှင့် အိမ်မှာတောင် ဆုံခဲ့ရသေးတာ။ သူ အံ့ဩလွန်းနေတာမို့ Angel's Touch ဆီတောင် ရောက်ခဲ့မိသည်။ မြကိုး၏ သူငယ်ချင်းတွေဖြစ်သော မေမြန်မာနှင့် ပန်းသခင်တို့က သူ့ကိုတွေ့တော့ မျက်စိပျက် မျက်နှာပျက်နှင့် . . .

"ကိုဟန်းဆမ်း . . . ကားတိုက်ခံရလို့ဆို၊ ဘာမှ မဖြစ်ဘူးနော်၊ ကျွန်မတို့က အရမ်း စိုးရိမ်နေတာ၊ ရဲက လာမေးမှပဲ သိတယ်၊ မြကိုးတောင် မသိသေးဘူး၊ သူ စက်ာပူကို medical check up အတွက် ထွက်သွားတယ်"

"ကျွန်တော်တို့ကားနဲ့ တိုက်သွားတာ ဘယ်သူလို့ ထင်သလဲ. . . ခင်ဗျားတို့"

"အို . . . ဘယ်သိမလဲ . . . ရဲကတော့ မြကိုးမေမေ အကြောင်း လာစုံစမ်းသွားတယ်၊ မြကိုးမေမေက မြကိုး ဆယ့်လေးနှစ်သမီးလောက်ကတည်းက ကား accident ဖြစ်ပြီး ဆုံးသွားခဲ့တာ၊ မြကိုးရှေ့မှာပဲ မြကိုးမေမေ ပွဲချင်းပြီး ဆုံးသွားခဲ့တာပါ၊ မြကိုးက ဘာမှ သိပ် မထိခိုက်မိခဲ့ဘူး၊ ဒါပေမယ့် စိတ်တော့ တော်တော် ထိခိုက်ခဲ့တာ ကျွန်မတို့ အသိဆုံးပေါ့ . . .၊ မြကိုးက အရမ်းသနားစရာ ကောင်းတယ် . . . သိလား ကိုဟန်းဆမ်း၊ သူ့ဘဝမှာ သူ သိပ်ချစ်တဲ့ လူတွေက သူ့ကို စွန့်ခွါသွားတတ်ကြတယ်"

"ကျွန်တော့်ကို ကားနဲ့တိုက်ခဲ့တာ မြကိုး မေမေပဲဆိုရင် ခင်ဗျားတို့ ဘယ်လိုပြောမလဲ . . . ယုံနိုင်မလား"

"အို . . . မဖြစ်နိုင်တာ၊ ယုံနိုင်စရာမှ မရှိတာ၊ မြကိုး

www.burmeseclassic.com



မေမေကမှ မရှိတော့တဲ့ဥစ္စာ ... ဘယ်လိုဖြစ်နိုင်မှာလဲ၊ ကိုဟန်းဆမ်း နေလို့တော့ ကောင်းပါတယ်နော်”

သူမတို့ကပင် သူ့ကိုပြန်ပြီး မသင်္ကာသလို အကြည့်မျိုးနှင့် ကြည့်ကြသည်။

“ကျွန်တော် မြကိုးနဲ့ ချစ်သူတွေဖြစ်ခဲ့တဲ့အချိန်မှာလည်း မြကိုး မေမေနဲ့ ဆုံဖူးတယ်၊ နောက်ဆုံး ကျွန်တော်တို့ ကွဲသွားကြတော့လည်း သူ ကျွန်တော့်ကို လာခြိမ်းခြောက်တယ်၊ ကျွန်တော့်ကို ကားနဲ့ မတိုက်ခင် တစ်ပတ်လုံးလုံးလည်း ကျွန်တော့်နောက်ကနေ သူ့ကားနဲ့ ရှဲဒိုး လိုက်ကြည့်နေခဲ့တယ်၊ အဲဒါကို ခင်ဗျားတို့ ဘယ်လိုထင်လဲ”

“လုံးဝ မဖြစ်နိုင်ဘူး ... ရှင် တမင်သက်သက် လျှောက်ပြောနေတာ”

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ခါးခါးသည်းသည်းပင် ငြင်းဆန်နေကြသည်။

“မြကိုးကို story teller လို့ ခင်ဗျားတို့ ခေါ်လေ့ရှိတယ်နော်၊ ဟုတ်တယ်မှုလား ... မြကိုးမှာ ဘယ်လို ဗီဇ အကျင့်စရိုက်





မျိုး ရှိတတ်သလဲဆိုတာ ခင်ဗျားတို့ အသိဆုံးပဲ ဖြစ်မှာပေါ့၊ သူ လုပ်ကြံဇာတ်တွေကို ပိပိရိရိ ဖန်တီးတတ်ဖူးသလား”

“အို ... ကျွန်မတို့ မသိဘူး”

နှစ်ယောက်စလုံး ခေါင်းခါကြသည်။ သို့သော် သူတို့ တစ်ခုခုကို ဖုံးကွယ်လျှို့ဝှက်ဖို့ ကြိုးစားနေမှန်း သူ အလိုလို ရိပ်မိနေခဲ့ပါသည်။

“ကျွန်တော် မြကိုးကို သံသယဖြစ်လာတယ်၊ သူ ဘာရောဂါအတွက် ဒီအရွယ်ကလေးနဲ့ check-up မှန်မှန် သွားလုပ်နေရတာလဲ၊ ကျွန်တော်သိချင်တယ် ... ပြီးတော့ ... မြကိုး မရှိခင် မြကိုးရဲ့အခန်းကို ကျွန်တော် သေချာလိုက်ကြည့်ချင်တယ်၊ အဲဒါလေးတစ်ခုတော့ ခင်ဗျားတို့ ကျွန်တော့်ကို ကူညီပေးပါ၊ ကျွန်တော့်ဘက်ကိုလည်း စဉ်းစားပေးပါဗျာ၊ ကျွန်တော် အဖြစ်မှန်ကို တကယ်သိချင်လို့ပါ၊ ကျွန်တော် ချစ်ခဲ့ဖူးတဲ့ မိန်းကလေးဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ ကျွန်တော် သိချင်တယ် ... သိမှဖြစ်မယ်၊ အဖြစ်မှန်ကို သိခွင့်ရရင် ကားတိုက်ခံရမှုကို ကျွန်တော့်ဘက်က ကျေအေး



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါတယ်"

သူမတို့ မျက်လုံးတွေ အရောင်ပြောင်းလဲသွားကြသည်။ သူမတို့ တစ်ခုခုကို သိနေနှင့်ခဲ့ပြီးသား။ အဲဒါကို ဖုံးကွယ်လို့ ဝှက်ထားခဲ့ကြတာ . . . ဟု သူ ခံစားမိပါသည်။

"ကောင်းပြီလေ . . . ရှင် မြကိုးဒုက္ခရောက်အောင် မလုပ်ဘူးဆိုရင် ရှင်သိချင်တာကို ကျွန်မတို့ ကူညီပေးနိုင်ပါတယ်"

သူမတို့နှစ်ယောက်နှင့် လာတွေ့လိုက်တာ မှန်သွားပါသည်။ သိပ်မကြာခင်မှာ အဖြေတစ်ခုခုတော့ သူ သိခွင့်ရတော့မည်။





ပထမဆုံး ကားဂိုဒေါင်ထဲကို သူ အရင်ကြည့်သည်။ သူနှင့်မစိမ်းသော မာဆေးဒီး(စ်) အနက်ရောင်ကို ကားအစွပ် လွှမ်းခြုံထားခဲ့သည်။ ဒုတိယက . . . သူ့ကို မြကိုး မေမေခေါ်တွေ့ခဲ့သော မြကိုးမေမေ ဒေါ်မုန်းမိမယ်၏အခန်း။ ဟိုးအရင်က သူ လာတွေ့စဉ်ကအတိုင်းပင် အခင်းအကျင်း အပြင်အဆင်က မပြောင်းလဲပါ။ သူ စိတ်ဝင်စားသည်မှာ အခန်းနှစ်ခန်းကို ဆက်သွယ်ထားသော တံခါးချပ်တစ်ခု ဖြစ်သည်။ အဲဒီတံခါးချပ်ဆီကနေ ဒေါ်မုန်းမိမယ် ထွက်လာခဲ့တာကို သူ မှတ်မိနေခဲ့သည်။ အခုတော့ ထိုတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



သူ တွန်းဖွင့် ကြည့်လိုက်မိတော့ တစ်ဘက်မှာ အခန်းတစ်ခန်း . . .။ အဲဒီ အခန်းက မြကိုး၏အခန်းပဲ . . . ဟု မြင်တာနှင့်ပင် သိသာစေပါသည်။ သူ . . . မြကိုးမေမေနှင့် လာတွေ့တုန်းက မြကိုးက သူမ အခန်းထဲမှာပဲ စောင့်နေမည်ဟု ဆိုကာ ရှောင်နေခဲ့သည်။ အဲဒီ ဒေါ်မုန်းမိမယ်ဟာ မြကိုးပဲလား . . .။ ဘာကြောင့် မြကိုးက အဲဒီလို လုပ်ခဲ့ရတာလဲ . . .။ သူ နားမလည်နိုင်ပါ . . .။



# အခန်း ..... ၉




www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို မုန်းနေရတယ်ဆိုတာ ကင်န်ဆာ တစ်မျိုးကိုယ့်ရင်ထဲ ထည့်မိသလိုပါပဲသမီးရယ်...။ တစ်နေ့တစ်ခြား အမုန်းဆဲလ်တွေပွားပြီး ပျံ့လာ လေလေ၊ သမီး ခံရလေပဲ ။ အဲဒီ အမုန်း ဆဲလ်တွေကို တတ်နိုင်သလောက် ခွဲထုတ်ပစ်လိုက်၊ ကျန်တဲ့သမီးရဲ့ ဘဝသက်တမ်းမှာ စိတ်ချမ်းသာအောင်နေ၊ လူ တစ်ယောက်ကို အရမ်းကြီးလည်း မချစ်မိစေနဲ့၊ အရမ်းလည်း မမုန်းမိစေနဲ့သမီးရယ်...နော်။ သမီးကို မေမေ ဘယ်တော့မှ စိတ်ဆိုးတော့မှာ မဟုတ် ဘူး"





Hatred paralyzes life;
love releases it.
Hatred confuses life;
love harmonizes it.
Hatred darkens life;
love illuminates it.

Dr. Martin Luther King Jr.

အမုန်းတရားက ဘဝကို တုံ့ဆိုင်းစေတယ်၊
မေတ္တာက တုန့်ဆိုင်းမှုမှ လွတ်မြောက်စေတယ်။
အမုန်းတရားက ဘဝကို ကမောက်ကမ ဖြစ်စေတယ်၊
မေတ္တာကတော့ သဟဇာတ ဖြစ်စေတယ်။
အမုန်းတရားက ဘဝကို အမိုက်မှောင်ကျစေတယ်၊
မေတ္တာက အမှောင်ခွင်းပြီး အလင်းဆောင်ပါတယ်။

ဒေါက်တာ မာတင် လူသာကင်း ဂျူနီယာ





www.burmeseclassic.com

www.burmeseclassic.com

မိခင်တိုင်းဟာ

သမီးတွေရဲ့ရှေ့ကနေ မားမား ရပ်တည် ပေးနိုင်မယ့်

မဟာတံတိုင်းကြီးတွေပဲ မဟုတ် လား။ သမီး သူမကို

လိုအပ်နေသ၍တော့ သူမ အမြဲတမ်း မားမတ်ကြံ့ခိုင်စွာ

ရပ်တည်ပေးနေပါ မည်။ ထိုလူငယ်ကလေးက

တစ်ချိန်မှာ သမီးကို ထိခိုက်နာကျင်အောင် လုပ်ခဲ့တဲ့အခါ

သမီးကို ကာကွယ်ဖို့ သူမ အဆင်သင့် ပြင်ဆင်ထားပါသည်။

သူမ စိတ်လှုပ်ရှားစွာ မျှော်တလင့်လင့်

စောင့်စားနေခဲ့မိသည်။







"ကိုဟန်းဆမ်း သိထားသင့်သလောက် အနည်းအကျဉ်းတော့ ကျွန်မတို့ ပြောပြနိုင်ပါတယ်၊ ဒါပေမယ့် . . . အဲဒီအကြောင်း ကိုတော့ ကျေးဇူးပြုပြီး လျှို့ဝှက်ထားပေးစေချင်ပါတယ်၊ စက်ဘ်ပူကို မြကိုးတစ်ယောက်တည်း သွားတာမဟုတ်ပါဘူး၊ သူ့ကို စောင့်ရှောက်မယ့် အဖော် ပါ,ပါတယ်၊ သူ့ရဲ့ မိသားစု ရှေ့နေပါ၊ မြကိုးက ဟိုမှာ psychiatrist နဲ့ ပြနေရတာပါ၊ သူ့မှာ MPD လို့ခေါ်တဲ့ Multiple Personality Disorder လို့ခေါ်တဲ့ စိတ်ရောဂါတစ်မျိုး ရှိနေတယ်၊ ဘယ်အချိန်က



www.burmeseclassic.com

www.burmeseclassic.com



စ,ဖြစ်ခဲ့တာလည်း ဆိုတော့ သူ ဆယ့်လေးနှစ်သမီးအရွယ်မှာ ကား accident ဖြစ်ပြီး သူ့မျက်စိရှေ့မှာတင် သူ့မေမေ ဆုံးသွားခဲ့ကတည်းက သူ့စိတ်မှာ အကြီးအကျယ် trauma (ဒဏ်ရာ) ရသွားခဲ့တာပါ။ သူတို့ သားအမိက အရမ်း close ဖြစ်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် အရမ်း ချစ်ကြပြီး တပူးတွဲတွဲ နေလာခဲ့ကြတာဆိုတော့ အဲဒီ အဖြစ်အပျက်ကြီး ကို သူ လုံးဝ လက်မခံခဲ့ဘူး၊ သူ့စိတ်ကူးထဲမှာ သူ့မေမေ ရှိသေးတယ်လို့ပဲ စွဲထားတယ်၊ အဲဒီကနေ . . . သူတစ်ယောက်တည်းကနေ သူ့မေမေကို နောက်တစ်ကိုယ်အဖြစ် ခွဲထုတ်လာခဲ့တာပါ။ ကျွန်မတို့လည်း အဲဒါကို သိစ,က သူ့ကို အရမ်းသနားပြီး ဝိုင်းဂရုစိုက်ကြတယ်၊ ရှင်နဲ့ လမ်းခွဲလိုက်ရတော့လည်း သူ့မှာ ပိုပြီးတော့ စိတ်ဒဏ်ရာ ရခဲ့သေးတာပေါ့"

မေမြန်မာက သူ့ကို တိုးတိုးတိတ်တိတ် ရှင်းပြခဲ့ခြင်းဖြစ်သည်။ သူ တကယ် စိတ်မကောင်းမိပါ။ မြကိုးကို သူ့အပေါ် အလွန်ကောင်းနိုင်သော မိန်းကလေးတစ်ယောက် အဖြစ် ခုချိန်ထိ သူ လက်ခံထားမိတုန်း . . .။ မြကိုး၏ အချစ်တွေနှင့် သူ ခက်မတည့်ခဲ့ခြင်းဟာ မြကိုးအတွက် ဒဏ်ရာတွေပဲ ဖြစ်စေခဲ့သလား။ မြကိုးမှာ အဲဒီလို စိတ်ရောဂါတစ်မျိုး ရှိနေမှန်း သူ မသိခဲ့။ အရာရာသည် ပိပိရိရိ သေသေသပ်သပ် အကွက်ကျကျ။

"မြကိုးက သူ စိတ်ထိခိုက်နာကျင်တဲ့အခါတွေတိုင်း သူ့မေမေကို တမ်းတတတ်တယ်၊ အဲဒီအခါကျရင် သူ ကိုယ်တိုင်က ပျောက်ဆုံးသလို ဖြစ်သွားပြီး သူ့မေမေက ထင်ရှားပြီး လွှမ်းမိုးလာရော၊ ဒီကမ္ဘာပေါ်မှာ သူ့ကို မထိခိုက်အောင်၊ မနာကျင်အောင် ကာကွယ်ပေးနိုင်သူဆိုလို့ သူ့မေမေတစ်ယောက်ပဲ ရှိတယ်လို့ သူ ယုံကြည်ထားတာ"

"သူ့မေမေက သူ့ရဲ့ ကိုယ်ပွားပေါ့ . . . ကျွန်တော် နားလည်ပြီ၊ သူ ကျွန်တော့်ကို အဲဒီလောက်ထိ မုန်းသွားတာတော့ ကျွန်တော် တကယ် စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့ ရေစက်ပါသလောက်ပဲ လက်တွဲခွင့်ရခဲ့တာပါ။ ကျွန်တော် သူ့ကို သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး၊ ဒါပေမယ့် အခုတော့ ကျွန်တော်နဲ့သစ္စာ ချစ်သူတွေ ဖြစ်နေပါပြီ"

"ထားလိုက်ပါတော့လေ . . . အချိန်ကြာရင် သူ နေတတ်





www.burmeseclassic.com

www.burmeseclassic.com


သွားမှာပါ။ မြကိုးက ခံစားရင် အစွန်းရောက်အောင် ခံစား တတ်လွန်းတာတစ်ခုပဲ၊ သူကိုယ်သူ မထိန်း ချုပ်နိုင်ဘူးလေ၊ ကိုဟန်းဆမ်းကိုလည်း အရင်က ကျွန်မတို့ စိတ်ခုသလိုလို ဖြစ်မိပေမယ့် ခုလို စကားပြောခွင့် ရလိုက်တော့လည်း နား လည်ပါတယ်၊ ဖြစ်နိုင်ရင်တော့ မြကိုးနဲ့ မဆုံအောင် ရှောင်စေ ချင်တယ် . . .၊ လောလောဆယ် သူ ခံစားလို့ရနိုင်ဦးမှာ မဟုတ်ဘူး"

"သူ ပြန်လာတဲ့အခါ သူ့အကြောင်း ကျွန်တော် လာစုံ စမ်းခဲ့တာကို သူ မသိစေချင်ဘူး"

"စိတ်ချပါ . . . ကျွန်မတို့ကလည်း မပြောပါဘူး၊ သူ့ စိတ်ထဲ ရှင် မရှိတော့ဘူးလို့တောင် ထင်ချင် ထင်နေမှာ"

သူ မချိတရိ ပြုံးမိပါသည်။





"မေမေ သူ့ကို အသေတိုက်ခဲ့ပြီလားဟင် . . ."

သမီးက သူမကိုမေးတော့ သူမ ပြုံး၍ ခေါင်းညိတ် ပြလိုက်သည်။

"သူ မရှိတော့မှ သမီး စိတ်ချမ်းသာမှာမှလား၊ သမီးကို မေမေ ကာကွယ်ရမှာပေါ့၊ သမီး သူ့ကို မေ့ပစ်လိုက်တော့လေ၊ သမီးဘဝထဲကနေ သူ့ကို ထုတ်ဖယ်ပစ်လိုက်တော့ . . .၊ သူ မရှိတော့ဘူး . . . သေသွားပြီ၊ လူတစ်ယောက်ကို မုန်းနေ ရတယ်ဆိုတာ ကင်ဆာတစ်မျိုး ကိုယ့်ရင်ထဲ ထည့်မိသလို


www.burmeseclassic.com

www.burmeseclassic.com



ပါပဲ သမီးရယ် . . .၊ တစ်နေ့တစ်ခြား အမုန်းဆဲလ်တွေ ပွားပြီး ပျံ့လာလေလေ၊ သမီး ခံရလေပဲ . . . အဲဒီ အမုန်း ဆဲလ်တွေကို တတ်နိုင်သလောက် ခွဲထုတ်ပစ်လိုက်၊ ကျန်တဲ့ သမီးရဲ့ ဘဝသက်တမ်းမှာ စိတ်ချမ်းသာအောင်နေ . . .၊ လူတစ်ယောက်ကို အရမ်းကြီးလည်း မချစ်မိစေနဲ့၊ အရမ်း လည်း မမုန်းမိစေနဲ့ သမီးရယ် . . . နော်၊ သမီးကို မေမေ ဘယ်တော့မှ စိတ်ချတော့မှာ မဟုတ်ဘူး"

"စိတ်ချပါ မေမေ . . . သမီး ဘဝထဲမှာ သူ မရှိတော့ပါဘူး"

သမီး၏ လက်ကလေးတွေက သူမကို တင်းတင်း ကြပ်ကြပ်ကြီး ဖက်ပွေ့ထားဆဲ။





မြကိုး စင်္ကာပူကနေ ပြန်ရောက်လာတော့ ထုံးစံ အတိုင်း သူငယ်ချင်းတွေနှင့် Angel's Touch မှာ ဆုံဖြစ်သည်။

"နေကောင်းရဲ့လား မြကိုး . . ."

ဟု . . . မေက မေးလျှင် မြကိုးက မေ့ကို မျက် စောင်းကလေးချီလျက် . . .

"အားလုံး ကောင်းတယ် သယ်ရင်း . . . ကျွန်မကို လူနာ မေးသလို လာမေးမနေနဲ့၊ ဆရာဝန်နဲ့ အင်တာဗျူးတွေ အကြာကြီး ဖြေရတာကို စိတ်အညစ်ဆုံးပဲ၊ အခု လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီ၊ ဘာ interview မှ လာမေးမနေနဲ့ . . . ဟဲ့ . . . ရှင်တို့ သတင်းကြားပြီးပြီလား၊ ဟန်းဆမ်း ကားတိုက်ခံရလို့ သေသွားပြီဆို"

မေမြန်မာနှင့် ပန်းစကားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အင်း . . . ဟု သံရှည်ဆွဲလျက် ပြိုင်တူ ခေါင်းညိတ်ကြသည်။ မြကိုးက ဘာမှ မထိခိုက်မခံစားရသလို မျက်နှာကလေးဖြင့် sympathy ကဒ်ကလေးတစ်ခုပုံစံ လက်တန်းဆွဲခြစ်နေလိုက်သည်။ ခုအချိန်မှာ မြကိုးရင်ထဲ သူ့အတွက် ကြေကွဲနာကျင်နေမိသလားဆိုတာ မသေချာတော့ပါ။






ထိုနေ့က သူ့ရဲ့ ကိုယ်ပိုင် studio ကလေးတစ်ခု ဖွင့်ပွဲလုပ်ခဲ့ပါသည်။ ဒီ studio ကလေး ဖွင့်နိုင်ဖို့အတွက် သူ အကြာကြီးပဲ ပိုက်ဆံတွေ စုခဲ့ရသည်။ သူလုပ်ချင်သော ပုံစံအတိုင်း သပ်သပ်ရပ်ရပ်ကလေးတော့ ဖြစ်လာခဲ့သည်။ သစ္စာနှင့်တကွ မိတ်ဆွေတချို့နှင့် media တချို့ကို သူ ဖိတ်ခဲ့သည်။ သစ္စာနှင့် သူ၏ ချစ်သူသက်တမ်း တစ်နှစ်ကျော်ကျော်အကြာမှာ ဒီ studio ကလေးကို သူ စဖွင့်နိုင်ခဲ့ခြင်းဖြစ်သည်။ သစ္စာလည်း MBA ကျောင်း စ,တက်နေပြီ . . .။ ဘဝကို ရည်မှန်းချက်တွေဆီရောက်အောင်




www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကြိုးစားတည်ဆောက်နေခဲ့ကြသည်။ တောင်တက်သမားတစ်ယောက်လိုပေါ့။ မရပ်မနားတော့ သူတို့ ဆက်တက်နေကြဆဲ . . .။ တစ်ချိန်မှာတော့ သူတို့ တောင်ထိပ်ဆီ ရောက်ခွင့်ရကြလိမ့်မည် . . . ဟု ယုံကြည်ထားဆဲ . . .။

"မောင် . . . ပျော်နေတယ်မှုလား"

ဟု . . . သစ္စာက သူ့မျက်နှာကို ကြည့်လျက် ပြုံး၍ မေးသည်။

"ပျော်တာပေါ့ သည်းရယ် . . . ကိုယ့်နားမှာ မျှဝေခံစားပေးမယ့် ချစ်သူရှိတယ်၊ ကိုယ်ဖြစ်ချင်တဲ့ဘဝကို ကိုယ့်အစွမ်းအစနဲ့ ပုံဖော်ခွင့်ရတယ်၊ ကိုယ့်လောက် ပျော်နေတဲ့သူ၊ ဒီကမ္ဘာမှာ ရှိတော့မှာတောင် မဟုတ်တော့ဘူး . . ."

သူ သစ္စာ၏ လက်ကလေးတစ်ဘက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်ရင်း ပြန်ဖြေလိုက်သည်။

"ဒီဖွင့်ပွဲပြီးရင် ရှေ့နားက ဆိုင်လေးမှာ ကော်ဖီသွားသောက်ရအောင် မောင်ရယ် . . ."

"သွားလေ . . . ရတာပေါ့၊ ပွဲက ပြီးနေပါပြီ . . ."





ခဏကြာတော့ သူတို့နှစ်ယောက် studio နှင့် မျက်စောင်းထိုးကလေးမှာ ဖွင့်ထားသော ကော်ဖီဆိုင်ကလေးဆီမှာ အေးအေးဆေးဆေး လာထိုင်မိကြသည် . . .။ ကော်ဖီတွေမှာပြီး အေးအေးဆေးဆေး စကားပြောနေစဉ် ဆိုင်ထဲသို့ စုံတွဲတစ်တွဲ ဝင်လာတာကို သူက အမှတ်တမဲ့ လိုက်ကြည့်လိုက်မိသည်။ သူ့ မျက်ခုံးတွေ ပင့်သွားအောင်ပင် အံ့ဩမိသွားကာ . . .

"သစ္စာ . . . ချက်ချင်း လှည့်မကြည့်လိုက်နဲ့၊ ဟိုမှာ မြကိုးဗျာ . . . အတွဲအသစ်နဲ့"

သစ္စာက မသိမသာကလေး လှည့်ကြည့်ပါသည်။ မြကိုးက သူတို့ဘက်ကို မကြည့်ပါ . . .။ နံဘေးက ချစ်သူကို စကားတွေ ပြောနေသည်။ ကောင်လေးက သူတို့ထက် တော်တော်ငယ်မှာပါ။ ရုပ်ကလည်း အဖြောင့်စားထဲကပါပဲ။ ထုံးစံအတိုင်း မြကိုး ဆင်ယင်ပေးထားပုံရသော ဒီဇိုင်းတွေနှင့် တောက်ပသားနားနေဟန်ရှိသည် . . .။ သူကြည့်နေတုန်းမှာပဲ မြကိုးက ဗူးကလေးတစ်ဗူး . . . သူ့ကောင်လေး၏ မျက်နှာရှေ့သို့ ထိုးပေးပါသည်။

"မြကိုး . . . အရင်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် နှုတ်ဆက်ချင်ရင် သွားနှုတ်ဆက်နော်၊ သစ္စာကို အားမနာနဲ့၊ သစ္စာ နားလည်တယ်"

"အာ . . . ဘာဖြစ်လို့ သွားနှုတ်ဆက်ရမှာလဲကွာ၊ သူက ကိုယ့်ကို သေပြီလို့တောင် ထင်ထားပြီဥစ္စာ၊ သူ့ကို ဝေဒနာ အသစ်တွေလည်း မပေးချင်ပါဘူး . . . လာ သစ္စာ၊ သူ ကိုယ့်ကို မမြင်ခင် လစ်ရအောင်"

"အဲဒီလောက်တောင် ကြောက်တယ်ပေါ့လေ . . . "

ပိုက်ဆံရှင်းပြီး သစ္စာကို လက်ဆွဲကာ ဆိုင်ထဲကနေ ကပျာကရာ ထွက်လာခဲ့တော့ မြကိုးတို့နားက အဖြတ်မှာ မြကိုးက ဗူးထဲက စိန်တစ်ပွင့်နားကပ်ကလေးကို ထိုကောင်လေးရဲ့နားမှာ သူမကိုယ်တိုင် တပ်ဆင်ပေးနေတာကို မြင်ဖြစ်အောင် မြင်ခဲ့ရ သေးသည်။ မြကိုး၏ မျက်လုံးများက ထို စိန်ပွင့်ကလေးနှင့်အပြိုင် ဖြိုးဖျပ်ရွှန်းပလို့ . . .။ မြကိုး ပျော်ရွှင် စိတ်ချမ်းသာနေတယ်ဆိုလျှင် သူ တကယ် ကျေနပ်ပါသည်။ တစ်ချိန်က ချစ်သူဖြစ်ခဲ့ဖူးသော . . . စိတ်ရောဂါတစ်ခု ခံစားနေရသော . . . အချစ်နဲ့ ပတ်သက်လာလျှင် သိပ်ကိုးကွယ်တတ်လွန်းသော . . . ပိုင်စိုးနှောင်ဖွဲ့ပေးဆပ်တတ်လွန်း





သော မိန်းကလေးတစ်ယောက်အဖြစ် သူ့ဘဝ၏ အခန်းကဏ္ဍတစ်ခု မှာ သူ သိမ်းဆည်းထားခဲ့ပါသည် . . . .။ မြကိုး သူ့ကို မေ့သွား မည်ဆိုလျှင်လည်း သူ ကျေနပ်သည်။ အနည်းဆုံးတော့ ဒေါ်မုန်းမိ မယ်တစ်ယောက် သူ့အနောက်ကနေ တကောက်ကောက် ရှဲဒိုး လိုက်မလာတော့ဘူးပေါ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



မြကိုးက ရောင်စဥ့်နားက နားကပ်ကလေးကို လက်ညှိုးကလေးနဲ့ ထိတို့လိုက်ရင်း . . .

"အဲဒါ မေမေ့ရဲ့ စိန်နားကပ် သိလား ရောင်စဉ် . . . မေမေက ရောင်စဉ်နဲ့ နှစ်ယောက်တည်း တွေ့ချင်တယ်လို့ ပြောနေတယ်၊ ဒီ စနေနေ့ လိုက်တွေ့နော်၊ မေမေနဲ့ တွေ့ရင် အသာလေး အလိုက်သင့်သာ ဆက်ဆံလိုက်၊ မေမေက မြကိုးကို အရမ်းချစ်တယ်၊ မြကိုး ချစ်တဲ့သူကိုလည်း မေမေက ချစ်ပြီးသားပါ၊ မေမေနဲ့သာ အတိုက်အခံ မလုပ်မိစေနဲ့ . . .



BURMESE CLASSIC .com



သိလား"

ဟု . . . မေမေ့အကြောင်း တခမ်းတနား ပြောပြနေသည်။ ရောင်စဉ်က မြကိုး၏ အချစ်တွေနှင့် ထိုက်တန်သောသူတစ်ယောက်ဟု ဆိုချင်သည်။ မြကိုးပေးသမျှ အချစ်တွေကို သူလက်ခံသည်။ ပြီးတော့ မြကိုးလိုသလောက် အချစ်တွေကို သူပြန်ပေးနိုင်စွမ်းရှိသည်။ မြကိုး တည်ဆောက်ပုံဖော်ပေးထားသော ဘဝထဲမှာ သူ ကျေနပ်ပျော်ရွှင်သည်။ ရောင်စဥ့်ကို စ,တွေ့တုန်းက-သူက Model ပေါက်စ,ကလေး။ အစိမ်းအရိုင်းသက်သက်ကလေး ဖြစ်သည်။ မော်ဒယ်လ်သင်တန်း တက်နေတုန်းပဲ ဖြစ်သည်။ သူကစပြီး မြကိုးကို စိတ်ဝင်တစား လိုက်ခဲ့ခြင်းလည်း ဖြစ်သည်။ မြကိုး၏ နှလုံးသားက အနာကျက်စ, ပြုခဲ့ပြီမို့ အချစ်သစ်တစ်ခုကို ထပ်ပြီး ခံစားကြည့်ဖို့ အထိုက်အလျောက် အဆင်သင့် ဖြစ်ခဲ့ပြီ . . .။ ရောင်စဥ့်ကို မြကိုး ပြန်ချစ်ကြည့်ဖို့ ကြိုးစားခဲ့ပါသည်။ မေမေကလည်း ခွင့်ပြုသည်။ ရောင်စဥ့်ဘဝကလေးကို ကျောက်ရိုင်းတုံးကလေး ဘဝကနေ၊ အရောင်အသွေးတွေ တောက်ပလက်ဖြာလာစေဖို့ . . . အစစအရာရာ မြကိုး တာဝန်ယူဖြည့်ဆည်းပေးခဲ့သည်။ ရောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်သလဲ . . . မော်ဒယ်လ်အဖြစ် ကျော်ကြားချင်သလား။ ကြော်ငြာတွေ ရိုက်ချင်သလား။ ပြိုင်ပွဲတွေ ဝင်ချင်သလား။ မြကိုးက ရှေ့ကနေ ဦးဆောင်ပြီး စီစဉ်ပေးရမြဲ . . .။ မြကိုးမှာ အသိမိတ်ဆွေတွေ၊ အဆက်အသွယ်တွေ အများကြီးပဲ ရှိပြီးသား။ ရောင်စဉ်က လိမ္မာပါးနပ်သူကလေးလည်း ဖြစ်သည်။

"တစ်ခုတော့ ပြောထားမယ် ရောင်စဉ် . . . မြကိုးကို ဘယ်တော့မှ လှေခါးထစ်တစ်ခုလို နင်းပြီး တက်သွားဖို့ မကြိုးစားပါနဲ့၊ မြကိုးကို ထိခိုက်နာကျင်အောင် ကစားဖို့ မစဉ်းစားမိပါစေနဲ့ . . ."

ဟု . . . မြကိုးက ပြောလျှင် သူက မြကိုး ကျေနပ်စေလောက်သော ကတိမျိုးကို ပေးဖို့ ဝန်မလေးတတ်ပါ။

"မရယ် . . . 'မ'က ကျွန်တော့်ရဲ့ ဘဝပါ"

တဲ့လေ . . .။ ထိုအခါ ပြီးပြည့်စုံ ငြိမ်းချမ်းသော ချစ်ခြင်းတို့ထံ၌ မြကိုး ကျဆုံးပျော်ဝင်ရတော့လေသည်။ အချစ်မှာ ကိုယ်ကပေးသလောက် များများပြန်လိုချင်တတ်တာ သဘာဝပဲလေ. . .။ မေမေကတော့ ဆိုမည် . . .။





"သမီး . . . အချစ်ကို ကိုးကွယ်ပြန်ပြီနော်"

ဟု . . .။ ဟုတ်ကဲ့ . . . မြကိုးသွယ်က အရမ်းလည်း ချစ်တတ်သလို အချစ်ကိုလည်း ကိုးကွယ်လွန်းပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"သမီး သူ့ကိုချစ်တယ် မေမေ . . .၊ မေမေ သူနဲ့ တွေ့လိုက်ပါနော်"

ဟု . . . သမီးက ပြောလာသောအခါ သူမ သမီးကို မတားရက်ပြန်ပါ။ သမီးချစ်တဲ့သူကို သူမ လိုက်ချစ်ပေးဖို့၊ သမီး မုန်းသွားတဲ့အခါ သူမ လိုက်မုန်းပေးဖို့သာ အဆင်သင့်ရှိသည်။ ပိုးကလေးလို ဥကာ အရိပ်တကြည့်ကြည့် ချစ်မြတ်နိုးရပါသော သမီးလေး၏ ပျော်ရွှင်စိတ်ချမ်းသာမှုသည်သာ သူမအတွက် အဓိကဖြစ်သည် . . .။ မိခင်တိုင်းဟာ သမီးတွေရဲ့ ရှေ့ကနေ





မားမားရပ်တည်ပေးနိုင်မယ့် မဟာတံတိုင်းကြီးတွေပဲ မဟုတ်လား။ သမီး သူမကို လိုအပ်နေသ၍တော့ သူမ အမြဲတမ်း မားမတ်ကြံ့ခိုင်စွာ ရပ်တည်ပေးနေပါမည် . . .။ ထိုလူငယ်ကလေးက တစ်ချိန်မှာ သမီးကို ထိခိုက်နာကျင်အောင် လုပ်ခဲ့တဲ့အခါ သမီးကို ကာကွယ်ဖို့ သူမ အဆင်သင့် ပြင်ဆင်ထားပါသည်။ သူမ စိတ်လှုပ်ရှားစွာ မျှော်တလင့်လင့် စောင့်စားနေခဲ့မိသည်။

ခဏအကြာမှာ သမီးရဲ့ ချစ်သူအသစ်ကလေးနှင့် သူမ ဆုံတွေ့မိကြသည် . . .။ ကောင်လေးက ရည်ရည်မွန်မွန်ပါပဲ . . .။ သူမ ပြုံးပြကာ လက်ကမ်းပေးလိုက်သည်။

"မင်းက ရောင်စဉ်နော် . . . အန်တီက မြကိုးသွယ်ရဲ့ မေမေ မုန်းမိမယ်ပါ . . ."




www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ ...

မေတ္တာအားဖြင့် ...



လွန်းထားထား (ဆေးတက္ကသိုလ်)

**23.09.09**

ဆရာမလွန်းထားထား (ဆေးတက္ကသိုလ်)အား ဝေဖန်အကြံပြုလိုပါလျှင်
malunhtarhtar@googlemail.com သို့ ဆက်သွယ်နိုင်ပါသည်။



BURMESE CLASSIC .com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

ထုတ်ဝေပြီး လုံးချင်းဝတ္ထုများ



www.burmeseclassic.com